# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်ထုတ်ဝေသည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ အင်္ဂါနေ့။ | Tuesday, 15 December 2020 | ၁၀၂၂၇


## အပြန်အလှန်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အမျိုးသားညီညွတ်ရေးကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ကာ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ပြည်သူ့အင်အားဖြင့် မလွဲမသွေ တည်ဆောက်နိုင်မည်ဟု ယုံကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က
(၄၆)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့
ပေးပို့သည့်သဝဏ်လွှာ
၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်

ချစ်ကြည်လေးစားအပ်ပါသော ရခိုင်တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား -

ယနေ့ကျရောက်သည့် (၄၆)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့၊ နေ့ထူးနေ့မြတ် အခါသမယတွင် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းနှင့်ပြည်နယ်များ သတ်မှတ်ပြဋ္ဌာန်းရာတွင် ရခိုင်ပြည်နယ်ကို ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်၍ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပခဲ့သည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး၊ ၁၉၇၅ ခုနှစ်မှစတင်၍ ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၆)ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်ပါသည်။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းရွက်ရချိန်မှစ၍ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းကာ ရခိုင်ပြည်နယ်အရေးကိစ္စများကို ရေတို၊ ရေရှည်နည်းလမ်းများဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုစီမံကိန်းဖြစ်သည့် လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီကို ဖွဲ့စည်းကာ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးတို့ကိုလည်း လုပ်ငန်းစီမံချက်များချမှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ကြေးမုံ ယနေ့ ဖတ်စရာ

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**
စာမျက်နှာ » ၅

**နှစ်(၁၀၀)ပြည့် သက်တော်ရှည် မိခင်ကြီး "မြို့မ"**
ဆောင်းပါး စာမျက်နှာ » ၆

**ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့က ဘရက်ဆစ်အလွန် ကုန်သွယ်ရေးဆွေးနွေးပွဲများကို ဆက်လက်လုပ်ဆောင်ရန် သဘောတူညီ**
စာမျက်နှာ » ၁၂

**လေးနှစ်တာတက္ကသိုလ်မှာ ကြုံဆုံခဲ့ရ ဘဝအစ**
စာမျက်နှာ » ၂၀


## ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၄

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၂၀ နှင့် မလေးရှားနိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီးဖြစ်သည့် မြန်မာနိုင်ငံသား ၄၇ ဦးပါဝင်သည့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၆၇ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။


စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ❖



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ရာသီဥတုပြောင်းလဲမှုတုံ့ပြန်ရေးတွင်ပါဝင်

ကုလသမဂ္ဂ၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က ချီလီနှင့်အီတလီတို့နှင့် မိတ်ဖက်ပူးပေါင်း၍ ပါရီသဘောတူညီချက် (၅) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အွန်လိုင်းစနစ်ဖြင့်ကျင်းပခဲ့သည့် Climate Ambition Summit ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီဒီယိုဖြင့် မိန့်ခွန်းတစ်ရပ်ပြောကြားပြီး ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ ကတိကဝတ်များကို ကြေညာခဲ့သည်။

ကမ္ဘာ့နိုင်ငံများသည် ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများကို ယနေ့ကြုံတွေ့နေရသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် ကမ္ဘာ့အပူချိန်မှာ နှစ်စဉ်မြင့်တက်နေပြီး မိုးခေါင်ခြင်း၊ မြေအောက်ရေများ ခန်းခြောက်လာခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ တိမ်ကောပျောက်ကွယ်လာခြင်း၊ မြေဆီလွှာ ခန်းခြောက်လာခြင်းသာမက ရေကြီး၊ ရေလျှံဖြစ်စဉ်များ၊ ရေခဲတောင်များ အရည်ပျော်လာမှုများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုများအပြင် မုန်တိုင်း၊ လျှော၊ တောမီး၊ မီးတောင်စသည့် သဘာဝဘေးအန္တရာယ် ဆိုးကျိုးများစွာတို့၏ ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့နေရသည်။

ယခုအခါ မမျှော်လင့်ဘဲကြုံတွေ့နေရသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါ ကိုဗစ်-၁၉ ရောဂါကို တစ်ကမ္ဘာလုံးရင်ဆိုင်ကြုံတွေ့နေရပြီး သဘာဝဘေးအန္တရာယ်များကိုလည်း နှစ်စဉ်နှစ်တိုင်း အမျိုးမျိုးကြုံတွေ့နေရသည်။ ထိုကဲ့သို့ ကပ်ရောဂါဘေး၊ သဘာဝဘေး စသည့်ဘေးအမျိုးမျိုးတို့နှင့်ကြုံတွေ့နေကြရသောကြောင့် လူသားများ ထိခိုက်နစ်နာဆုံးရှုံးမှုများ မြင့်မားလာခဲ့သည်။ ဘေးအမျိုးမျိုးဖြစ်ပေါ်နေသောကြောင့် စားနပ်ရိက္ခာနှင့် ကုန်ထုတ်လုပ်မှုပုံစံများလည်း အနုတ်လက္ခဏာများအဖြစ် ပြောင်းလဲဖြစ်ပေါ်နေသည်။ ကပ်ဘေးအမျိုးမျိုးတို့သည် အစဉ်အမြဲရှိနေမည်ဖြစ်၍ မျက်မှောက်နှင့် အနာဂတ်ကာလတွင် နိုင်ငံများသည် ပတ်ဝန်းကျင်နှင့်ဆိုင်ရာတို့ကို သတိမူပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှု နောက်ဆက်တွဲဆိုးကျိုးများအား ဆိုးဆိုးရွားရွားခံစားနေရသော ကမ္ဘာပေါ်ရှိ နိုင်ငံ ၁၀ နိုင်ငံ စာရင်းတွင် မြန်မာနိုင်ငံလည်းပါဝင်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေး အစီအမံများရေးဆွဲပြီး ပါဝင်ဆောင်ရွက်နိုင်ရန် ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ဖြေရှင်းရေးနှင့် ပါရီသဘောတူညီချက် အကောင်အထည်ဖော်ရေးတို့အတွက် ကတိကဝတ်သစ်များ ကြေညာခဲ့သည်။

မြန်မာနိုင်ငံသည် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာ အစီအစဉ်အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ပါဝင်မှုအချိုးကို ၃၉ ရာခိုင်နှုန်းတိုးမြှင့်ခြင်းနှင့် သစ်တောကဏ္ဍမှ ကာဗွန်အသားတင်ထုတ်လွှတ်မှုကို ၂၅ ရာခိုင်နှုန်း လျှော့ချခြင်းတို့မှတစ်ဆင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏ တန်ချိန်ပေါင်း ၂၄၃ သန်း လျှော့ချရန် မျှော်မှန်းထားသည်။ ကာဗွန်စုပ်ယူမှုမြှင့်တင်ရေးအတွက် နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် တိုးမြှင့်သတ်မှတ်ရေးကို နိုင်ငံအဆင့် ရည်မှန်းချက်များ ချမှတ်ထားသည်။

စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးအတွက် ၂၀၃၀ ပြည့်နှစ်နောက်ဆုံးထား၍ လူနေအိမ်ရာများတွင် ၇ ဒသမ ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ကုန်သွယ်စီးပွားကဏ္ဍတွင် ၄ ရာခိုင်နှုန်းနှင့် အခြားကဏ္ဍများတွင် ၁ ဒသမ ၃၆ ရာခိုင်နှုန်း တိုးမြှင့်ဖော်ဆောင်သွားရန် ရည်မှန်းထားပြီး ၂၀၂၂-၂၀၃၀ ကာလအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုတန်ချိန်ပေါင်း ၅ ဒသမ ၉၉ သန်းနီးပါး လျှော့ချနိုင်ရေးအတွက် ထင်းသုံးစွဲမှုလျှော့နည်းသည့် စွမ်းအားမြှင့်မီးဖို ၅ ဒသမ ၁ သန်း ဖြန့်ဖြူးသွားရန် စီစဉ်ထားသည်။

မြန်မာနိုင်ငံသည် ထွန်းသစ်စနိုင်ငံအဖြစ် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် တစ်ကမ္ဘာလုံးနှင့်အတူ ကပ်ရောဂါဘေးကို ရင်ဆိုင်ကြုံတွေ့ကျော်လွှားနေပြီး နှစ်စဉ်ကြုံတွေ့နေရသော သဘာဝဘေးအမျိုးမျိုးကိုလည်း ရင်ဆိုင်ကြုံတွေ့ကျော်လွှားနေရသည်။ သို့ဖြစ်ရာ အနာဂတ်ကာလတွင် လူသားများအား ဆိုးကျိုးများ ပိုမိုပေးလာနိုင်သည့် သဘာဝပြောင်းလဲမှုဖြစ်စဉ်များကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်မှ လျာထားသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီအမံများ အောင်မြင်ထမြောက်အောင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

## ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၁၆၈ ဦးနှင့် ပြည်တွင်းအလုပ်နေရာ ၉၈၇၄ ဦး ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၈၉၃ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၈၉၈၁ ဦး စုစုပေါင်း ၉၈၇၄ ဦးကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့သည်။

ထို့အတူ နိုဝင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ၃၀၊ ဂျပန်နိုင်ငံသို့ ၁၁၃၈ ဦး စုစုပေါင်း ၁၁၆၈ ဦးကို အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးရဲကျော်မြ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးဝဏ္ဏဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) | ဦးမောင်မောင်သန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>ပြည်ထောင်စုဝန်ကြီးရုံး<br>(အလုပ်သမားရေးရာဆိုင်ရာ)<br>အလုပ်သမား၊<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

## ပုဏ္ဏားကျွန်းမြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ)လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန စစ်တွေခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်တင်စောသည် ယမန်နေ့က စစ်တွေခရိုင်အတွင်းရှိ ပုဏ္ဏားကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ရုံးလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် ရုံးအင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရေးတို့ကို ပုံမှန်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးသည် စစ်တွေမြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ)ကျေးရွာများဖြစ်သည့် အမြင့်ကျွန်းကျေးရွာနှင့် ပါဒလိတ်ကျေးရွာများရှိ ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံပြီး အတိုး/အရင်း ပုံမှန်ပေးသွင်းစေရေး၊ စာရင်းဇယားများ မှန်ကန်စေရေးတို့ကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄-၁၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ ‌ရောင်းရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၁,၀၃၀ | ၁၀,၁၂၄,၆၀၀ |
| MTSH | ၃,၆၅၀ | ၃,၇၀၀ | ၃,၅၈၇ | ၁၃,၂၀၇,၂၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၀ | ၈၄,၀၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၂,၀၀၇ | ၄၅,၁၅၇,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၁၁ | ၃၀၅,၂၅၀ |
| EFR | ၃,၇၀၀ | ၃,၆၅၀ | ၁၂၄ | ၄၅၆,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၄

ရန်ကုန်(ရွှေဈေး) ၁၃၁၇၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၇၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၄၅ ကျပ် | ၆၄၀/၆၅၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၇၀/၆၃၅ ကျပ် | ၆၂၅/၆၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၇၅/၇၀၅ ကျပ် | ၇၄၅/၇၆၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၄၅/၅၉၅ ကျပ် | ၆၂၀/၆၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၇၀/၅၇၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၅၈၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၆၀/၅၆၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၃.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၈.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၉.၉၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၅.၆၆၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၈.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၇၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၉.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၀.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၂.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၉၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီး

ပြည်ထောင်စုဆိုတဲ့ ဝေါဟာရဟာ အင်မတန်မှ လှပပါတယ်။ အင်မတန်မှ တင့်တယ်ပါတယ်။ ကျွန်မတို့ ဒီဝေါဟာရကို ချစ်ခင်မြတ်နိုးတန်ဖိုးထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်စုကြီးလို့ အဓိပ္ပာယ်ဖြစ်ပါတယ်။ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ နိုင်ငံဆိုတာဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီးတစ်ခုဆိုတာဟာ စုပေါင်းထူထောင်ထားခြင်းမရှိတဲ့ တိုင်းပြည်တွေနဲ့ မတူပါဘူး။ ကျွန်မတို့မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်းပြီးမှ ပြည်ထောင်စုတစ်ခုကို ထူထောင်နိုင်မှာဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၁၅-၁-၂၀၂၀) ရက်နေ့တွင် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပြောကြားသည့် နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)



မြန်မာ့ရိုးရာ ဦးရွှေရိုး ဒေါ်မိုးအက။

ဓာတ်ပုံ - ဇော်မောင်မောင်ဦး(စန္ဒကူး)

☆ ရှေ့ဖုံးမှ

ကဏ္ဍများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးကာ ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များအား ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်း မြို့ပြနှင့်ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်သွယ်ပေးမည့် အရှည်ပေ ၁၃၂၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ဂွချောင်းတံတားတည်ဆောက်ရေးဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၅၅ ရာခိုင်နှုန်းကျော်မှာ နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ကြပြီဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်မှုချောမွေ့ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရေးအတွက် နိုင်လွန်ကတ္တရာလမ်း ၁.၈ ကီလိုမီတာ၊ ကတ္တရာကွန်ကရစ်လမ်း ၅.၄ ကီလိုမီတာ၊ ကွန်ကရစ်လမ်း ၁၅၈.၃၅ ကီလိုမီတာ၊ ကတ္တရာလမ်း ၂၃၅.၀၇ ကီလိုမီတာ၊ ကျောက်ချောလမ်း ၁၆၆.၆၂ ကီလိုမီတာ၊ မြေသားလမ်းနှင့် အမာခံလမ်း ၁၇၇.၁၀၉ ကီလိုမီတာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဒေသခံပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် လျှိုပိတ်ဆည် ၁၅ ခုကို ငွေကျပ်သန်းပေါင်း ၅၆၇၁.၀၀ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး ကျေးရွာပေါင်း ၂၈ ခုရှိ အိမ်ထောင်စု ၁၈၄၅၇ စု၊ လူဦးရေ ၈၄၂၇၉ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ရေဘေးကာကွယ်ရေးနှင့် စိုက်ပျိုးမြေအတွင်း ဒီရေဝင်ရောက်မှုမရှိစေရေးတို့အတွက် တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းပေါင်း ၉၇ ခုအား ကျပ်သန်းပေါင်း ၁၂၄၂၅.၀၄၇ သန်း ကျခံဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးမြေဧက ၅၈၀၉၀ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်း စစ်တွေခရိုင်၊ မောင်တောခရိုင်၊ မြောက်ဦးခရိုင်၊ ကျောက်ဖြူခရိုင်များရှိ တိုက်ပွဲရှောင်ပြည်သူများအား ၁-၁၀-၂၀၁၉ မှ ၃၀-၉-၂၀၂၀ အထိ ဆန်၊ ဆီ၊ ပဲ၊ ဆား စသည့်ရိက္ခာတန်ဖိုး ငွေကျပ် ၃.၇၃၉ ဘီလီယံကျော် ထောက်ပံ့ပေးခဲ့ပါသည်။ ထို့အပြင် တိုက်ပွဲရှောင်ပြည်သူများ ယာယီခိုလှုံနိုင်ရေးအတွက် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မြေပုံစသည့် မြို့နယ် ၇ ခု၌ ယာယီခိုလှုံရာစခန်း ၈ ခုကို ကျပ် ၂.၀၃၇ ဘီလီယံ အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်ပြီး အမ်းမြို့နယ်၌ ယာယီခိုလှုံရာစခန်း ၁ ခုကို ကျပ် ၂၃၃.၄၅၀ သန်း အကုန်အကျခံ၍ တည်ဆောက်လျက်ရှိပါသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌(COVID-19) ကူးစက်ပြန့်ပွားမှုကို ရင်ဆိုင်နေရသည့် အချိန်ကာလဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံသည်လည်း အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့အသိစိတ်နှင့် ကျရာကဏ္ဍအသီးသီးတွင် ပံ့ပိုးကူညီဆောင်ရွက်နေသူများအားလည်းကောင်း၊ ကျန်းမာရေး အသိပညာပေး နှိုးဆော်ချက်များကို တိကျစွာလိုက်နာကြသည့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအပါအဝင် တစ်နိုင်ငံလုံးရှိ မိဘပြည်သူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

ရခိုင်ပြည်နယ်အတွင်း (COVID-19) ကပ်ရောဂါဖြစ်ပွားနေချိန်ကာလ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုများအား ပြည်ထောင်စုမှ အခြေခံစားသောက်ကုန် ပစ္စည်း ၅ မျိုးအပါအဝင် ငွေသားထောက်ပံ့ခြင်းအတွက် ငွေကျပ် ၃၃ ဘီလီယံကျော်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်ရိက္ခာအပါအဝင် ငွေသားထောက်ပံ့ခြင်းအတွက် ငွေကျပ် ၂.၂၉ ဘီလီယံကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများကို လေးကြိမ်တိုင်ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၀ အလွန်ဆက်လက်လျှောက်လှမ်းမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများ သဘောတူညီနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း အပြန်အလှန်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အမျိုးသားညီညွတ်ရေးကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ကာ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ပြည်သူ့အင်အားဖြင့် မလွဲမသွေတည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။

ထိုသို့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် အခြေအနေကောင်းများရရှိနေသည့်အချိန်တွင် ယခင် ဆယ်စုနှစ်ပေါင်းများစွာ အေးချမ်းတည်ငြိမ်ခဲ့သည့် ရခိုင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ တစ်ဖန် ဖြစ်ပွားနေသည်မှာ များစွာစိတ်မကောင်းဖွယ်ရာဖြစ်ပါသည်။ ရခိုင်ပြည်နယ်သည် ဆန်၊ ရေ၊ စပါး၊ သား၊ ငါးနှင့် သယံဇာတများ ပေါများကြွယ်ဝသော်လည်း မြန်မာနိုင်ငံ၏ အခြားတိုင်းဒေသကြီး/ပြည်နယ်များနည်းတူ ဘက်စုံဖွံ့ဖြိုးရန် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များရှိနေဆဲကာလတွင် လက်နက်ကိုင်ပဋိပက္ခကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ များစွာနှောင့်နှေးရသလို ဒေသခံပြည်သူအချို့မှာ မိမိတို့ဒေသတွင်ပင် ဆက်လက်နေထိုင်ရန်ခက်ခဲသည့်အတွက် စစ်ဘေးရှောင်များဖြစ်နေရသည်မှာလည်း များစွာဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။

**ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းနေသည့် မိမိတို့နိုင်ငံတွင် တိုင်းရင်းသားအားလုံး မိမိတို့လိုလားချက်များကို ရွေးချယ်ခံကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်အသီးသီးတွင် တင်ပြတောင်းဆိုနိုင်သလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများတွင်လည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းနိုင်သည့် နိုင်ငံရေးလမ်းကြောင်းများ ဖွင့်ထားပြီးဖြစ်**

ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းနေသည့် မိမိတို့နိုင်ငံတွင် တိုင်းရင်းသားအားလုံး မိမိတို့လိုလားချက်များကို ရွေးချယ်ခံကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်အသီးသီးတွင် တင်ပြတောင်းဆိုနိုင်သလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးများတွင်လည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းနိုင်သည့် နိုင်ငံရေးလမ်းကြောင်းများ ဖွင့်ထားပြီးဖြစ်ပါသည်။ မိမိတို့တိုင်းရင်းသားများ အခွင့်အရေးအတွက် လက်နက်ကိုင်နည်းလမ်းဖြင့် တောင်းဆိုခြင်းသည် ဒေသခံပြည်သူများအား အထိခိုက်အနစ်နာဆုံးဖြစ်စေသည်ကို သက်ဆိုင်သူများအားလုံး သတိပြုသင့်ပါသည်။

လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲများ ကျင်းပနိုင်သည့် လုံခြုံရေး အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲရွှေ့ဆိုင်းခဲ့ရသော ရခိုင်ပြည်နယ်ရှိ နယ်မြေဒေသများ၊ ယင်းနယ်မြေဒေသများရှိပြည်သူများအားလုံးအတွက်လည်း အထူးပင် စိတ်မကောင်းဖြစ်ရပါသည်။ ယင်းနယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ အမြန်ဆုံးကျင်းပနိုင်သည့် အခြေအနေရောက်ရှိအောင် သက်ဆိုင်သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်လည်း အထူးမေတ္တာရပ်ခံအပ်ပါသည်။

ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး (COVID-19) ရောဂါကပ်ဘေးမှကင်းဝေး၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိကြပါစေကြောင်းနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အဖွဲ့အစည်းများ သဟဇာတရှိစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး သာယာလှပသည့် ပြည်နယ်ဖြစ်လာစေရေးနှင့် အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့တွင် ညီညွတ်သည့် စုပေါင်းအင်အားဖြင့် အမြော်အမြင်ကြီးစွာ ဆက်လက်ကြိုးပမ်း ပါဝင်ဆောင်ရွက်သွားကြပါရန် နေ့ထူးနေ့မြတ်ဖြစ်သည့် ရခိုင်ပြည်နယ်နေ့အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အဖွဲ့အစည်းများ သဟဇာတရှိစေရေး၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး သာယာလှပသည့် ပြည်နယ်ဖြစ်လာစေရေးနှင့် အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးတို့တွင် ညီညွတ်သည့် စုပေါင်းအင်အားဖြင့် အမြော်အမြင်ကြီးစွာ ဆက်လက် ကြိုးပမ်းပါဝင်ဆောင်ရွက်သွားကြပါရန် နေ့ထူးနေ့မြတ်ဖြစ်သည့် ရခိုင်ပြည်နယ်နေ့အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် "ပြည်သူ့ရေးရာမူဝါဒနှင့် သုတေသနနည်းစနစ်"သင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာရှဖောင်ဒေးရှင်း (The Asia Foundation)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပသည့် ပြည်သူ့ရေးရာမူဝါဒနှင့် သုတေသနနည်းစနစ် (Public Policy and Basic Research Methodology) ဆိုင်ရာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီ ခွဲတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာနမှ Zoom Application Platform စနစ်ဖြင့် ကျင်းပသည်။

**သင်တန်းဖွင့်အမှာစကား ပြောကြား**

သင်တန်းဖွင့်ပွဲတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က Zoom Online Platform မှတစ်ဆင့် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Mark McDowell က သင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သင်တန်းပို့ချမည့် ဆရာများဖြစ်သည့် Sandhi Governance Institute မှ နည်းပြဆရာ ဦးခိုင်ဝင်း၊ နည်းပြဆရာမ ဒေါ်နီလာမြိုင်တို့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၁ ဦး အွန်လိုင်းမှ တစ်ဆင့် တက်ရောက်ကြသည်။



အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၈ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ငါးရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် (၁၉)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး(အွန်လိုင်း) ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၄**

(၁၉)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး (အွန်လိုင်း)ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြား သည်။



**ဖြေလျှော့မှုများ ဆောင်ရွက်ရန်လိုအပ်**

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနား သည် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်စေသည့်အပြင် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက်အရေးပါသည့် အခမ်းအနား ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေး အတွက် အရည်အသွေးသတ်မှတ်ချက် စည်းမျဉ်းစည်းကမ်း များ၊ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကို အပြန်အလှန် အသိပေးခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းများ ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ နယ်စပ်ဒေသတွင် တရားမဝင် ကုန်သွယ်မှုများပပျောက်ရေးအတွက် ပိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကုန်စည်စီးဆင်းမှု ပိုမို လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ရေးအတွက် နှစ်နိုင်ငံ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဇုန်ကို ဆောလျင်စွာ အတူတကွ အကောင်အထည်ဖော်ရန် ကိုလည်း တိုက်တွန်းလိုပါကြောင်း၊ COVID-19 ကပ်ရောဂါ ကာလတွင် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ရမည်ဖြစ်သော်လည်း ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန်နှင့် အတား အဆီးမဖြစ်စေရန် သင့်တော်သည့် ဖြေလျှော့မှုများကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးကိုယ်စား ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ လျှိုဟုန်ကျန်းက မိန့်ခွန်းပြောကြားရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံသည် ပထဝီအနေအထားအရ ပြည်သူအချင်းချင်း ချစ်ခင်ရင်းနှီး ကာ ယဉ်ကျေးမှုချင်းလည်း ဆက်နွယ်နေပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှု လွယ်ကူ ချောမွေ့စေရေး၊ ငွေရေးကြေးရေးချိတ်ဆက်ရေးနှင့် ပြည်သူချင်းအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံ မဟာဗျူဟာမြောက် ဆက်ဆံရေးတည်ထောင်ရန် သဘော တူညီခဲ့ပါကြောင်း၊ COVID-19 ကပ်ရောဂါကြောင့် တရုတ်- မြန်မာနယ်စပ်ကုန်သွယ်ရေးကို သက်ရောက်မှုများရှိခဲ့ပါ ကြောင်း၊ နယ်စပ်ကုန်စည်ပြပွဲသည် နှစ်နိုင်ငံနယ်စပ် နေပြည်သူများ၏ လူမှုဘဝမြှင့်တင်နိုင်ရန်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အရေးပါသည့်အခန်း ကဏ္ဍမှ ပါဝင်နေပါကြောင်း၊ တရုတ်-မြန်မာ နယ်စပ်စီးပွား ရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေး၊ တရုတ်- မြန်မာ စီးပွားရေးစင်္ကြံပူးပေါင်းဆောင်ရွက်မှု၊ အသားစား နွားတင်ပို့ရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် (၁၉)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်ရေး (အွန်လိုင်း)ကုန်စည်ပြပွဲ ဖွင့်လှစ်ကြောင်း အခမ်းအနားမှူးက ကြေညာပြီး မြန်မာ-တရုတ်နှစ်နိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့များက အကပဒေသာများဖြင့် ဖျော်ဖြေကြသည်။

မြန်မာ-တရုတ်နယ်စပ်ကုန်စည်ပြပွဲကို မြန်မာနိုင်ငံ နှင့် တရုတ်အစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘော တူညီချက်များအရ မြန်မာနိုင်ငံ(မူဆယ်)မြို့နှင့် တရုတ် နိုင်ငံ(ရွှေလီ)မြို့တို့တွင် အလှည့်ကျကျင်းပခဲ့ရာ ယခုနှစ် (၁၉)ကြိမ်မြောက် ကုန်စည်ပြပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင် အဖြစ် မူဆယ်မြို့တွင် လက်ခံကျင်းပရမည်ဖြစ်သော် လည်း COVID-19 ကပ်ရောဂါကြောင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့က Online Trade Fair အဖြစ် စီစဉ် ကျင်းပခြင်းဖြစ်သည်။

**ပြခန်းပေါင်း ၉၀ ခန့် ပါဝင်ပြသ**

(အွန်လိုင်း) ကုန်စည်ပြပွဲတွင် ပြခန်းပေါင်း ၉၀ ခန့် ပါဝင်ပြသကြပြီး မြန်မာနိုင်ငံမှ စားသောက်ကုန်များ၊ လယ်ယာထွက်ကုန်များ၊ သစ်သီးဝလံများ၊ ရေထွက်ကုန် များ၊ ကျောက်မျက်ရတနာများ၊ အထည်အလိပ်များ၊ တိုင်းရင်းဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ တရုတ်နိုင်ငံမှ စားသောက်ကုန်များ၊ ဓာတ်မြေဩဇာများ၊ လယ်ယာသုံးနှင့် လုပ်ငန်းသုံး စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် ကျန်းမာရေး အသုံးအဆောင်များကို ပါဝင်ပြသကြမည်ဖြစ်သည်။

ကုန်စည်ပြပွဲကာလအတွင်း B2B Business Matching များ ပြုလုပ်ခြင်းနှင့် ဒီဇင်ဘာ ၁၆ ရက်တွင် Trade Financing and Border Trade Payment System Between Myanmar & China ဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲသို့ ပါဝင် တက်ရောက်လိုသော မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင် များအနေဖြင့် www.myanmarexpopark.com တွင် Registration ပြုလုပ်၍ အခမဲ့ ဝင်ရောက်လေ့လာနိုင်မည် ဖြစ်သည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး(အွန်လိုင်း) ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ စီးပွားရေးသံမှူးများနှင့် မူဆယ်-နမ့်ခမ်း နယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်းမှ တာဝန်ရှိသူများ က အွန်လိုင်းမှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**ဒိုက်ဦး ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးဘိုရင်စုကျေးရွာ အေးချမ်းစုကျေးရွာ နှင့် ပျဉ်းမလွင်ကျေးရွာတို့တွင် မြစိမ်းရောင်စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းတို့အား ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်တို့နှင့်အတူ ဒိုက်ဦး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေး၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဒေါ်ပြည့်ဖြိုးမွန်တို့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

# ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့် သည် ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းဖြစ်သူ Mr. Mir Zafarullah Khan Jamali ကွယ်လွန်သွားသည့် အတွက် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမှတ်(အေ-၄)သံတမန်ရပ်ကွက်ရှိ မြန်မာနိုင်ငံ ဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုး သည်။

**၁၅ ဦးမြောက် ဝန်ကြီးချုပ်**

ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းသည် ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ပါကစ္စတန်နိုင်ငံ၏ ၁၅ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုကွယ်လွန် ချိန်တွင် အသက် ၇၆ နှစ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူသာလျှင် အဓိက

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၃/ ၂၀၂၀

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ဟသ်ာကျေးရွာအတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၂-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ဟသ်ာကျေးရွာ လမ်းမပေါ်၌ ဖောင်းပြင်မြို့၊ ရင်းမာလှိုင်ရပ်ကွက်နေ သန်းဆွေဦး (၄၁)နှစ်၊ (ဘ) ဦးကံထွန်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၁၇၀/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ ဟဲဒေါင်းကျေးရွာနေ ဦးသန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၂-၂၀၂၀ ရက်နေ့တွင် ကလေးဝမြို့နယ်၊ ဟဲဒေါင်းကျေးရွာနေ ဦးသန်းအောင်(၆၀)နှစ်၊ (ဘ)ဦးသာအိ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဦးသန်းအောင်အား မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြအေး(၆၀)နှစ်၊ (ဘ)ဦးဘဝင်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မစိန်) မယ (ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊လောင်းလုံးမြို့နယ်၊ တီဇစ်ကျေးရွာနေ မိုးအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၂-၂၀၂၀ ရက်နေ့တွင် လောင်းလုံးမြို့နယ်၊ တီဇစ်ကျေးရွာအနီး ခနိတောချောင်းသွားလမ်းမပေါ်၌ ၎င်းကျေးရွာနေ မိုးအေး(၃၅)နှစ်၊ (ဘ) ဦးကျော်မြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား ၎င်းမြို့နယ်၊ ကဒက်ငယ်ထိန်ကျေးရွာနေ မမိုး(ခ)သွယ်သွယ်မိုး (၃၇) နှစ်၊ (ဘ)ဦးစန်းဝင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မမိုး(ခ)သွယ်သွယ်မိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့ (၂) ဦးအား မမစ(လောင်းလုံး) မယ(ပ)၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီ တိုင်းဒေသကြီး၊ ကော့သောင်းမြို့၊အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၅)ဦး၊ မ(၄)ဦး၊ ပေါင်း(၂၉)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ICE များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၀-၁၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ဝေယံထွန်း (၂၁)နှစ်၊(ဘ)ဦးအီဘရာဟင်အားWY စာတန်းပါ စိတ်ကြွဆေးပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ(ပ)၂၂၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်အပိုင် နယ်မြေများအတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၂-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ ပဲခူးချောင်လမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ခင်ဇော်လတ်(ခ)ငွေးပုံ(၄၃)နှစ်၊ (ဘ)ဦးမျိုးလွင်အား WY/R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဇေယျာသီရိ)မယ(ပ)၃၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၇)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄၆)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၁-၁၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းမပေါ်၌ ၎င်းကျေးရွာနေ ထွန်းဝင်း(၂၃)နှစ်၊ (ဘ)ဦးအေးမောင်မောင်းနှင်ပြီး တစ်ရွာတည်းနေ ကျော်မင်းအောင်(ခ)အနွောင်း (၃၂)နှစ်၊ (ဘ)ဦးသိန်းဝင်းတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY/R စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ (ပ) ၅၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်နေ ဒေါ်နီလာသိမ့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၂-၂၀၂၀ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ (တ/၁၅) ရပ်ကွက်နေ ဒေါ်နီလာသိမ့်(ခ)နီလာသန်း(၄၅)နှစ်၊ (ဘ) ဦးအောင်သန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လှော်ကား)မယ(ပ)၂၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂၊ ၃၊ ၄)ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ရောင်းချသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၂-၂၀၂၀ ရက်နေ့တွင် ရန်ကင်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက် လမ်းမပေါ်၌ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းအနောက်/တောင်ရပ်ကွက်နေ သူရဝင်း(၂၇)နှစ်၊ (ဘ) ဦးဝင်းသိန်းအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရန်ကင်း)မယ(ပ) ၄၇/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်၊ လဲချားမြို့နယ်၊ ဟိုနောင်လုံကျေးရွာနေ နန်းရွှေအိမ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁၂-၂၀၂၀ ရက်နေ့တွင် လဲချားမြို့နယ်၊ ဟိုနောင်လုံ ကျေးရွာနေ နန်းရွှေအိမ်(၂၉)နှစ်၊ (ဘ)ဦးအိုက်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ၎င်း၏ ဖခင်ဖြစ်သူ အိုက်အောင်(၅၉)နှစ်၊ (ဘ)ဦးအိုက်ရီအား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းများ၊ ၉ မမ ပစ္စတို သေနတ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခု၊ ၎င်းကျည် (၃)တောင့်၊ M-22 ကျည်(၂၆)တောင့်နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လဲချား) မယ(ပ)၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁/၂၂(ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၂-၁၂-၂၀၂၀ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း**(၁၄၅၃)** မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား**(၁၈၄၇)**ဦး၊ မ**(၃၆၉)**ဦး၊ ပေါင်း**(၂၂၁၆)**ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ **(၁၀၉၈၈.၁၅၁၄)** ဂရမ်၊ ICE **(၁၄၈၉.၄၂)**ဂရမ်၊ ဘိန်း**(၄၈၃၂၁.၇၇၈၈၆)**ဂရမ်၊ အဆင့်နိမ့်ဘိန်း**(၁၄၀၈.၉၆)**ဂရမ်၊ ဘိန်းစာမှုန့် **(၅၄၉၃၄.၄၀)**ဂရမ်၊ ဘိန်းစာရွက်**(၅၅၈၅၉၇.၃၂)**ဂရမ်၊ ဘိန်းစာရည်**(၂.၅)**လီတာ၊ စိတ်ကြွဆေးပြား **(၆၉၈၉၉၁)**ပြား၊ ဆေးခြောက် **(၁၄၈၈၃.၂၀)**ဂရမ်၊ ဘိန်းရည်**(၀.၁)**လီတာ၊ ဘိန်းဆီခဲ**(၆၄၀.၂၈)**ဂရမ်၊ ဘိန်းစေ့**(၆၀)**ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် **(၆၀.၁၅)**ဂရမ်၊ ECSTASY အကြေ**(၀.၀၀၁)**ဂရမ်၊ လက်နက်မျိုးစုံ**(၃၀)**လက်၊ ကျည်မျိုးစုံ **(၆၉၈)**တောင့်၊ လက်ပစ်ဗုံး **(၁)**လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

မြို့မအမျိုးသားကျောင်း ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

# နှစ် (၁၀၀) ပြည့် သက်တော်ရှည် မိခင်ကြီး "မြို့မ"

ပါမောက္ခသိန်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် (သားမြို့မတစ်ဦး)

ဒီနှစ် ၂၀၂၀ ပြည့်နှစ်ဟာ မိမိတို့နိုင်ငံအဖို့ အမှတ်တရ အလွန်ဂုဏ်ယူကြရမယ့် ရာပြည့်ပွဲတော်တွေနဲ့ တိုက်ဆိုင်နေတဲ့နှစ် ဖြစ်နေပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ရာပြည့် (ဒီဇင်ဘာလ ၁ ရက်)၊ အမျိုးသားအောင်ပွဲနေ့ ရာပြည့် (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)၊ မြန်မာ့ရုပ်ရှင် ရာပြည့်ပွဲတွေကတော့ (ကိုဗစ်ကာလကြီး ဖြစ်နေလျက်နဲ့ သတ်မှတ်ထားတဲ့ ကာကွယ်ရေးစည်းမျဉ်း စည်းကမ်းတွေနဲ့အညီပဲ) အထိုက်အလျောက် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါပြီ။ နောက်ဆုံးကျန်နေတဲ့ ရာပြည့်ပွဲက ပြီးခဲ့တဲ့ရာပြည့်တွေထဲက ပထမနှစ်ခုဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ရာပြည့်နဲ့ အမျိုးသားအောင်ပွဲနေ့ ရာပြည့်တွေနဲ့ ဆက်စပ်ခဲ့တဲ့ **"မြို့မအမျိုးသားကျောင်း ရာပြည့်ပွဲ"** ပါပဲ။

ဗြိတိသျှနယ်ချဲ့အစိုးရခေတ်က ကိုလိုနီအုပ်ချုပ်ရေး ယန္တရားလည်ပတ်ဖို့နဲ့ မြေရှင်ဓနရှင် ဖြူရိုကရက် လူတန်းစားအတွက်သာ ရည်ရွယ်ရေးဆွဲပြီး **၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ (ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်ခဲ့တဲ့နေ့)** တွင် အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ယူနီဗာစီတီ အက်ဥပဒေကြောင့် **၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် အမျိုးသားအောင်ပွဲနေ့)** မှာ မြန်မာ့နိုင်ငံရေးမှာ အရေးပါလှတဲ့ **ပထမအကြိမ် တက္ကသိုလ်ကျောင်းသား သပိတ်** ပေါ်ပေါက်လာခဲ့ရပါတယ်။

**မြို့မအမျိုးသားကျောင်း၏ မူလအစ ပထမ**

ထိုသို့ ကျောင်းသားသပိတ်မှောက်စဉ်အတွင်း အင်္ဂလိပ်အစိုးရ ဖွင့်လှစ်တဲ့ ကျောင်းတွေကို မတက်ဖို့၊ ပညာသင်မပျက်စေဖို့နဲ့ အမျိုးသားပညာရေး စတင်ပေါက်ဖွားဖို့အတွက် မိမိတို့ကိုယ်ပိုင် အမျိုးသားပညာရေးကျောင်းကို ထူထောင်မယ်ဆိုတဲ့ လှုံ့ဆော်မှုနဲ့ သပိတ်မှောက် ကျောင်းသားကြီးတွေက ဦးစီးဦးဆောင်ပြုကာ ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်းကြားတောရလမ်းရှိ ရွှေကျင်တိုက် ဦးအရိယကျောင်းမှာ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် နတ်တော်လဆန်း ၇ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့) နံနက် ၁၀ နာရီတိတိ အချိန်တွင် သပိတ်စခန်းဖွင့်ကာ **အမျိုးသားကျောင်း (National School)** ကို စတင်ထူထောင်ခဲ့ကြရာ မြို့မအမျိုးသားကျောင်း၏ မူလအစ ပထမ ဖြစ်ခဲ့ပါတယ်။

**"မြို့မတိုင်းရင်းသားအထက်တန်းကျောင်း"** ဆိုတဲ့ **အမည်သစ်ကိုတော့ ၁၂၈၂ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် (၁၉၂၁ ခုနှစ်မတ်လ ၁ ရက်) အင်္ဂါနေ့**မှာ ခံယူခဲ့ပေမယ့် ဦးအရိယကျောင်းမှာ သန္ဓေတည်မွေးဖွားခဲ့တဲ့ **ဒီဇင်ဘာလ ၁၇ ရက်နေ့ကိုပဲ မြို့မမွေးနေ့**လို့ မှတ်ယူခဲ့ကြတယ်လို့ မိမိတို့ ပညာရေးလောကတစ်ခုလုံးက လေးစားကြရတဲ့ ပညာရှင်ကြီး ဒေါက်တာဦးသန်းဦး (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်)က ရေးသားပြောဆိုထားတဲ့အတိုင်း **မြို့မအမျိုးသားကျောင်းကြီးသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် နှစ်တစ်ရာ ပြည့်မြောက်တော့မည်** ဖြစ်ပါတယ်။

မြို့မအမျိုးသားကျောင်းသည် လွယ်လွယ်ကူကူ ပေါ်ပေါက်လာရခြင်းမဟုတ်ဘဲ ကျွန်ပညာရေးကို လက်မခံဘဲ မိမိကိုယ်မိမိ အားကိုးကာ မျိုးချစ်ပုဂ္ဂိုလ်တွေက ကျောင်းမှထွက်၊ အလုပ်မှထွက်ပြီး ဆရာ ဆရာမတွေအဖြစ် ပညာသင်ကြားပြသပေးခဲ့ကြသလို ပြည်သူလူထုနဲ့ အလှူရှင်တွေရဲ့ ပံ့ပိုးမှုတွေနဲ့အဆင့်ဆင့်သော အခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်ကာ တည်မြဲအောင် ဖွင့်လှစ်ခဲ့ရခြင်းဖြစ်ပါတယ်။ မြို့မအမျိုးသားကျောင်းကြီးရဲ့ ပထမဆုံးကျောင်းအုပ်ကြီး ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကောင်စီ ဒုတိယဥက္ကဋ္ဌဖြစ်ခဲ့သူ ဦးဖိုးလတ်၊ ဆရာကြီး ဦးငွေဇင် (၁၉၂၀-၁၉၂၃)၊ မြို့မဖခင်ကြီး ဆရာကြီး ဦးဘလွင် (၁၉၂၃-၁၉၅၃)၊ ဆရာကြီး ဦးအေးသွယ် (၁၉၅၃-၁၉၅၇)တို့ အဆက်ဆက် ပျိုးထောင်ခဲ့တဲ့ မြို့မအမျိုးသားကျောင်းမှာ ဆရာကြီး ဦးဘတင် (၁၉၅၇-၁၉၆၈) ကျောင်းအုပ်ကြီး တာဝန်ယူစဉ်အချိန်မှာ မိမိက မြို့မကျောင်းသား ဖြစ်ခဲ့ပါတယ်။



အထက(၂) ဒဂုံ (ယခင်မြို့မအမျိုးသားကျောင်း)။ ဓာတ်ပုံ-မြင့်မောင်စိုး

**တရားဝင်ကျောင်းဝတ်စုံ ဖြစ်သွားခဲ့**

မိမိတို့မြို့မခေတ်ရဲ့ ကျောင်းဝတ်စုံမှာ **အင်္ကျီအဖြူ လုံချည်ပြောင်အစိမ်းရောင်** ဖြစ်ပါတယ်။ အဖြူရောင်က စိတ်ထားဖြူစင်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းကို ကိုယ်စားပြုပြီး အစိမ်းရောင်က စိမ်းလန်းစိုပြည်တဲ့ မြန်မာ့ဆန်ရေစပါးကို ကိုယ်စားပြုကြောင်း မှတ်သားမိခဲ့ပါတယ်။ **မြို့မစိမ်း**အရောင်ဟုပင် ခေါ်တွင်ခဲ့ကြပါတယ်။ မျိုးချစ်စိတ်အမြဲရှင်သန်နေစေဖို့ အတန်းကြီးကျောင်းသားတွေကို အပေါ်တိုက်ပုံ အဖြူ/ ပင်နီရောင်တို့ကို ဆရာတွေနည်းတူ ဝတ်ဆင်ကြရသလို ဆရာတွေက ခေါင်းပေါင်း၊ ဆရာမတွေက ပဝါအစိမ်းတွေနဲ့ ကျောင်းတက်ကြ၊ စာသင်ကြားကြရတာပါ။ တော်လှန်ရေးအစိုးရက နိုင်ငံတော်အာဏာသိမ်းပြီးနောက် လုပ်ငန်းအရပ်ရပ်ကို ပြည်သူပိုင်သိမ်းတဲ့အခါမှာ ကျောင်းအားလုံးလည်း ပြည်သူပိုင်ကျောင်းများ ဖြစ်လာချိန်တွင် မိမိတို့ မြို့မကျောင်းရဲ့ ကျောင်းဝတ်စုံ ( ဖြူ / စိမ်း) ဟာ တစ်ပြည်လုံးက ကျောင်းအားလုံးရဲ့ တရားဝင်ကျောင်းဝတ်စုံ ဖြစ်သွားခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရခေတ်က ပုဂ္ဂလိက ပရိက်ဗိတ်ကျောင်းတွေ အတော်များများရှိကြရာမှာ နာမည်ကြီးကျောင်းအတော်များများဟာ ခရစ်ယာန်သာသနာပြုကျောင်းများ (စိန်ပေါ၊ စိန်ဂျွန်း၊ စိန်မေရီ၊ အင်္ဂလိပ်မက်သဒစ်၊ ကွန်ဗင့်) ဖြစ်နေပြီး မိမိတို့မြို့မကျောင်းကတော့ အမျိုးသားရေးနဲ့ ဘာသာရေးကို အလေးထားတဲ့ကျောင်းပါ။ အဲဒီအချိန်က မြို့မကျောင်းမှာ ဗုဒ္ဓဘာသာနဲ့ ပြည်သူ့နီတိ(Civics) နှစ်ဘာသာကို သီးခြားသင်ရသလို ဘာသာရပ်စာမေးပွဲလည်း ဖြေရပါတယ်။ (၇) တန်းအထိ အတန်းတင်စာမေးပွဲတွေမှာ ကျန်တဲ့ဘာသာတွေ အောင်ပေမယ့် အဲဒီဘာသာနှစ်ခု မအောင်ရင်အတန်းမတင်ပေးပါဘူး။ လူတိုင်းကလည်း အောင်အောင်ဖြေကြပါတယ်။ နောက်တစ်ခုက အဲဒီခေတ် ဗုဒ္ဓဘာသာကလျာဏယုဝ (ဝိုင်အမ်ဘီအေ) အသင်းနဲ့လည်း ချိတ်ဆက်ပြီး မင်္ဂလသုတ်စာမေးပွဲအဆင့်ဆင့် (ပထမ၊ ဒုတိယ၊ တတိယ)တွေ ဝင်ဖြေစေပါတယ်။ ထူးချွန်စွာ အောင်မြင်သူတွေကို အသင်းကြီးက စကောလားရှစ် (အဆင့်အလိုက်) ဆုငွေကို လစဉ် ချီးမြှင့်ပါတယ်။ တစ်လ တစ်ခါ ဆုငွေသွားထုတ်ရင်း အကျွေးအမွေးနဲ့ မင်္ဂလာတရားတစ်ခုခုအကြောင်း ပရိသတ်ကို ဟောပြောပြရပါတယ်။

အခု ပြန်လည်ဖော်ထုတ်လာခဲ့ကြတဲ့ ကင်းထောက် (Scout) ဟာလည်း မြို့မခေတ်မှာရှိခဲ့သလို မိမိအနေနဲ့ တစ်ပိုင်းတစ်စ မီခဲ့တာလေး အမှတ်ရမိပါတယ်။ မြို့မကင်းထောက်အဖွဲ့ဟာ တကယ်တော့ လွတ်လပ်ရေးမရခင်ခေတ်ကတည်းက တည်ထောင်ခဲ့တာဖြစ်ပေမယ့် မျိုးချစ်စိတ်ပြင်းထန်လှတဲ့ မြို့မဖခင်ကြီးဦးဘလွင်ကြောင့် မျိုးချစ်စိတ်အပြည့်ရှိတဲ့ ကင်းထောက်အဖွဲ့ ဖြစ်ခဲ့ပါတယ်။ မြို့မကင်းထောက်အဖွဲ့ကို အမှတ်(၃၁) ရန်ကုန်မြို့မကင်းထောက်အဖွဲ့ (31st Rangoon Myoma Group)လို့ ခေါ်ခဲ့ကြပြီး အသက်အပိုင်းအခြားအလိုက် ရှစ်နှစ်ကနေ ၁၁ နှစ်အထိကို ဝံပုလွေငယ်အုပ်စု (Wolf Cub Pack)၊ အသက် ၁၂ နှစ်ကနေ ၁၆ နှစ်အထိကို ကင်းထောက်လုလင်အုပ်စု (Scout Troop) နဲ့ ၁၆ နှစ်အထက် ကျောင်းသားကြီးတွေကိုတော့ ရိုဗာကင်းထောက်အုပ်စု (Rover Crew) ဆိုပြီး ဖွဲ့စည်းခဲ့ရာမှာ မိမိတို့က ဝံပုလွေငယ်အဖွဲ့ဝင်တွေ ဖြစ်ခဲ့ကြပါတယ်။ ရေးတေးတေး မှတ်မိနေတာလေးတွေက မိမိတို့ ဝံပုလွေငယ်တွေက **"အကောင်းဆုံး လုပ်မည်"**၊ ကင်းထောက် လုလင်အုပ်စုက **"အစဉ်အသင့်"**၊ ရိုဗာကင်းထောက်အုပ်စုက **"ဝန်ထမ်းလုပ်ငန်း"** ဆိုတဲ့ ဆိုင်ရာဆောင်ပုဒ်တွေနဲ့ ဖြတ်သန်းဆောင်ရွက်ခဲ့ကြတာပါ။ ဝံပုလွေငယ်အဖွဲ့ဝင်အနေနဲ့ **"လုပ်ငန်းတစ်ရပ်၊ ငွေတစ်ကျပ်"** ဆိုတဲ့ အဆိုနဲ့ ကုမ္ပဏီကြီးတွေ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်ကြီးတွေရဲ့ လုပ်ငန်းခွင်တွေမှာ ဝံပုလွေငယ် ဝတ်စုံဝတ်၊ လူထုအကျိုးပြုလုပ်ငန်းတွေကို လုပ်၊ သတ်မှတ်ထားတဲ့ ကတ်ပြားတွေမှာ တရားဝင်ဖြည့်ပြီး ရရှိတဲ့ငွေတစ်ကျပ်စီကို ရန်ပုံငွေရှာခဲ့ကြတာ။ ကျောင်းပိတ်ရက်တွေမှာ အင်းလျားလေးစခန်း၊ ကန်တော်ကြီးလို နေရာမှာ စခန်းချခရီးထွက်ခဲ့ကြရတာလေးတွေပါ။ မြို့မဖခင်ကြီး ဆရာကြီးဦးဘလွင်ဟာ ကင်းထောက်ချုပ် ရာထူးတာဝန်ယူခဲ့ဖူးတယ်လို့ ကြားသိခဲ့ဖူးပါတယ်။ တော်လှန်ရေးကောင်စီခေတ် ကျောင်းတွေ ပြည်သူပိုင်သိမ်းပြီး နောက်ပိုင်းမှာ ကင်းထောက်စနစ် မရှိတော့လို့ မိမိတို့အနေနဲ့ ဝံပုလွေငယ်ဘဝနဲ့ ရပ်ခဲ့ရပါတယ်။

**ဗုဒ္ဓဘာသာနဲ့ ပြည်သူ့နီတိ**

မြို့မခေတ် မူလတန်း၊ အလယ်တန်းအဆင့်တွေမှာ ဗုဒ္ဓဘာသာနဲ့ ပြည်သူ့နီတိအပြင် လက်မှုပညာအချိန်ရယ်၊ အားကစားအချိန်ရယ်လည်း သတ်သတ်ရှိပါသေးတယ်။ လက်မှုပညာအချိန်မှာ တစ်ခါတလေ ဆရာကြီးဦးလှသင်ကြားမှုနဲ့ ပန်းချီဆွဲရပြီး တစ်ခါတလေ ဆရာကြီး ဦးထွန်းကြည်ဆီမှာ စာစာပိုင်းမှာ လေးထောင့်ကွက် စာအုပ်တွေထဲမှာ ရောင်စုံခဲတံလေးတွေနဲ့ အကွက်တွေဖော်၊ ပုံတွေခြယ်ကြရပြီး နောက်ပိုင်းကျတော့ အဲဒီအကွက်ဖော်ပုံလေးတွေအတိုင်း အရောင်စုံဝါးခြမ်းလေးတွေနဲ့ ကျူဖျာလေးတွေ ရက်ကြ၊ ဖော်ကြရပါတယ်။ သစ်သားတုံးလေးတွေနဲ့ အိမ်လေးတွေ၊ တံတားလေးတွေ၊ အဆောက်အအုံလေးတွေ ဆောက်ကြ၊ လုပ်ကြရပါတယ်။

စာမျက်နှာ ၇ သို့ ■

❖ မြို့မအမျိုးသားကျောင်းသည် လွယ်လွယ်ကူကူ ပေါ်ပေါက်လာရခြင်းမဟုတ်ဘဲ ကျွန်ပညာရေးကို လက်မခံဘဲ မိမိကိုယ်မိမိ အားကိုးကာ မျိုးချစ်ပုဂ္ဂိုလ်တွေက ကျောင်းမှထွက်၊ အလုပ်မှထွက်ပြီး ဆရာ ဆရာမတွေအဖြစ် ပညာသင်ကြားပြသပေးခဲ့ကြသလို ပြည်သူလူထုနဲ့ အလှူရှင်တွေရဲ့ ပံ့ပိုးမှုတွေနဲ့အဆင့်ဆင့်သော အခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်ကာ တည်မြဲအောင် ဖွင့်လှစ်ခဲ့ရခြင်းဖြစ်။

❖ မိမိတို့မြို့မခေတ်ရဲ့ ကျောင်းဝတ်စုံမှာ အင်္ကျီအဖြူ လုံချည်ပြောင်အစိမ်းရောင် ဖြစ်ပါတယ်။ အဖြူရောင်က စိတ်ထားဖြူစင်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းကို ကိုယ်စားပြုပြီး အစိမ်းရောင်က စိမ်းလန်းစိုပြည်တဲ့ မြန်မာ့ဆန်ရေစပါးကို ကိုယ်စားပြုကြောင်း မှတ်သားမိခဲ့ပါတယ်။ မြို့မစိမ်းအရောင်ဟုပင် ခေါ်တွင်ခဲ့ကြ။

■ **စာမျက်နှာ ၆ မှ**

■ စာမျက်နှာ ၆ မှ

အားကစားအချိန်မှာတော့ အတန်းအရွယ်နဲ့ သင့်လျော်မယ့် အားကစားနည်းတွေ တစ်ဦးချင်းရော အဖွဲ့လိုက်ပါ ကစားစေပါတယ်။ အငယ်တန်းတွေတုန်းက ကာယနည်းပြဆရာက ဆရာဦးလှဖေဖြစ်ပြီး အလယ်တန်းကျတော့ ဆရာဦးဘသောင်းပါ။ ဆရာဦးဘသောင်းက အဲဒီအချိန်က ရှားရှားပါးပါး အပြည်ပြည်ဆိုင်ရာ ဘောလုံးဒိုင်လူကြီးလက်မှတ် ရရှိထားသူပါ။ သူတာဝန်ယူခဲ့တဲ့ ဘောလုံးပွဲတွေမှာ မကြာခဏ ပယ်နယ်တီ ပေးတတ်လို့ ဘောလုံးလောကမှာ "ပယ်နယ်တီဘသောင်း" လို့ နာမည်တွင်ခဲ့ဖူးပါတယ်။ ယောကျာ်းလေးကျောင်းမို့လို့ တွန်းတွန်းတိုက်တိုက်အားကစားနည်းမျိုးစုံ ကစားစေပါတယ်။ ခြေတစ်ပေါင်ကျိုးခုန်ရင်း ပခုံးချင်းတိုက်တဲ့ ကစားနည်းကစပြီး ခြင်းခတ်၊ ဘောလုံး၊ ဘတ်စကက်ဘော၊ ဘော်လီဘောအထိ အစုံပါပဲ။ မြို့မကျောင်းရဲ့ အရှေ့က မိုင်ဒါကွင်းက အဲဒီတုန်းကတော့ မြို့မကျောင်း အပိုင်လိုပါပဲ။ နံနက်ကျောင်းမတက်ခင်၊ နေ့လယ်မုန့်စားဆင်းချိန်၊ ညနေကျောင်းဆင်းချိန်တွေမှာ ဘောလုံးကစားကြတာ နေရာမလပ် ကွင်းအပြည့်ပါပဲ။

အလယ်တန်းမှာ နောက်ထပ်ရှိခဲ့တဲ့ ဖွံ့ဖြိုးရေးအချိန်မှာ စိုက်ပျိုးရေးလုပ်ခဲ့ကြရတာကိုလည်း မှတ်မိနေပါသေးတယ်။ အထွေထွေသိပ္ပံ ဆရာဦးမြမောင်ရဲ့ ဦးဆောင်မှုနဲ့ပါ။ ကျောင်းရဲ့ဘယ်ဘက် (မန္တလေးအခေါ် မြောက်ဘက်) ယခုစကားဝါလမ်းဘက်မြေကွက်လပ်မှာ အတန်းလိုက် မြေတွေတူး၊ မြောင်းတွေဖော်ပြီး ချဉ်ပေါင်၊ ကန်စွန်း၊ ငရုတ် စသဖြင့် ကိုယ့်အတန်းနဲ့ကိုယ် စိုက်ကြ၊ ခူးကြ၊ ရောင်းပြီးရန်ပုံငွေရှာကြ လုပ်ခဲ့ကြရပါတယ်။

**အမျိုးသားအောင်ပွဲနေ့**

မြို့မခေတ်မှာ အထူးခြားဆုံးတစ်ခုကတော့ အမျိုးသားအောင်ပွဲနေ့ ကျင်းပတာပါပဲ။ နံနက်စောစော ကျောင်းဝင်းအတွင်းမှာ အတန်းလိုက်လူစုကြပြီး နယ်ချဲ့ခေတ်မှာသုံးစွဲကိုင်ဆောင်ခဲ့ကြတဲ့ သုံးရောင်ခြယ် အလံတွေ၊ ကျောင်းသားသမဂ္ဂ ခွပ်ဒေါင်းအလံတွေ၊ လွတ်လပ်ရေးရပြီး သုံးစွဲနေတဲ့ အနီ၊ အပြာ အောက်ခံ ကြယ်ဖြူကြီးတစ်လုံးကို ကြယ်ဖြူ ငါးလုံး ဝန်းရံထားတဲ့ နိုင်ငံတော်အလံတွေကို လွှင့်ထူကိုင်ဆောင်ကြပြီး မျိုးချစ်စိတ်လှုံ့ဆော်တဲ့ ကြွေးကြော်သံတွေ တိုင်တည်ရွတ်ဆိုကြပြီး ကျောင်းကနေထွက် မိုင်ဒါကွင်းကို ပတ်၊ ဦးဝိစာရလမ်းကနေ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ကနေ ဘုရားပေါ်တက်ခဲ့ကြရပါတယ်။ အလယ်ပစ္စယံမှာ သမိုင်းတွင်မယ့် ကောလိပ်ကျောင်းသားကြီးတွေ စုဝေးခဲ့ကြပြီး အခု အမျိုးသားအောင်ပွဲအထိမ်းအမှတ် ကျောက်စာတိုင် လုပ်ထားတဲ့အထိ သွားရောက်စုရုံး၊ ချီတက်၊ အလေးပြု ကတိသစ္စာပြုရွတ်ဆိုကြပြီးမှ ဘုရားပေါ်ကပြန်ဆင်းပြီး ကျောင်းကို စနစ်တကျ ပြန်ချီတက်ကြပါတယ်။

ကျောင်းမှာတော့ တစ်နေ့လုံးလိုလို အမျိုးသားအောင်ပွဲအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲတွေ လုပ်ကြရာမှာ ဟောပြောပွဲ၊ ကျပန်းစကားပြောပွဲ၊ စကားရည်လုပွဲ၊ ချောတိုင်တက်ပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ လွန်ဆွဲပွဲကအစ ဘတ်စကက်ဘောပွဲ၊ ဘော်လီဘောပွဲ၊ ခြင်းလုံးပွဲ အစုံအလင် ဆင်နွှဲကြလေ့ရှိပါတယ်။ ကျောင်းသား ကျောင်းသူအားလုံးကို ကျောင်းက အဝစား မုန့်ဟင်းခါးလိုမျိုး ကျွေးလေ့ရှိပြီး စားပြီးသူတွေကို လက်မှာ မင်ပြာနဲ့ မှတ်ပေးလိုက်တာကို မှတ်မိနေပါတယ်။

နောက်ပိုင်းဆာလာရင်တော့ ကျောင်းမုန့်ဈေးတန်းမှာ ကြိုက်တာဝယ်စားကြတာပေါ့။ အာဇာနည်နေ့နီးရင်လည်း ဆရာကြီးဦးဘလွင်၊ ဆရာကြီးဦးဘတင်တို့ဖြစ်စေ၊ နာမည်ကြီး စာရေးဆရာကြီးတွေကဖြစ်စေ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိတွေ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွေ၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်စေရေး ဟောပြောပွဲတွေကို ကြိုလုပ်လေ့ရှိပြီး ဇူလိုင်လ ၁၉ ရက်နေ့ရောက်ရင်တော့ ကျောင်းသားကြီးတွေက ဆရာဆရာမတွေနဲ့အတူ အာဇာနည်ကုန်းမှာ လွမ်းသူ့ပန်းခွေသွားချ၊ ဂါရဝပြု ကန်တော့ကြသလို ကျောင်းသားငယ်တွေကိုတော့ တာဝါလိန်း ဗိုလ်ချုပ်ပြတိုက်ကို လေ့လာရေး ပို့ပေးလေ့ရှိပါတယ်။

မြို့မခေတ်မှာ နံနက် ကျောင်းတက်ခေါင်းလောင်းထိုးရင် Assembly Hall အစည်းအဝေးခန်းမကြီးမှာ အတန်းလိုက် အတန်းပိုင်ဆရာ ဆရာမတွေပါ တန်းစီကြရပြီး ကျောင်းအုပ်ကြီးရောက်လာရင် အားလုံး တညီတညာတည်း နိုင်ငံတော်သီချင်းကို ညီညီညာညာ သံပြိုင်သီဆိုကြရပါတယ်။ အများအားဖြင့် ကျောင်းအုပ်ဆရာကြီးဦးဘတင်လာလေ့ရှိပြီး သူ မအားလပ်ရင် ဆရာကြီးဦးအောင်ကျော်ဇံ လာတတ်ပါတယ်။ မြို့မဖခင်ကြီးဆရာကြီးဦးဘလွင်လည်း တစ်ခါတလေ ရောက်လာတတ်ပြီး ဆုံးမစကားတွေ ပြောတတ်ပါတယ်။

အဓိကကတော့ စည်းကမ်းပိုင်းဆိုင်ရာအပြင် ပညာရေး၊ လူမှုရေး၊ မျိုးချစ်စိတ်ဓာတ်တွေကို ပြောပြဆုံးမလေ့ ရှိပါတယ်။ ကျောင်းအုပ်ဆရာကြီးကအစ ဆရာအားလုံးက မောင့်ကျက်သရေခေါင်းပေါင်း၊ တိုက်ပုံ၊ အမျိုးသားဝတ်စုံပြည့်၊ ဆရာမတွေကလည်း ပဝါစိမ်းတွေနဲ့ ကျောင်းသား ကျောင်းသူအားလုံးလည်း အမျိုးသားဝတ်စုံပြည့်နဲ့ တက်ကြရတာပါ။ ဆရာကြီးရဲ့မိန့်ခွန်း နားထောင်ပြီးတဲ့အခါ အငယ်တန်းကစပြီး တစ်တန်းချင်း ညီညီညာညာ တန်းစီပြီး ကိုယ့်အတန်းကိုယ် စည်းကမ်းတကျ ပြန်ကြရပါတယ်။ လမ်းမှာ စကားပြောတာ၊ ဆူညံတာ၊ ဟေးလားဝါးလားလုပ်တာ လုံးဝမလုပ်ရဲ၊ မလုပ်ကြပါဘူး။ စာသင်ခန်းထဲရောက်ပြီး ဩကာသ ဩကာသ ဩကာသ အစချီကာ ငါးပါးသီလကို သံပြိုင်ရွတ်ဆို ဘုရားကန်တော့ကြပြီးမှ စာသင်ကြရတာပါ။ အဲဒီမြို့မခေတ် အစဉ်အလာကို အထက(၂) (ဒဂုံ) ခေတ်မှာလည်း ဆက်လက်ကျင့်သုံးခဲ့ကြတာ မိမိ (၁၀) တန်းအောင်တဲ့အထိ ကြုံခဲ့တာပါ။

**ကျောင်းကားစနစ်လည်းရှိ**

အဲဒီခေတ်က ကျောင်းမှာ ကျောင်းကားစနစ်လည်း ရှိပါတယ်။ ယောကျာ်းလေးကျောင်းရော မိန်းကလေးကျောင်းပါ နှစ်ကျောင်းပေါင်းကြိုပေးတာပါ။ ယောကျာ်းလေးတွေကို (၇) တန်းအထိပဲ စီးခွင့်ပေးပါတယ်။ (၈)တန်းရောက်ရင် စီးခွင့်မရှိတော့ပါဘူး။ မြို့မခေတ်တုန်းက ကျောင်းမှာ နေ့လယ်စာကို တစ်လမှ ခြောက်ကျပ်နဲ့ ကျောင်းက တာဝန်ယူကျွေးပေးတဲ့စနစ်လည်း ရှိခဲ့၊ စားခဲ့ရဖူးပါတယ်။ ကော်ဖီတစ်ခွက် (ပန်းကန်လုံးအကြီးကြီး) နဲ့ မုန့်တစ်မျိုးမျိုး (အုန်းသီးမုန့်၊ ဘဲသားမုန့်၊ ဆိတ်သားမုန့်) ပုံမှန်ကျွေးပြီး တစ်ပတ်တစ်ခါသောကြာနေ့မှာ အထူးအနေနဲ့ မုန့်ဟင်းခါး၊ ခေါက်ဆွဲလိုမျိုး ကျွေးသေးတာပါ။ နှစ်ကုန်ရင် လက်ဆောင်အနေနဲ့ စာပေဗိမာန်ကထုတ်တဲ့ စာအုပ်လေးတွေအပြင် ရောင်စုံခဲတံဘူးတွေ၊ ဘောပင်၊ ခဲဖျက်၊ ပေတံလှလှလေးတွေ ပေးသေးတာ။

(၇)တန်း၊ (၈)တန်းအချိန်တွေမှာ အမှတ်ထင်ထင်ဖြစ်နေမိတာကတော့ ကျောင်းပေါင်းစုံ ဘောလုံးပွဲတွေပါ။ အခု ကလေးဆေးရုံကြီး ပြင်ပလူနာဌာနနေရာက အဲဒီအချိန်က ပြည်တော်သာ ဘောလုံးကွင်းပါ။ မိမိတို့ ဒဂုံ-၂ (ယခင် မြို့မ) ရဲ့ ပြိုင်ဘက်တွေက လမ်းမတော်-၁ (ယခင် စိန့်ဂျွန်း)၊ လသာ-၁ (ယခင် စင်ထရယ်)နဲ့ ဗိုလ်တထောင်-၆ (ယခင် စိန့်ပေါ) တို့ပါပဲ။ တစ်ခါတလေ ဘောလုံးပွဲအပြီး ရန်ပွဲတွေဆက်ရင် ပြည်တော်သာကွင်းနားက မြို့ပတ်ဘူတာရုံကနေ စီးလာလိုက်တဲ့ ကျောင်းသားတွေရဲ့ ရန်ပွဲဟာ စိန့်ဂျွန်းဘူတာ၊ လမ်းမတော်ဘူတာ၊ ဘုရားလမ်းဘူတာ၊ စိန့်ပေါဘူတာအထိ ဆက်တတ်တာမို့ ဆရာတွေ အလုပ်များကြရပါတယ်။

**အမျိုးသားရေးနဲ့ ဘာသာရေး**

မိမိအနေနဲ့ တတိယတန်းမှာ မျိုးချစ်စိတ်ပြင်းထန်ကာ သားတွေရဲ့ နာမည်ကို ပေါ်ထွန်း၊ ဘမော်၊ ဇော်ဝင်းဆိုပြီး အဲဒီခေတ် နိုင်ငံရေးခေါင်းဆောင်တွေရဲ့ နာမည်တွေ ပေးခဲ့တဲ့ ဆရာမ ဒေါ်ချစ်ညွန့်၊ စတုတ္ထတန်းမှာ ပန်းချီလည်း အသင်ကောင်း၊ ပုံတိုပတ်စလည်းပြောလေ့ရှိတဲ့ ဆရာကြီးဦးလှ၊ ပဉ္စမတန်းမှာ အဲဒီခေတ် မင်းသမီးချော ခင်ယုမေထက် ပိုလှတယ်လို့ တပည့်တွေပြောကြတဲ့ တီချယ် ဒေါ်ခင်သောင်းရီ၊ ဆဋ္ဌမတန်းမှာ စာသင်ကောင်းသလောက် မျက်နှာလည်းတည် စည်းကမ်းလည်းကြီးတဲ့ ဆရာမ ဒေါ်ရင်မေ၊ သတ္တမတန်းမှာ မြန်မာစာပေ၊ အမျိုးသားရေးနဲ့ ဘာသာရေးကို အထူးအလေးပေး သင်ကြားလေ့ရှိတဲ့ ဆရာကြီးဦးဖေ၊ အဋ္ဌမတန်းမှာ ကိုယ်တိုင်က တက္ကသိုလ် ကျောင်းသားသပိတ်ခေါင်းဆောင်မို့ တပည့်တွေကို မျိုးချစ်စိတ်ဓာတ်ရှိအောင် အခါမလပ် လမ်းညွှန်ဆုံးမလေ့ရှိတဲ့ ဆရာကြီးဦးဘသွယ်စတဲ့ ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးတွေရဲ့ အတန်းတွေမှာ အသိပညာ၊ အတတ်ပညာတွေ သာမက ဘဝတစ်သက်တာ တန်ဖိုးမဖြတ်နိုင်တဲ့ ပညာတွေ လေ့လာဆည်းပူးခွင့်ရခဲ့ပါတယ်။ အဲဒီနောက် မြို့မခေတ် ဆရာကြီး ဆရာမကြီးတွေ အတော်များများ အငြိမ်းစားယူခဲ့ကြသလို ဘီအေအီးဒီ၊ ဘီအီးဒီ ဆင်း ဆရာဆရာမ အများကြီး အထက(၂) ဒဂုံကို ပြုစုပျိုးထောင်ခဲ့ကြပါတော့တယ်။

(၉) တန်း အတန်းပိုင်က ဆရာမ ဒေါ်နုနု၊ (၁၀) တန်းမှာ အသက်မပြည့်လို့ နှစ်နှစ်နေလိုက်ရတော့ ပထမနှစ်က တီချယ် ဒေါ်ညွန့်ညွန့်ဆိုင် နောက်နှစ်က တီချယ် ဒေါ်အေးချိုပါ (နှစ်ယောက်လုံးက အင်္ဂလိပ်စာ သင်ကြတာပါ)။ မြန်မာစာဒေါ်ခင်ဆွေနဲ့ ဒေါ်မြသွင်၊ သင်္ချာဦးသန်းဦး၊ အက္ခရာသင်္ချာ ဒေါ်ခင်သန်းငွေ၊ ဓာတုဗေဒ ဦးမြင့်သိန်း၊ ရူပဗေဒ ဦးခင်မောင်ညွန့်၊ ဇီဝဗေဒ ဒေါ်စံနုနဲ့ ဒေါ်ခင်သက်ကြည်ကြည်တို့နဲ့ သင်ကြားခဲ့ကြရပါတယ်။ ဒီလိုနဲ့ပဲ (၁၀) တန်းကို မြန်မာစာ၊ သင်္ချာ၊ ဓာတု၊ ရူပ လေးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့ပါတယ်။

**မျိုးဆက် အဆက်ဆက်နဲ့ ကျင်းပခဲ့**

အမှန်တော့ ဒီမြို့မရာပြည့်ပွဲကို ခမ်းခမ်းနားနား ကျင်းပဖို့ လုပ်နေကြတာကြာနေပါပြီ။ မနှစ်က ၂၀၁၉ ခုနှစ်မှာ ရာပြည့်အကြိုပွဲကို တခမ်းတနား မျိုးဆက်အဆက်ဆက်နဲ့ ကျင်းပခဲ့ကြပါသေးတယ်။ ရာပြည့်အကြိုမဂ္ဂဇင်းကို ထုတ်ခဲ့လို့ မိမိလည်း အမိမြို့မကျောင်းကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဆောင်းပါးတစ်ပုဒ်ရေးခဲ့ပါသေးတယ်။ ရာပြည့်ပွဲ ထည်ထည်ဝါဝါ ခမ်းခမ်းနားနား ကျင်းပဖို့ ကော်မတီပေါင်းစုံကို ခေတ်အဆက်ဆက် မြို့မသားသမီးတွေနဲ့ ဖွဲ့စည်းခဲ့ကြပေမယ့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကြောင့် ကျန်ရာပြည့်ပွဲတွေလိုပဲ ကျင်းပနေကြရပါတယ်။ **"မြို့မ အမျိုးသားကျောင်း၊ ရာပြည့်သဘင်မဂ္ဂဇင်း"** ကိုလည်း အမှတ်တရသိမ်းဆည်းထားနိုင်အောင် အမျိုးသားစာပေဆုရှင်တွေဖြစ်တဲ့ "မစန္ဒာ" က အယ်ဒီတာချုပ်၊ ဆရာမောင်မိုးယံ၊ ဆရာဆောင်းဝင်းလတ်၊ ဆရာစလင်းဘုန်းကျော်တို့ အပါအဝင် အယ်ဒီတာအဖွဲ့ဖွဲ့ပြီး လုပတဲ့ ပန်းချီကားချပ်ကြီးတစ်ခုအဖြစ် ခြယ်မှုန်းခဲ့ကြပါတယ်။ **စာမျက်နှာ ၈ သို့** ❖

စာမျက်နှာ ၈ သို့

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း



အမည်ရင်းမှာ ပါမောက္ခ ဒေါက်တာညွန့်သိန်း ဖြစ်သည်။ ၈-၉-၁၉၅၃ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး အခြေခံပညာကို မြို့မကျောင်း( အထက-၂ ဒဂုံ) တွင် ဆည်းပူးခဲ့ကာ ၁၉၆၉ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ စကောလားရှစ်( အစိုးရပညာသင်ဆု) ရရှိတက်ရောက်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဆေးပညာဘွဲ့( M.B.B.S) ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အစိုးရဝန်ထမ်းဖြစ်ခဲ့ပြီး ဆေးတက္ကသိုလ်(၁) မှ ရောဂါဗေဒ ဘွဲ့လွန်ဒီပလိုမာ(၁၉၈၆) နှင့် ဆေးပညာသင်ကြားရေးဒီပလိုမာ (၂၀၀၅) တို့ ရရှိခဲ့သည်။ ယူကေနိုင်ငံမှ MRCP(UK), FRCP(Edinburgh),FRCP(London), FRCP(Glasgow) ဘွဲ့များ ချီးမြှင့်ခံခဲ့ရသည်။ ၁၉၈၁ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့ပြီး ဆေးတက္ကသိုလ်(၂) ရောဂါဗေဒဌာန သရုပ်ပြ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ရောဂါဗေဒဌာန လက်ထောက်ကထိက၊ ဆေးပညာဌာနတွင် လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ၊ ပါမောက္ခ/ဌာနမှူးရာထူး အဆင့်ဆင့်တာဝန်ယူခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် သက်ပြည့်အငြိမ်းစားယူကာ ဆေးတက္ကသိုလ်(၁) ၏ ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်ကြားရေးနှင့် တက္ကသိုလ်၏ လိုအပ်သည့်ကဏ္ဍများတွင် ဆက်လက်ပံ့ပိုးလျက်ရှိသည်။

ယူကေနိုင်ငံ တော်ဝင်သမားတော်ကောလိပ်များက ချီးမြှင့်သည့် MRCP နောက်ဆုံးအဆင့်စာမေးပွဲကို မိမိတို့နိုင်ငံတွင်ပင် စာစစ်ဌာနဖွင့်လှစ်စစ်ဆေးနိုင်ရန် ကြိုးပမ်းခဲ့ရာ အောင်မြင်ခဲ့ပြီး ယခုအချိန်တွင် အမိနိုင်ငံအတွက် MRCP (၇၀၀) ကျော်နှင့် FRCP(၁၀၀) ကျော် မွေးထုတ်ပေးနိုင်ခဲ့သည်။ ယူကေတော်ဝင်ကောလိပ်အုပ်စုကြီး(RCP Federation Group) က ကမ္ဘာပေါ်တွင် ပထမဆုံးချီးမြှင့်သည့် MRCP PACES Champion တံဆိပ်ကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ RCP Edinburgh က ချီးမြှင့်သည့် ဂုဏ်ပြုတံဆိပ်(College Medal) ကို ၂၀၁၈ ခုနှစ်တွင်လည်းကောင်း မြန်မာသမားတော်တစ်ဦးအနေဖြင့် နိုင်ငံ့ကိုယ်စားပြုရယူနိုင်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနက ချီးမြှင့်သည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် "ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဆု" "Best Teacher Award" ကိုလည်း ရရှိထားပါသည်။ "ပါမောက္ခသိန်း" ကလောင်အမည်ဖြင့် သုတ၊ ရသဆိုင်ရာ စာအုပ် လေးအုပ် ရေးသားခဲ့ရာ "ဆရာဝန်တင်ရွှေစာပေဆု"၊ " ထွန်းဖောင်ဒေးရှင်းစာပေဆု"၊ "သုတစွယ်စုံ စာပေဆု" များ ချီးမြှင့်ခံခဲ့ရသည်။ ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူဟောင်းများအသင်းကြီး၏ဥက္ကဋ္ဌ၊ ခေတ်သစ်ဖောင်ဒေးရှင်း၏နာယက၊ နာရေးကူညီမှုအသင်းကြီး၏ ကုသိုလ်ဖြစ်သမားတော်နှင့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိ ကိုဗစ်-၁၉ အချိန်တွင် "Book Land by Myanmar Book Center" မှ တပည့် သားသမီးများနှင့် ဦးဆောင်ပြီး အလှူရှင်များနှင့်အတူ ကျန်းမာရေးဝန်ထမ်း Front Liners များအတွက် လိုအပ်သည့် ကာကွယ်ရေး ပစ္စည်းများ၊ နေ့လယ်၊ ညနေစာများကို ရောဂါစဖြစ်သည့်အချိန်မှစ၍ ယခုအချိန်အထိ ပံ့ပိုးလှူဒါန်းလျက်ရှိသလို နိုင်ငံတော်မှဖွဲ့စည်းထားသည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်အဖြစ်လည်း ထမ်းဆောင်လျက်ရှိပါသည်။

**အထူးသဖြင့် မြို့မဂုဏ်ဆောင်ပုဂ္ဂိုလ်များကဏ္ဍအတွက် လူတွေသိပ်မသိကြ၊ သတိမထားမိကြတဲ့ ဆေးလောကရဲ့ ထူးချွန်ထင်ရှား ဆေးပညာရှင်များအတွက် သက်ရှိထင်ရှားရှိနေသေးတဲ့ သက်ကြီးဆေးပညာရှင်ကြီးတချို့ကို လူကိုယ်တိုင်တွေ့ပြီး အင်တာဗျူးလုပ်၊ ဓာတ်ပုံမှတ်တမ်းပါလုပ်ကြဖို့ မိမိနဲ့ မြို့မဟောင်းတစ်ယောက်ဖြစ်တဲ့ ပါမောက္ခ ဦးခင်မောင်ချို (ဒဿနဗေဒ တာဝန်ခံပါမောက္ခချုပ်၊ ဟသ်ာတတက္ကသိုလ်) တို့ ၂၀၂၀ နှစ်စကတည်းက ကြံစည်စီစဉ်ခဲ့ကြသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် မလုပ်နိုင်ခဲ့ဘဲ အမှတ်တရဆောင်းပါးတစ်ခုပဲ အချိန်မီပို့ပေးနိုင်ခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး အထူးစီမံချက်တွင် ချိတ်ဆက် ပူးပေါင်း ကူညီဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အထူးစီမံချက်တွင် ချိတ်ဆက်ပူးပေါင်း ကူညီဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး၌ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခုလက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လိုအပ်ချက်အရ နည်းဗျူဟာများ ပြောင်းလဲဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ထိန်းချုပ်ရေးအဖြစ် ပြည်သူလူထုကြားတွင် ပိုမိုထိရောက်သည့်နည်းလမ်းများ ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ အောက်ခြေတွင် လက်တွေ့ဆောင်ရွက်နေကြသူများက အခက်အခဲစိန်ခေါ်မှုများကို ပိုမိုသိရှိပြီး လိုအပ်သော လက်တွေ့ကျကျ ချိတ်ဆက်ဆောင်ရွက်မှုများအတွက် အကြံပြုကြရန်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဆောင်ရွက်ချက်များကို ပူးပေါင်းဆောင်ရွက် ပံ့ပိုးကူညီရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ချမှတ်ထားသော မဟာဗျူဟာနှင့်အညီ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုအဖွဲ့ အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

နည်းဗျူဟာများ ပြောင်းလဲဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အထူးစီမံချက်ဖြင့် ဆောင်ရွက်နိုင်ရန် ရောဂါအဖြစ်များသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့တွင် စေတနာ့ဝန်ထမ်း နည်းပြသင်တန်းရရှိပြီးသူများ ၊ စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းရရှိပြီးသူများ၊ အရေးပေါ်ယာဉ်မောင်းများ ပညာပေးသင်တန်း ရရှိပြီးသူများရှိပါကြောင်း၊ အဆိုပါ အင်အားများကို ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ စေတနာ့ဝန်ထမ်းများအဖြစ် စနစ်တကျပါဝင်နိုင်အောင် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် စနစ်တကျ ချိတ်ဆက်နိုင်မည့် နည်းလမ်းများနှင့် အကောင်အထည်ဖော်မည့်နည်းလမ်းများကို ဖော်ထုတ်ဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးပညာပေးနှင့် ပတ်သက်၍ ပြောင်းလဲကျင့်သုံးလာသည့် နည်းဗျူဟာများကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပြည်သူလူထုခံစားရမှုများကို သက်သာစေရန်နှင့် လိုအပ်ချက်အရ ချိတ်ဆက်ဆောင်ရွက်ရမည့်နည်းလမ်းများကို ပြည်သူလူထုအခြေပြု ကိုဗစ်ကပ်ရောဂါဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း အစီအစဉ်အဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်းက ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုပြောင်းလဲဆောင်ရွက်လျက်ရှိသော ပြည်သူလူထု အခြေပြု ကိုဗစ်-၁၉ ထိန်းချုပ်ရေး လုပ်ငန်းစဉ်အောင်မြင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လူမှုရေးဝန်ကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံဉာဏ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ထိန်းချုပ်ရေး အထူးစီမံချက်ကို ပြည်သူလူထုအခြေပြု ကိုဗစ်ကပ်ရောဂါဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း အစီအစဉ်နှင့် ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ စေတနာ့ဝန်ထမ်းများ၏ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်မှုများဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် လတ်တလောတွင် ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေသော်လည်း ရေရှည်တွင် ရပ်ကွက်/ကျေးရွာများအထိ လူငယ်ရေးရာမူဝါဒနှင့် မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းများတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင်လည်း စွမ်းရည်မြှင့်တင်မှုများ၊ ပံ့ပိုးကူညီမှုများဖြင့် ဆက်လက်ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ လူမှုရေးဝန်ကြီးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူငယ်ရေးရာကော်မတီဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင်ရာပြည့် အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင် ပဟေဠိပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပဟေဠိပြိုင်ပွဲ (8 PM Quiz Night Show) ကို ဒီဇင်ဘာ ၁၃ ရက် ည ၈ နာရီတွင် 7Day TV Facebook စာမျက်နှာမှ တစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ကျင်းပခဲ့သည်။

အဆိုပါ ရုပ်ရှင်ပဟေဠိပြိုင်ပွဲ အစီအစဉ်တွင် မြန်မာ့ရုပ်ရှင်ခေတ်ဦးမှ ယနေ့ကာလအထိ ဖြတ်သန်းခဲ့သော ရုပ်ရှင်သမိုင်းကြောင်းများ၊ ရုပ်ရှင်သရုပ်ဆောင်များ၏ အနုပညာလှုပ်ရှားမှုများ၊ ရုပ်ရှင်ဇာတ်ကားများ၊ အကယ်ဒမီဆုရရှိသူများစသည့် မေးခွန်းများကို မေးမြန်းခဲ့ပြီး စုစုပေါင်း ၉၁၇ ဦး ဝင်ရောက်ဖြေဆို ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို အမှတ်ပေါင်း ၂၃၃၃ မှတ်ရရှိသော Mi Theint အမည်ဖြင့် ဝင်ရောက်ဖြေဆိုခဲ့သူကလည်းကောင်း၊ ဒုတိယဆုကို အမှတ်ပေါင်း ၂၃၃၀ ရရှိခဲ့သော katkat 18 အမည်ဖြင့် ဝင်ရောက်ဖြေဆိုသူက လည်းကောင်း၊ တတိယဆုကို အမှတ်ပေါင်း ၂၂၉၈ မှတ်ရရှိသော Nyein Chan အမည်ဖြင့် ဝင်ရောက်ဖြေဆိုသူကလည်းကောင်း ရရှိခဲ့ကြပြီး ဆုရရှိသူများအား ဒီဇင်ဘာ ၁၈ ရက်တွင် Virtual ဆုပေးပွဲအခမ်းအနားဖြင့် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင် ပဟေဠိပြိုင်ပွဲဖြစ်မြောက်ရေးအတွက် သရုပ်ဆောင် အကယ်ဒမီဆုများရှင် ရန်အောင်၊ အကယ်ဒမီ နေတိုးနှင့် အကယ်ဒမီဆုများရှင် ထက်ထက်မိုးဦးတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် 7 Day TV တို့က ပူးပေါင်းစီစဉ်တင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းကို(FDC)**

❖ စာမျက်နှာ ၇ မှ

အခက်အခဲအမျိုးမျိုး ကြားထဲကပဲ ခေတ်အဆက်ဆက် အသိ၊ အတတ်၊ စာပေပညာရှင်တွေဆီက ရသလောက် စာမူတွေ၊ မှတ်တမ်းတွေ၊ ဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာ ထုတ်ဝေခဲ့ကြတဲ့ မဂ္ဂဇင်းကော်မတီနဲ့ အယ်ဒီတာအဖွဲ့က ရာနှုန်းပြည့် စိတ်တိုင်းကျ မလုပ်နိုင်ခဲ့တာကို တောင်းပန်ထားကြပေမယ့် အထူးကျေးဇူးတင် ဂုဏ်ပြုထိုက်ပါတယ်။

အထူးသဖြင့် မြို့မဂုဏ်ဆောင်ပုဂ္ဂိုလ်များကဏ္ဍအတွက် လူတွေသိပ်မသိကြ၊ သတိမထားမိကြတဲ့ ဆေးလောကရဲ့ ထူးချွန်ထင်ရှား ဆေးပညာရှင်များအတွက် သက်ရှိထင်ရှားရှိနေသေးတဲ့ သက်ကြီးဆေးပညာရှင်ကြီးတချို့ကို လူကိုယ်တိုင်တွေ့ပြီး အင်တာဗျူးလုပ်၊ ဓာတ်ပုံမှတ်တမ်းပါ လုပ်ကြဖို့ မိမိနဲ့ မြို့မဟောင်းတစ်ယောက်ဖြစ်တဲ့ ပါမောက္ခ ဦးခင်မောင်ချို (ဒဿနဗေဒ၊ တာဝန်ခံပါမောက္ခချုပ် ဟသ်ာတ တက္ကသိုလ်) တို့ ၂၀၂၀ နှစ်စကတည်းက ကြံစည်စီစဉ်ခဲ့ကြသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် မလုပ်နိုင်ခဲ့ဘဲ အမှတ်တရဆောင်းပါးတစ်ခုပဲ အချိန်မီ ပို့ပေးနိုင်ခဲ့ပါတယ်။

### ထူးချွန်ထင်ရှားခဲ့တဲ့ ဆေးပညာရှင်ကြီးတွေ

အဲဒီလို ထူးချွန်ထင်ရှားခဲ့တဲ့ ဆေးပညာရှင်ကြီးတွေထဲက မိမိလက်လှမ်းမီတဲ့ ငါးဦးက - (၁) (၇-၁-၂၀၂၀) တွင် ကွယ်လွန်သွားရှာတဲ့ ပါမောက္ခဆရာကြီး ဦးအောင်သန်းဘတူ (၉၀ နှစ်) အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်နှင့် ဂုဏ်ထူးဆောင် သုတေသနပညာရှင်ကြီး ဆေးသုတေသနဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူး၊ WHO -SEARO၊ (၂၀၁၉) ခုနှစ် ကမ္ဘာ့ဆရာများနေ့တွင် ပညာရေးဝန်ကြီးဌာန၏ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး (Best Teacher Award) ဆုရှင်နှင့် သက်ရှိထင်ရှား ရှိနေကြသေးတဲ့ (၂) ဒေါက်တာရီရီလှ (ယုဝတီခင်ဦး) (၉၁) နှစ် အငြိမ်းစားကလေးအထူးကု ဆရာဝန်မကြီး၊ (၃) ပါမောက္ခ ဦးမောင်မောင်စိန်(၉၀)နှစ် အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ခွဲစိတ်ကုဆရာဝန်ကြီး အီဒင်ဘာရာတော်ဝင်ခွဲစိတ်ကောလိပ်၏ ဂုဏ်ထူးဆောင် ရုပ်တုနှင့် ဂုဏ်ပြုတံဆိပ်ရှင်၊ (၄) ဒေါက်တာဦးကြည်လင် (၈၉) နှစ် အငြိမ်းစား ဓာတ်မှန်ပါရဂူဆရာဝန်ကြီးနဲ့ (၅) ဗိုလ်မှူးကြီး (ငြိမ်း) သန်းဇင် (၈၈) နှစ် (ကျောင်းသားဘဝ အမည် ကိုကိုကြီး) အငြိမ်းစား ဒုတိယဝန်ကြီး(ကျန်းမာရေး/ စက်မှု) နှင့် အရိုးရောဂါအထူးကုပါရဂူတို့တွေပါ။

ဒါ့အပြင် တချို့လည်းမရှိကြတော့သလို တချို့လည်း နိုင်ငံရပ်ခြားရောက်နေကြတဲ့ ကျောင်းကျန်းမာရေး ဆရာဝန်မကြီး ဒေါက်တာဒေါ်မမရီ၊ တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး(ငြိမ်း) လှဘူး၊ အငြိမ်းစား သားဖွားမီးယပ်ပါရဂူ ပါမောက္ခဒေါ်မေသွင်၊ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဦးခင်မောင်လတ်၊ အငြိမ်းစား မြန်မာ့လေကြောင်း ဆေးမှူးချုပ် ဒေါက်တာဦးမြင့်သိန်း၊ မြန်မာ့ဆိပ်ကမ်းဆရာဝန်ကြီး ဒေါက်တာဦးမျိုးအောင်ကျော်လွင်၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသိန်းဒန်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာဦးခင်မောင်လေးတို့တွေဟာလည်း Old Myoma တွေဖြစ်ကြပြီး မိမိ မကြား၊ မသိမိလိုက်တဲ့ ဆေးပညာရှင်တွေ ရှိနေနိုင်ပါသေးတယ်။

### ဆေးလောက ဂုဏ်ဆောင်ခဲ့

မိမိတို့ ဒီဘက်ခေတ်မှာလည်း မိမိထက်နှစ်တန်းသုံးတန်းကြီးတဲ့ အတန်းတွေက ဆေးလောက ဂုဏ်ဆောင်ခဲ့ကြတဲ့ Old Myoma တွေထဲမှာ ဒေါက်တာဦးစိုးတင့် (ငှက်ဖျားနှင့် ကူးစက်ရောဂါပါရဂူ)၊ ပါမောက္ခဦးသက်နိုင် (ဓာတ်မှန်ပါရဂူ)၊ ပါမောက္ခဦးအောင်ကြီး (အငြိမ်းစား ဒုပါမောက္ခချုပ် ဆေးတက္ကသိုလ်-၂ နှင့် ရောဂါဗေဒပါရဂူ) (စာရေးဆရာ အောင်၊ ဆေး-၁)တို့ ရှိနေကြပါတယ်။ အခု မော်ဒယ်လ်လုပ်ရင်း ကျန်းမာရေးပညာပေး ရိုက်ကူးမှုတွေ လုပ်သလို နိုင်ငံတော်အဆင့်ပွဲလမ်းသဘင်တွေမှာ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာစကားပြောပြီး အခမ်းအနားမှူးအဖြစ် ပီပြင်ကျင်လည်စွာလုပ်လေ့ရှိတဲ့ သမီးဒေါက်တာအေးချမ်းမိုးဟာလည်း မြို့မထွက်သမီးတစ်ယောက်ပါ။

### နှစ်ဘဝကို ဖြတ်သန်းခဲ့

မိမိက ငယ်ငယ်ကလေးဘဝကတည်းက ကြီးလာရင် ဘာလုပ်မလဲဆို ဆရာဝန်လုပ်ပြီး ဆေးကုမယ်၊ ဆရာလုပ်ပြီး စာသင်မယ်လို့ ဖြေလေ့ရှိပါတယ်။ အဲဒီအရွယ်က အဲဒီလို လုပ်လို့ရမှန်း သိလို့မဟုတ်ပါဘူး။ တကယ်ဖြစ်ချင်တာ၊ လုပ်ချင်တာကို ကလေးသဘာဝပြောခဲ့တာပါ။ မြို့မ ဆရာ ဆရာမတွေရဲ့ သင်ကြားပြသလမ်းညွှန်မှုကြောင့်ပဲ ဆေးတက္ကသိုလ်ကို စကောလားရှစ်ပညာသင်ဆုနဲ့ တက်ခဲ့ရပြီး နိုင်ငံ့ဝန်ထမ်းစဖြစ်စဉ်ကတည်းက အငြိမ်းစားယူပြီး အခုအချိန်အထိ ဆေးကုတဲ့ ဆရာဝန်၊ စာသင်တဲ့ ကျောင်းဆရာ နှစ်ဘဝကို ဖြတ်သန်းခဲ့ပါတယ်။

ဆေးတက္ကသိုလ် (၂) မှာ သရုပ်ပြဆရာဝန်ရာထူးနဲ့ စတင်ခဲ့ပြီး နောက်ပိုင်းဆေးတက္ကသိုလ် (၁)ရန်ကုန် ဆေးပညာဌာနမှာ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ၊ နောက်ဆုံးဌာနမှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဌာနမှူးတာဝန်ယူချိန် ယူကေ တော်ဝင်သမားတော် ကောလိပ်များရဲ့ ဌာနေကိုယ်စားလှယ်အဖြစ် မိမိတို့နိုင်ငံမှာ ယခင်က ယူကေအထိသွားခဲ့ကြရတဲ့ အမ်အာရ်စီပီ စာမေးပွဲ အဆင့်အားလုံးကို မြန်မာနိုင်ငံအတွင်းမှာပင် အဆင့်မြင့်မြင့် စစ်ဆေးနိုင်အောင်ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် MRCP ၇၀၀ ကျော် FRCP ၁၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့လို့ ယူကေ တော်ဝင်သမားတော် ကောလိပ်များအဖွဲ့ချုပ်ရဲ့ ကမ္ဘာမှာ ပထမဆုံးချီးမြှင့်တဲ့ ဂုဏ်ပြုဆု (Champion Award) ကိုရော အီဒင်ဘာရာတော်ဝင်သမားတော်ကောလိပ်ရဲ့ ဂုဏ်ပြုတံဆိပ် (College Medal) ကိုပါ ရရှိခဲ့လို့ အမိမြို့မ၊ အမိဆေးတက္ကသိုလ်(၁) နဲ့ အမိမြန်မာပြည်ကိုယ်စား ဂုဏ်ယူစွာ လက်ခံခဲ့ပါတယ်။

ဆရာကြီးဦးအောင်သန်းဘတူလိုပဲ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့တွင် ပညာရေးဝန်ကြီးဌာန၏ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး (Best Teacher Award) ဆုကိုရရှိခဲ့သလို ဆေးကုတဲ့ဆရာဝန်၊ စာသင်တဲ့ ဆရာနှစ်ဘဝရဲ့ အတွေ့အကြုံတွေကိုအသုံးချပြီး သုတ၊ ရသ စာအုပ်ငါးအုပ် ရေးသားထုတ်ဝေခဲ့ရာ ဆရာဝန်တင်ရွှေစာပေဆု( ၂၀၀၉ )၊ ထွန်းဖောင်ဒေးရှင်းစာပေဆု(၂၀၁၂) နဲ့ သုတစွယ်စုံစာပေဆု (၂၀၁၆)တို့ ချီးမြှင့်ခံခဲ့ရတာဟာ မြို့မရဲ့ ဆရာ ဆရာမကြီးတွေ ပျိုးထောင်ပေးခဲ့တဲ့ မြန်မာစာအခြေခံနဲ့ ပတ်ဝန်းကျင် လေ့လာမှုတွေရဲ့ ပံ့ပိုးမှုတွေကြောင့်ပါ။

### မြို့မစိတ်ဓာတ်တွေ

မိမိအနေနဲ့ နိုင်ငံ့တာတာဝန်ကို အသက်(၆၀) ကျော်သက်ပြည့်ပင်စင်ယူသည်အထိ အပြစ်အနာအဆာမရှိ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအချိန်မှာ ဆေးတက္ကသိုလ်(၁)ရဲ့ ဂုဏ်ထူးဆောင်ပါမောက္ခ (Emeritus Professor) အနေနဲ့ရော ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူဟောင်းများ အသင်းကြီးရဲ့ ဥက္ကဋ္ဌအဖြစ်ပါ တာဝန်ထမ်းဆောင်နေတာဟာ မူလတန်းအဆင့်မှာကတည်းက အမိမြို့မကျောင်းက အသည်းထဲစွဲနေအောင်ထည့်ပေးခဲ့တဲ့ မြို့မစိတ်ဓာတ်တွေဖြစ်တဲ့ မျိုးချစ်စိတ်၊ တာဝန်ယူမှု တာဝန်ခံမှုစိတ်၊ အများအတွက် အမြဲဦးစားပေး စဉ်းစားလုပ်ကိုင်စေတဲ့ ပရဟိတစိတ်၊ ဘာသာတရားကိုင်းရှိုင်းပြီး သင်ဆရာ မြင်ဆရာကြားဆရာအားလုံးကို ကိုယ့်မိဘအရင်းလို တစ်သက်လုံး သဘောထားကာ လေးစားရိုသေ ကိုင်းရှိုင်းတဲ့စိတ်၊ အမှားနဲ့အမှန်ကို သေသေချာချာခွဲခြမ်းစိတ်ဖြာတတ်ပြီး အမှန်ကို ရဲရဲဝံ့ဝံ့ပြောဆို၊ အမှန်ဘက်က ရပ်တည်ရဲတဲ့စိတ်၊ အဲဒီ မြို့မစိတ်ဓာတ်တွေကြောင့် နိုင်ငံတော်အတွက် လိုအပ်တဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွေကို ဆက်လက်ထမ်းဆောင်နေတဲ့ မြို့မသားကောင်းအဖြစ် ဂုဏ်ယူနေဆဲပါ။

မြို့မဖခင်ကြီး ဆရာကြီးဦးဘလွင်နဲ့ ကျေးဇူးရှင်မြို့မဆရာကြီး ဆရာမကြီးများအားလုံးကို လက်ဆယ်ဖြာ ထိပ်မှာမိုးကာ ရှိခိုးဦးခိုက်လျက် . . .။ ။

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲရေးအတွက် ဆရာသမဂ္ဂများ၊ ဆရာအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan – NESP) (2021–2030) ရေးဆွဲရေးအတွက် ဆရာသမဂ္ဂများ၊ ဆရာအသင်းအဖွဲ့များ၊ ဆရာဆရာမများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)မှ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆရာသမဂ္ဂများ၊ ဆရာအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ အွန်လိုင်းဖြင့် ပါဝင်ဆွေးနွေးကြသည်။

**စိစစ်တွေ့ရှိရမည်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးပွဲသို့ အချိန်ပေးပြီး တက်ရောက်လာကြသည့် ဆရာ ဆရာမများအားလုံးကို တန်ဖိုးထားလေးစားပါကြောင်း၊ အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုသည် ပညာရေးအရည်အသွေးအတွက် အရေးကြီးပါကြောင်း၊ အားလုံးဆက်လက်ပြီး ညီညီညွတ်ညွတ်နှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း၊ ပညာရေး ၄ ဒသမ ၀ သို့ ခုန်ကျော်သွားခြင်း၊ ကျောင်းသား ကျောင်းသူများကို ဗဟိုချက်တွင်ထားခြင်း (Leapfrogging to Education 4.0: Student at the Core, November 2017, FICCI, page–19)၊ OECD အနာဂတ်ပညာရေးနှင့် ကျွမ်းကျင်မှုများ ၂၀၃၀၊ OECD သင်ယူမှုနယ်ပယ် ၂၀၃၀ (OECD Future of Education and Skills 2030: OCED Learning Compass 2030 Pg–12) စသည်တို့ကို လေ့လာပါက စက်မှုနှင့် ပညာရေးယှဉ်တွဲပြောင်းလဲမှုများကို စိစစ်တွေ့ရှိရမည်ဖြစ်ပါကြောင်း။

၁၈ ရာစုတွင် ရေနွေးငွေ့စက်ရုံများ ဆန်းသစ်တီထွင် ဖန်တီးနိုင်ခဲ့သည်ကို စက်မှုပြောင်းလဲရေး ၁.၀ (Industry 1.0) ဟု သတ်မှတ်ခဲ့ပါကြောင်း၊ ထိုကာလ၌ ပညာရေး ၁.၀ (Education 1.0) ဆိုသည်မှာ ဆရာများမှာ အနည်းဆုံး ပညာအရည်အချင်း သတ်မှတ်ချက်မရှိခဲ့ပါကြောင်း၊ သင်ရိုးညွှန်းတမ်းမှာလည်း သတ်မှတ်ချက်မရှိဘဲ တစ်ဦးမှ တစ်ဦးသို့သာ သင်ကြားပို့ချခဲ့ကြောင်း၊ သုတေသနမှာလည်း စုဝေး၍ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာများသာ ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်မှု၊ အဆောက်အအုံနှင့် အထောက်အပံ့တို့မှာလည်း အကန့်အသတ်ဖြင့်သာ ရှိခဲ့ပါကြောင်း။

**သင်ကြားပို့ချ**

၁၉ ရာစုတွင် လျှပ်စစ်ကို ဆန်းသစ်တီထွင် ဖန်တီးနိုင်ခဲ့၍ ထုတ်ကုန်အမြောက်အမြားထုတ်လုပ်ရန် ဆောင်ရွက်နိုင်ခဲ့သည်ကို စက်မှုပြောင်းလဲရေး ၂.၀ (Industry 2.0)ဟု သတ်မှတ်ခဲ့ပါကြောင်း၊ ထိုကာလ၌ ပညာရေး ၂.၀ (Education 2.0) ဆိုသည်မှာ အချိန်ပြည့်ဆရာများ၊ အနည်းဆုံးပညာအရည်အချင်း သတ်မှတ်ချက်များရှိခဲ့ပြီး သင်ရိုးညွှန်းတမ်းနှင့် စာသင်ခန်းတွင်း သင်ကြားခြင်းရှိခဲ့ပါကြောင်း၊ ဆရာက လူအများစုကို စံသတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပို့ချပါကြောင်း၊ လူမှုရေးသိပ္ပံနှင့် သိပ္ပံနယ်ပယ်များတွင် သုတေသနဆောင်ရွက်လာခဲ့ပြီး ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှာလည်း အကန့်အသတ်ဖြင့် ရှိခဲ့ပါကြောင်း၊ တက္ကသိုလ်များ ပေါ်ပေါက်လာပြီး စာသင်ခန်းမများ၊ အိပ်ဆောင်များ၊ အပန်းဖြေနေရာများ ရှိလာခဲ့ပါကြောင်း၊ ကျောင်းလခမှ ဝင်ငွေရရှိသလို အစိုးရကျောင်းများကို နိုင်ငံတော်ဘဏ္ဍာမှ ထောက်ပံ့လာခဲ့ပါကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေများ ထူထောင်ခဲ့ပြီး နိုင်ငံအစိုးရတို့က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ချုပ်မှုစနစ်ကို သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀ ရာစုတွင် အလိုအလျောက်နည်းပညာ၊ အီလက်ထရောနစ်၊ အိုင်တီတို့ကို ဆန်းသစ်တီထွင် ဖန်တီးနိုင်ခဲ့သည်ကို စက်မှုပြောင်းလဲရေး ၃.၀ (Industry 3.0) ဟု သတ်မှတ်ခဲ့ပါကြောင်း၊ ထိုကာလအတွင်း ပညာရေး ၃.၀ (Education 3.0) ဆိုသည်မှာ အချိန်ပြည့်ဆရာများ၊ အနည်းဆုံးပညာအရည်အချင်း သတ်မှတ်ချက်များရှိခဲ့ပါကြောင်း၊ စံသတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းများဖြစ်သော်လည်း အွန်လိုင်းသင်ယူခြင်း အခွင့်အလမ်းရှိလာခဲ့ပြီး နည်းပညာအသုံးချ၍ သုတေသနကို ပူးပေါင်းဆောင်ရွက်ခြင်း အားပေးကူးပြောင်းလာခဲ့ပါကြောင်း၊ ဆက်သွယ်ရေးနည်းပညာအားကောင်းလာပြီး ပူးပေါင်းဆောင်ရွက်မှုမှာလည်း တိုးတက်လာခဲ့ပါကြောင်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံလာခဲ့ကြပြီး ဘဏ္ဍာရေးမှာလည်း ကျောင်းလခအပေါ်တွင်သာ အခြေပြုလာခဲ့ပါကြောင်း၊ ပညာရေးအဆင့်အတန်း သတ်မှတ်ချက်များ ရှိလာ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လာခဲ့ပါကြောင်း။

ဉာဏ်ရည်တု (AI)၊ အင်တာနက်ပစ္စည်းများ Internet of Things (IOT)၊ Cloud Computing, များပြားသော အချက်အလက်များ စုစည်းထားခြင်း (Big Data)၊ စက်ရုပ်တီထွင်အသုံးချမှုပညာ (Robotics) စသည်များ ဆန်းသစ်တီထွင်ဖန်တီးနိုင်ခဲ့သည်ကို စက်မှုပြောင်းလဲရေး ၄.၀ (Industry 4.0) ဟု သတ်မှတ်ပါကြောင်း။

**အားကောင်းလာ**

၂၁ ရာစုတွင် နိုင်ငံများအကြား အပြန်အလှန်မှီခိုမှုရှိလာပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချလာပါကြောင်း၊ အကြမ်းဖက်မှုများ၊ အမျိုးသားရေးဝါဒများ၏ စိန်ခေါ်မှုများရှိလာပါကြောင်း၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတွင် ဆိုက်ဘာနည်းပညာ (ဆိုရှယ်မီဒီယာ၊ ဉာဏ်ရည်တု(AI)၊ သုံးဖက်မြင်ဖြင့် ပုံနှိပ်ထုတ်ခြင်း (3–D Printing)၊ စက်ရုပ်တီထွင်အသုံးချမှုပညာ (Robotics))၊ အင်တာနက်ပစ္စည်းများ (Internet of Things)၊ များပြားသော သတင်းအချက်အလက်များစုစည်းထားခြင်း (Big Data)၊ ဒစ်ဂျစ်တယ်အသုံးပြုခြင်း (Digitalization)၊ Post–truth သတင်းမှားများ (Fake News) အားကောင်းလာပါကြောင်း၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်စီးပွားရေးများ၊ လူမှုရေးဆိုင်ရာ စွန့်ဦးတီထွင်မှုများ အားကောင်းလာပါကြောင်း၊ စားသုံးသူများကလည်း ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်လာပါကြောင်း၊ တန်ဖိုးထားမှုများ စိတ်ခံစားမှုများ အဓိကကျလာပါကြောင်း၊ Corporate Social Responsibility (CSR) မှ Creating Shared Value (CSV) အလေးထား ဆောင်ရွက်လာ၍ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (SDGs) က ပို၍ အဓိကကျသော အခန်းကဏ္ဍဖြစ်လာပါကြောင်း၊ လူသားများသည်လည်း သဘာဝနှင့် လူသားအတူယှဉ်တွဲ၍ အရေးပါလာပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)၊ ရေရှည်တည်တံ့ခိုင်မြဲစေရန် သယံဇာတအရင်းအမြစ်များကို အသုံးပြု၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Green Growth) တို့လည်း အရေးပါလာပါကြောင်း၊ သဘာဝသည်လည်း လူ့စွမ်းအားစုတစ်ရပ်လုံး၏ စွမ်းရည်အသိပညာ၊ အတွေ့အကြုံနှင့် အရည်အသွေးများ (Human Capital)၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သောစွမ်းရည် အသိပညာ၊ အတွေ့အကြုံနှင့် အရည်အသွေးများ (Cultural Capital)၊ လူ့အဖွဲ့အစည်းအတွင်း အချင်းချင်း ထိရောက်သော ဆက်ဆံဖြစ်စေခြင်းများ (Social Capital) အရေးပါလာပါကြောင်း၊ ရွှေ့ပြောင်းနေထိုင်မှုများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများ၊ လူ့သက်တမ်းရှည်ကြာမှုများ အရှိန်အဟုန်မြင့်မားလာပါကြောင်း၊ မွေးဖွားနှုန်း လျော့နည်းလာခြင်း၊ မညီမျှမှုမြင့်မားလာခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများမှာလည်း အသင်းအဖွဲ့ စိတ်ဓာတ်ရှိမှု၊ တစ်သားတည်းရှိမှု၊ လိုက်လျောညီထွေ ပြင်ပြောင်းလွယ်မှု၊ ပွင့်လင်းမြင်သာမှုတို့ကိုအခြေခံ၍ စုပေါင်းအင်အားဖြင့် တာဝန်ယူ တာဝန်ခံဆောင်ရွက်ခြင်း၊ ကျောင်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျောင်းနှင့် လူမှုအဖွဲ့အစည်းများလည်း အဆင့်လိုက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သင်ရိုးညွှန်းတမ်းမှာလည်း အပြန်အလှန် မှီခိုမှုအတွက် ပြင်ဆင်မှုအားကောင်းလာပါကြောင်း၊ လူသားကောင်းအတွက် ပညာရေး၊ ကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲ သင်ယူရန်လိုအပ်ပါကြောင်း၊ နောက်ခံအခြေအနေနှင့် မျှော်မှန်းချက်မတူသူများအတွက် စုပေါင်းအင်အားဖြင့် တာဝန်ယူ တာဝန်ခံ၍ ဆုံးဖြတ်ပြီး တစ်သက်တာ ဒစ်ဂျစ်တယ်သင်ယူမှု အခွင့်အလမ်း၊ တစ်သက်တာပေါင်းစပ်သင်ယူမှု အခွင့်အလမ်းများ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

ပညာရေးက စက်မှုထက်သာလွန်အားကောင်းပါက သုခချမ်းသာပြည့်ဝ(Prosperity)၍ စက်မှုက ပညာရေးထက်သာလွန်အားကောင်းပါက စိတ်ဖိစီးမှု၊ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများ (Pain) ခံစားရကြောင်းကို သုတေသနအစီရင်ခံစာများ၌ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

**အဆင့်မြင့်ကျွမ်းကျင်မှု လိုအပ်လာ**

"သင်ယူမှု မျိုးဆက် အစီရင်ခံစာ ၂၀၁၇" (Learning Generation Report 2017)တွင် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှု၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ရှာဖွေတွေ့ရှိချက်များပေါ်တွင် မူတည်ပြီး ရာစုနှစ်ပေါင်းများစွာ ပြောင်းလဲခဲ့ပါကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ခြင်း (Automation)၊ (Artificial Intelligence၊ Robotics၊ Cloud Computing၊ Big Data၊ Internet of Things)၊ လုပ်သားဈေးကွက်ပြောင်းလဲလာခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းအတွက် ပြိုင်ဆိုင်မှုပြင်းထန်လာပြီး အဆင့်မြင့်ကျွမ်းကျင်မှု လိုအပ်လာပါကြောင်း၊ ခေတ်မီနည်းပညာများကို ဆန်းသစ်တီထွင်ဖန်တီးမှုကြောင့် အလုပ်အကိုင်အများစုမှာ မကြာမီကာလတွင် ပျောက်ကွယ်သွားမည်ဖြစ်ပြီး အရည်အသွေးရှိသည့် ပညာရေးတစ်ခုတည်းကသာ လိုအပ်သော အဆင့်မြင့်ကျွမ်းကျင်မှုရရှိစေရန်၊ မညီမျှမှုများလျှော့ချရန်၊ အနာဂတ် သုခချမ်းသာပြည့်ဝစေရန် အာမခံပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု (IQ)နှင့် စိတ်ရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကို စာနာပေးနိုင်မှု (EQ) စသည့် ၂၁ ရာစုကို စိန်ခေါ်နိုင်သော အရည်အသွေးရှိသည့် ပညာရေးစနစ်ကို စုပေါင်းအင်အားဖြင့် ဖော်ဆောင်ရန် အရေးကြီးပါကြောင်း။

အဆင့်မြင့်ပညာ အကြံပေးပညာရှင် ဒေါက်တာဂျမေးဆာမီ၏ ဟောပြောပို့ချချက်တစ်ခုတွင် ပညာရေးပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုအသစ်များနှင့် အခွင့်အလမ်းများကို ဖော်ပြရာတွင် ဆန်းသစ်တီထွင်မှုအတွက် ပညာရေးတွင် TVET နှင့် တက္ကသိုလ်ပညာရေး ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ထားရှိရန်၊ ကျွမ်းကျင်မှုနှင့် ပရော်ဖက်ရှင်နယ်အတွက် စီစဉ်ဆောင်ရွက်ရန်၊ တန်ဖိုးထားမှုနှင့် ကမ္ဘာ့လူသားကောင်းဖြစ်လာရန်၊ လူ့အဖွဲ့အစည်းအားလုံးသည် သင်ယူသူများဖြစ်လာရန်နှင့် ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရန်လိုပါကြောင်း။

ဆန်းသစ်တီထွင်သည့် သင်ကြားသင်ယူမှု နည်းလမ်းဖြင့် ဦးဆောင်ရန်လိုပါကြောင်း၊ ဆန်းသစ်သည့် စွမ်းရည်များ၊ ကျွမ်းကျင်မှုများနှင့် သဘောထားအမြင်များ၊ ဆန်းသစ်တီထွင်၍ ခေတ်မီနည်းပညာများ အသုံးပြုကာ အနာဂတ်အလုပ်အကိုင်များဆောင်ရွက်ရန်လိုပါကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းလာ၍ ယှဉ်ပြိုင်မှု ပြင်းထန်လာခြင်းနှင့် အလုပ်အကိုင်အသစ်များ ပေါ်ထွက်လာပါကြောင်း၊ လွန်ခဲ့သော ၁၀ နှစ်ခန့်က မရှိခဲ့သည့် ကွန်ပျူတာတွင် လုပ်ငန်းတစ်ရပ်အတွက် အသုံးချနိုင်ရန် ရေးဆွဲထားသူ (App Developer)၊ လူမှုမီဒီယာမန်နေဂျာ (Social Media Manager)/ YouTube အကြောင်းအရာများကို ဖန်တီးသူ (YouTube Content Creator)၊ ဒစ်ဂျစ်တယ်ဆိုင်ရာ ဘေးအန္တရာယ်ကို စီမံထိန်းသိမ်းသူ (Digital Risk Manager)၊ မြို့တော်အခက်အခဲများ၊ ဝန်ဆောင်မှုများကို နည်းပညာဖြင့် ဖြေရှင်းဆောင်ရွက်သည့် မြို့တော် (Smart City)၊ အဆောက်အဦများကို နည်းပညာအသုံးပြု၍ ပုံစံရေးဆွဲသူ (Smart Building Architect)၊ မောင်းသူမဲ့ကားအတွက် စီမံဆောင်ရွက်သော စက်မှုအတတ်ပညာရှင် (Driver–less Car Engineer)၊ Cloud ကွန်ပျူတာအတတ် အထူးပညာရှင် (Cloud Computing Specialist)၊ များပြားသော သတင်းအချက်အလက်များကို စိစစ်သူ (Big Data Analyst)၊ ရေရှည်တည်တံ့ခိုင်မြဲမှုကို စီမံထိန်းသိမ်းသူ (Sustainability Manager)၊ မောင်းသူမဲ့လေယာဉ်ကို မောင်းသူ (Drone Operator) စသည့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွက်လာပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စက်မှုဆိုင်ရာ ပုံကြမ်းရေးဆွဲသူများ (Mechanical Drafters)၊ ကွန်ပျူတာပရိုဂရမ်ရေးဆွဲသူနှင့် ဆော့ဖ်ဝဲရေးဆွဲသူများ (Computer Programmers & Software Developers)၊ ဗိသုကာနှင့် မြို့ပြဆိုင်ရာ ပုံကြမ်းရေးဆွဲသူများ (Architectural and Civil Drafters)၊ ကြော်ငြာလုပ်ငန်းနှင့် အရောင်းမြှင့်တင်ရေး မန်နေဂျာများ (Advertising and Promotion Managers)၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များ (Pharmacists)၊ အာမခံသူ (Insurance Underwriters)၊ ပတ်ဝန်းကျင်ဆိုင်ရာ စက်မှုကျွမ်းကျင်သူ (Environmental Engineers)၊ အီလက်ထရောနစ်နှင့် လျှပ်စစ်ဆိုင်ရာ ပုံကြမ်းရေးဆွဲသူ (Electronics and Electrical Drafters)၊ အာမခံကိန်းဂဏန်းဆိုင်ရာ သင်္ချာပါရဂူများ (Actuaries) ကို ဦးစားပေးလာပါကြောင်း၊ စင်ကာပူနိုင်ငံတွင် အစားအသောက်၊ ဆေးဝါး၊ ဒစ်ဂျစ်တယ်နည်းပညာများကို ဦးစားပေးပြီး နည်းပညာအသစ်များဖြစ်သည့် ကွန်ပျူတာနှင့် အင်တာနက် (Computers and Internet)၊ ဉာဏ်ရည်တု (Artificial Intelligence)၊ ပကတိနည်းပါးဖြစ်အောင် ဖန်တီးခြင်း (Virtual Reality/ Augmented Reality)၊ အတူတကွ ပူးပေါင်းဆောင်ရွက်သည့်နေရာများ (Collaborative Platforms)၊ သုံးဖက်မြင်ပုံနှိပ်ခြင်း (3–D Printing)၊ များပြားသော သတင်းအချက်အလက်များ စုစည်းထားခြင်း (Big Data)၊ ကွန်ရက်ချိတ်ထားသော ကွန်ပျူတာများအကြား ဆက်သွယ်မှု မှတ်တမ်းတင်နိုင်သော စနစ်ကို အသုံးပြုထားသော စက်ရုပ်ဆိုင်ရာနည်းပညာ (Blockchain Robotics)၊ ဉာဏ်ရည်၊ ဉာဏ်စွမ်းရှိသော အီလက်ထရောနစ်နည်းပညာ (Intelligent Electronics)၊ ဆက်သွယ်ထိန်းချုပ်မှု သိပ္ပံ (Cybernetics)၊ လူသားများ၏ အင်္ဂါအဖွဲ့အစည်းများနှင့် ဇီဝကလပ်စည်း နည်းပညာ (Organ and Human Tissue Technology)၊ ဒစ်ဂျစ်တယ်စက်မှုဆိုင်ရာ ကုန်ထုတ်လုပ်ခြင်း (Digital Industrial Production)၊ မြို့ပြစိုက်ပျိုးရေး (Urban Agriculture)၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချနိုင်ရန် ဆောင်ရွက်သည့် စီးပွားရေးကျွမ်းကျင်သူ (Circular Economy Specialists)၊ ရေအောက်ကမ္ဘာနည်းပညာ (Deep Ocean Technology)၊ ဘက်ထရီဆိုင်ရာနည်းပညာ (Battery Technology)၊ နေစွမ်းအင်နှင့် လေစွမ်းအင်ဆိုင်ရာ နည်းပညာ (Solar and Wind Energy Technology) တို့သည် ပရော်ဖက်ရှင်နယ်အသစ်များဖြစ်လာပါကြောင်း။

၂၁ ရာစု ကျွမ်းကျင်မှုများ၊ စာတတ်မြောက်မှု၊ အခြေခံသင်္ချာ၊ သိပ္ပံ၊ အိုင်စီတီ၊ ဘဏ္ဍာရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိ စသည့် အခြေခံတတ်မြောက်မှုများ၊ ရှုပ်ထွေးနက်နဲသည့် စွမ်းရည်များဖြစ်သည့် သတင်းအချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်း (Information Analysis)၊ ဝေဖန်ပိုင်းခြားစဉ်းစားတတ်ခြင်းနှင့် ပြဿနာဖြေရှင်းတတ်ခြင်း (Critical Thinking & Problem Solving)၊ **စာမျက်နှာ ၁၀ သို့** ❖

❖ စာမျက်နှာ ၉ မှ
ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ခွဲခြမ်းစိတ်ဖြာခြင်း (Global Contextual Analysis)၊ အသင်းအဖွဲ့ဖြင့်ဆောင်ရွက်တတ်ခြင်း (Teamwork)၊ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)၊ ဆက်သွယ်ဆောင်ရွက်တတ်ခြင်း (Communication)၊ ဖန်တီးတတ်ခြင်း (Creativity)၊ စရိုက်လက္ခဏာ အရည်အသွေး (Character Qualities)၊ လူမှု၊ စိတ်ခံစားမှုဆိုင်ရာ ကျွမ်းကျင်မှုများ (Socio–emotional Competences)၊ သိလိုစိတ်ပြင်းပြခြင်း (Curiosity)၊ စေ့ဆော်မှု (Motivation)၊ ကိုယ်စွမ်းကိုယ်စရှိခြင်း (Initiative) (Entrepreneurial Thinking)၊ ဇွဲရှိခြင်း (Persistence)၊ စိတ်ခံတတ်ကြံ့ခိုင်ခြင်း (Grit)၊ ခံနိုင်ရည်ရှိခြင်း (Resilience)၊ အလိုက်သင့်ပြောင်းလဲတတ်ခြင်း (Adaptability)၊ ဦးဆောင်မှု (Leadership)၊ လူ့ကျင့်ဝတ်ဆိုင်ရာကို သိရှိခြင်းနှင့် စဉ်းစားတွေးခေါ်တတ်ခြင်း (Ethical Awareness & Reasoning) စသည့် (Social, Cultural & Environmental Dimensions)များကို သင်ယူတတ်မြောက်စေရေးအတွက် သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှုနည်းလမ်း၊ စစ်ဆေးအကဲဖြတ်ခြင်းတို့ အရေးကြီးပါကြောင်း၊ စစ်ဆေးအကဲဖြတ်မှုသည်လည်း ကျွမ်းကျင်မှုနှင့် စွမ်းရည်များ ပြည့်ဝစေရန် သင်ယူတတ်မြောက်ရေးအတွက် အောင်မြင်စွာ မဆောင်ရွက်နိုင်ပါက သင်ယူလိုစိတ်ကို ဖျက်ဆီးတတ်သည်ကို အထူးသတိပြုရန် အရေးကြီးပါကြောင်း။

အကောင်းဆုံးစွမ်းဆောင်မှုအနေဖြင့် ကုန်သည်များ၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းရှင်တို့နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်၊ သီအိုရီနှင့် လုပ်ငန်းခွင် ချိတ်ဆက်နိုင်ရေး School–Industry Partnership များ ထူထောင်ရန်၊ အရည်အသွေးအာမခံမှု အားကောင်းရန်၊ အုပ်ချုပ်မှုစနစ်များ ခေတ်မီအားကောင်းရန်၊ တက္ကသိုလ် ပဋိညာဉ်စာတမ်းများနှင့်အညီ ဖွဲ့စည်းပုံ၊ ပညာရပ်ဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်စွာ ကိုယ်ပိုင်စီမံခန့်ခွဲမှု၊ လူ့စွမ်းအားအရင်းအမြစ်၊ ဆုချီးမြှင့်ခြင်းနှင့် စွမ်းရည်များရရှိရန်အတွက် အမြဲဆောင်ရွက်ခြင်း အားပေးရန်နှင့် ဘဏ္ဍာငွေထောက်ပံ့ရန် လိုအပ်ပါကြောင်း။

### ပညာရေးတွင် ရင်းနှီးမြှုပ်နှံ

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁) အရ ပညာရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦး တစ်ယောက်မျှမကျန်ရှိရေး၊ ကျောင်းထွက်သူမရှိရေးနှင့် သင်ယူမှုမဆုံးရှုံးရေးမူများနှင့်အညီ လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သူများ၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်သူများ ဖြစ်လာစေရန်အတွက် အရည်အသွေးရှိသော ပညာရေးကို ဦးတည်ပြီး ပညာရေးတွင် ရင်းနှီးမြှုပ်နှံနေပါကြောင်း၊ ဆရာ ဆရာမများ စွမ်းဆောင်ရည်မြှင့်တင်ပြီး ၂၁ ရာစု ကျွမ်းကျင်မှုနှင့် စွမ်းရည်များရရှိနိုင်မည့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲခဲ့ပါကြောင်း။

သင်ကြားသင်ယူမှုနည်းလမ်းများ သင်တန်းပေးခြင်း၊ စစ်ဆေးအကဲဖြတ်မှုပြောင်းလဲခြင်း၊ အင်္ဂလိပ်စာ ဘာသာစကား အရည်အချင်းမြှင့်တင်ခြင်း၊ အိုင်စီတီဆိုင်ရာများကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားဒေသများအား ဦးစားပေး၍ အရည်အချင်းပြည့်ဝသည့် ဆရာများ၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ပံ့ပိုးဖြည့်ဆည်းရန်နှင့် တစ်သက်တာပေါင်းစပ်သင်ယူမှု အခွင့်အလမ်းများ အားပေးဖြည့်ဆည်းဆောင်ရွက်ရန်လိုပါကြောင်း။

### အားပေးရမည်ဖြစ်

ပညာရေးပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများသတ်မှတ်ပြီး ဒေသ၏လိုအပ်ချက်နှင့်ကိုက်ညီသော သင်တန်းများကို ဖွင့်လှစ်ရန်လိုပါကြောင်း၊ တက္ကသိုလ်များတွင် လွတ်လပ်စွာ ကိုယ်ပိုင်စီမံခန့်ခွဲမှု(University Autonomy)၊ မဟာစီမံကိန်း (Master Plan)၊ တက္ကသိုလ်ပဋိညာဉ်စာတမ်း (University Charter) စသည်များနှင့်အညီ တက္ကသိုလ်များတွင် တက္ကသိုလ်ကောင်စီ (University Council)၊ ပညာရေးအဖွဲ့ (Senate)၊ စီမံခန့်ခွဲမှုအဖွဲ့ (Administrative Board)၊ သုတေသန (Research)၊ သင်ရိုး (Curriculum)၊ သင်ကြားသင်ယူမှု(Teaching–Learning)၊ စာတွေ့(Theory)၊ လက်တွေ့ (Practical) စသည်များနှင့် ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများကို ဖွဲ့စည်းပြီး တက္ကသိုလ်၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် အားပေးရမည်ဖြစ်ပါကြောင်း၊ အကျိုးရှိသည့် ဘာသာရပ်များကို တစ်သက်တာပေါင်းစပ် သင်ယူမှုအခွင့်အလမ်းရှိရေး ညီညီညွတ်ညွတ်စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဇော်မြင့်က အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၂၁–၂၀၃၀) ရေးဆွဲခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း(၂၀၂၁–၂၀၃၀) အခန်း(၅)မှ အခြေခံပညာကဏ္ဍကို လည်းကောင်း မိတ်ဆက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အခြေခံပညာကဏ္ဍဆောင်ရွက်နေမှု အခြေအနေများ၊ လက်ရှိရာထူးတိုးပြောင်းခန့်ထားမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲ ၂ နာရီတွင် ပြန်လည်စတင်ရာ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၂၁–၂၀၃၀) အခန်း(၆) နည်းပညာနှင့် သက်မွေးပညာကဏ္ဍနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ညှိနှိုင်းဆွေးနွေးပွဲ ညနေ ၆ နာရီတွင် ပြီးမြောက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အိန္ဒိယနိုင်ငံ အာကာသဦးစီးဌာနမှ Satish Dhawan Space Centre SHAR က Polar Satellite Launch Vehicle(PSLV) အား အာကာသသို့ ပစ်လွှတ်မည်ဖြစ်၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

အိန္ဒိယနိုင်ငံ အာကာသဦးစီးဌာနမှ Satish Dhawan Space Centre SHAR က Polar Satellite Launch Vehicle (PSLV) အား (၁၇.၁၂.၂၀၂၀) ရက်နေ့မှ (၁၉.၁၂.၂၀၂၀) ရက်နေ့အတွင်း အာကာသသို့ ပစ်လွှတ်မည်ဖြစ်ပါ၍ ပစ်လွှတ်မည့် တည်နေရာတွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၃ မိနစ် ၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၈၀ ဒီဂရီ ၁၃ မိနစ် ၈ စက္ကန့်၊ Danger Zone –1 : Launcher မှ ရေမိုင် (၁၀)မိုင် ပတ်လည်အတွင်း၊ Danger Zone –2 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၀ ဒီဂရီ ၃၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၀ ဒီဂရီ ၃၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၁ ဒီဂရီ ၃၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၁ ဒီဂရီ ၃၀ မိနစ်၊ Danger Zone–3 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၂ ဒီဂရီ ၁၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၂ ဒီဂရီ ၁၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၄ ဒီဂရီ ၀၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၄ ဒီဂရီ ၀၀ မိနစ်၊ Danger Zone–4 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၄ ဒီဂရီ ၀၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၄ ဒီဂရီ ၁၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၅ ဒီဂရီ ၂၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၅ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၈၅ ဒီဂရီ ၁၀ မိနစ်၊ Danger Zone–5 တွင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၈၈ ဒီဂရီ ၃၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၈ ဒီဂရီ ၄၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၉ ဒီဂရီ ၄၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၀၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၈၉ ဒီဂရီ ၃၅ မိနစ်၊ Danger Zone–6 တွင် မြောက်လတ္တီတွဒ် ၀၉ ဒီဂရီ ၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၅ မိနစ်၊ မြောက်လတ္တီတွဒ် ၀၉ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၀ မိနစ်၊ Danger Zone–7 တွင် တောင်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်၊ အနောက်လောင်ဂျီတွဒ် ၁၃၄ ဒီဂရီ ၀၀ မိနစ်၊ တောင်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၀ မိနစ်၊ အနောက်လောင်ဂျီတွဒ် ၁၃၄ ဒီဂရီ ၀၀ မိနစ်၊ တောင်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ်၊ အနောက်လောင်ဂျီတွဒ် ၁၁၂ ဒီဂရီ ၀၀ မိနစ်၊ တောင်လတ္တီတွဒ် ၀၇ ဒီဂရီ ၀၀ မိနစ်၊ အနောက်လောင်ဂျီတွဒ် ၉၀ ဒီဂရီ ၀၀ မိနစ်၊ တောင်လတ္တီတွဒ် ၀၉ ဒီဂရီ ၀၀ မိနစ်၊ အနောက်လောင်ဂျီတွဒ် ၉၀ ဒီဂရီ ၀၀ မိနစ်၊ တောင်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊ အနောက်လောင်ဂျီတွဒ် ၁၁၂ ဒီဂရီ ၀၀ မိနစ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ Satish Dhawan Space Centre SHAR မှ Polar Satellite Launch Vehicle (PSLV) အား ပစ်လွှတ်မည့်နေ့ရက်များ၌ သတ်မှတ်ထားသည့် ဧရိယာဇုန်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုကြပါရန်နှင့် အဆိုပါဧရိယာအနီးမှ လွတ်ကင်းစွာ သတိပြုမောင်းနှင်သွားကြပါရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။ သတင်းစဉ်

## ဒိန်းမတ်-မြန်မာ ရေရှည်တည်တံ့စေသော ကမ်းရိုးတန်း ငါးလုပ်ငန်းစီမံကိန်းကျေးရွာများသို့ ကွင်းဆင်း

မြိတ် ဒီဇင်ဘာ ၁၄

မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦး၊ မြိတ်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးရန်ကင်းနှင့် ကျွန်းစုမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးညီညီလင်းထွဋ်တို့ ပါဝင်သောအဖွဲ့သည် မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ဒိန်းမတ်နိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဒိန်းမတ်–မြန်မာ ရေရှည်တည်တံ့စေသော ကမ်းရိုးတန်းငါးလုပ်ငန်း စီမံကိန်းကျေးရွာများဖြစ်သည့် စခန်းသစ်ကျေးရွာနှင့် ပန်းဇင်ကျေးရွာများသို့ ယမန်နေ့က သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာငါးလုပ်ငန်းပူးတွဲစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒေသခံ ရေလုပ်သားများနှင့်တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းစဉ်များ၊ လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ ကြုံတွေ့ရသည့် အခက်အခဲများကို တွေ့ဆုံဆွေးနွေးပြီး စီမံကိန်း၏ ရည်မှန်းချက်ကို အောင်မြင်အောင် ဆက်လက်ကြိုးစားသွားရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု၊ ဝတ္ထုရှည် ဒုတိယဆုရရှိသည့် စာရေးဆရာ တောင်တွင်းကိုရင်ညြ၏ "မီးငှက်တစ်ကောင်ရဲ့ ခြသေ့်လည်ပြန်"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်တွင် စီးပွားတိုးတက်လို၍ နိုင်ငံရပ်ခြားသို့ သွားရောက်ကာ ရိုးသားစွာအလုပ်လုပ်ကိုင်ရင်း ကံကြမ္မာအလှည့်အပြောင်းတစ်ခုကြောင့် ထောင်ကျသည်အထိ ဖြစ်ခဲ့ရသော မြန်မာလူငယ်တစ်ဦး၏ အတွေ့အကြုံ အဖြစ်အပျက်များနှင့် ၎င်း၏ ကြိုးစားရုန်းကန်မှုကြောင့် ပြာပုံဘဝမှ ပြန်လည်ထူမတ်လာပုံများကို တိုးတက်စလူငယ်များ နားလည်သိမြင်နိုင်ပြီး သင်ခန်းစာယူနိုင်မည့် စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၁၄၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁–၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈)၊ အမှတ် (တ–၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇–၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁–၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





## ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့ရှောင်လမ်း ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ရှောင်လမ်းဖြစ်သည့် ရွှေညောင်-ထီရီ (မွေးမြူရေးဇုန်) - လင်ကွင်း - ညိုမီး(၄)မိုင်ကွေ့လမ်း (မြို့ရှောင်လမ်း)(မိုင်၀/၀-၁၇/၄)တည်ဆောက်ခြင်းစီမံကိန်းကို ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူတို့သည် လင်ကွင်းကျေးရွာ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်ခန်းမတွင် မြို့ရှောင်လမ်းဖောက်လုပ်နေမှုတို့ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးခွန်ရဲထွေးက ရှင်းလင်းတင်ပြပြီး လမ်းခင်းနေမှုကို လှည့်လည်ကြည့်ရှုကြကာ အပိုင်းပတ်(၅)လမ်းဆုံဖြစ်သည့် ဖရဲ၊ ဆင်တောင်၊ ကံကြီး၊ ညိုမီး၊ ရွှေညောင်လမ်းဖောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် တောင်ကြီးမြို့နယ် တောင်လေးလုံး၌ စည်ပင်သာယာမှ တာဝန်ယူဆောင်ရွက်နေသော ကွန်ကရစ်ကတ္တရာ ထုတ်လုပ်မည့်စက်ကို သွားရောက်ကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးနေလင်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ပဲခူးမြို့တွင် ကိုဗစ်ညွှန်ကြားချက်များ ပြည်သူများလိုက်နာနိုင်ရေး အသိပညာပေးဆောင်ရွက်မှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပါဝင်ဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၁၄**

ပဲခူးမြို့ ရန်ကုန်-မန္တလေးကားလမ်း ကျောက်တွင်းကုန်းလမ်းဆုံတွင် ယနေ့နံနက်ပိုင်းက ပဲခူးခရိုင် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေးနှင့် အရေးပေါ်ထိန်းချုပ်ရေးကော်မတီကဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ညွှန်ကြားချက်များကို ပြည်သူများလိုက်နာနိုင်ရေးအတွက် အသိပညာပေးဆောင်ရွက်မှုတွင် တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

ပဲခူးခရိုင် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေးနှင့် အရေးပေါ်ထိန်းချုပ်ရေးကော်မတီကဦးဆောင်၍ ပဲခူးမြို့ပေါ်နေရာအသီးသီး၌ ဒီဇင်ဘာ ၃ ရက်မှစတင်ကာ ပြည်သူများ ကိုဗစ်-၁၉ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ရန် နေ့စဉ်အသိပညာပေးခြင်း၊ နှာခေါင်းစည်းမတပ်ဆင်ဘဲ သွားလာနေသူများအား ဒဏ်ရိုက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို အဖွဲ့ပေါင်းစုံဖြင့် နေရာခွဲ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကျောက်တွင်းကုန်းလမ်းဆုံ၊ ဘုရားဈေးရှေ့နှင့် ပြင်စီဈေးလမ်းတို့၌ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးခရိုင် အုပ်ချုပ်ရေးမှူးဦးအောင်ဇော်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်အတူ ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း ကျုံးပြန်လည်တူးဖော်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ အပန်းဖြေအနားယူနိုင်ရေး၊ ကားပါကင်ထားရှိနိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဒီဇင်ဘာ ၁၃ ရက်အထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း ၆၀၂၇ ဦးရှိပြီး ပဲခူးမြို့နယ်အနေဖြင့် ၁၇၂၇ ဦးတွေ့ရှိခဲ့သဖြင့် အများဆုံးဖြစ်ကာ ပဲခူးပြည်သူ့ဆေးရုံကြီး ကူးစက်လူနာကုသဆောင် (ကလီ)၊ တိုင်းရင်းဆေးရုံနှင့် CB Center (ပဲခူးတက္ကသိုလ်) တို့တွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၄၀၀ ကျော်အား ကုသပေးလျက်ရှိကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## တီးတိန်မြို့ ဘွာလ်းဇန်အားကစားခန်းမ တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**တီးတိန် ဒီဇင်ဘာ ၁၄**

ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ ချင်းပြည်နယ် အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့် ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းတို့သည် တီးတိန်မြို့ လွယ်ဘွာလ်းရပ်ကွက်တွင် တည်ဆောက်သည့် ဘွာလ်းဇန်အားကစားခန်းမ တည်ဆောက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၃ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ အားကစားခန်းမသည် (၁၂၅x၉၀x၃၆)ပေ ပွဲကြည့်စင် အထူးတန်းနှင့် ရိုးရိုးတန်းဖြင့်ဖွဲ့စည်းတည်ဆောက်ခြင်းဖြစ်ပြီး ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၂၄၀ သန်းဖြင့် ZOMI Land ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးမှုနှင့် လိုအပ်ချက်များကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ပေါင်ကျင့်မုန်(ပြန်/ဆက်)**



## ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းအထိမ်းအမှတ် ဉာဏ်စမ်းပြိုင်ပွဲ အွန်လိုင်းဖြင့်ကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်ရှေးဦးပြုစုခြင်းဆိုင်ရာဉာဏ်စမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ပြည်နယ်ကြက်ခြေနီရုံးအစည်းအဝေးခန်းမ၌ အွန်လိုင်းမှကျင်းပခဲ့ရာ ကချင်ပြည်နယ်အတွင်းရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်ငါးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ယှဉ်ပြိုင်နေမှုကို ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘရန်ဒီး၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးချစ်ဖေနှင့်တာဝန်ရှိသူများက ဉာဏ်စမ်းဖြေဆိုနေသော တပ်ဖွဲ့ဝင်များကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်က ကြီးမှူးကျင်းပပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှကြက်ခြေနီစေတနာလုပ်အားရှင် ငါးဦးစီ ပါဝင်ယှဉ်ပြိုင်ကြပြီး ကချင်ပြည်နယ်မှလည်း စေတနာလုပ်အားရှင်ငါးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း ပြည်နယ်ကြက်ခြေနီရုံးမှသိရသည်။ **စိန်ဝင်း(ပြန်/ဆက်)**

## ပဲစင်းငုံအသစ်ပေါ်နေပြီဖြစ်သော်လည်း အိန္ဒိယမှအဝယ်ဆိုင်းငံ့ထားသည့်အတွက် ဈေးနှုန်းလျော့နည်း

**မုံရွာ ဒီဇင်ဘာ ၁၄**

လက်ရှိတွင် ပဲစင်းငုံအသစ်ပေါ်နေပြီဖြစ်သော်လည်း အိန္ဒိယမှအဝယ်ဆိုင်းငံ့ထားသည့်အတွက် ဈေးနှုန်းပြန်လျော့နည်းသွားကြောင်း မုံရွာကုန်စည်ဒိုင် အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးထံမှသိရသည်။

"လက်ရှိဈေးကွက်မှာ ပဲစင်းငုံအသစ်တွေပေါ်နေပြီ။ အိန္ဒိယကလည်း ဝယ်ယူတာဆိုင်းငံ့ထားတဲ့အတွက် ဈေးနှုန်းပြန်အေးတယ်။ တစ်တင်းကို ၂၀၀၀နဲ့၃၀၀၀ ကြားပြန်အေးသွားတယ်။ အရင်က ၂၈၅၀၀ နဲ့ ၂၉၀၀၀ ဈေးရှိတဲ့ပဲစင်းငုံက အခု ၂၄၀၀၀ ဈေးလောက်ပဲရှိတော့တယ်"ဟု ဦးဇော်မိုးက ပြောကြားသည်။

လတ်တလောတွင်ကျောက်ပန်းတောင်း၊ပခုက္ကူ ဒေသများတွင် ပဲစင်းငုံအသစ်စပေါ်နေပြီး ဈေးကွက်ရှိရာ ရန်ကုန်မြို့သို့ ပို့နေကြပြီဖြစ်ကာ မုံရွာဒေသတွင် လတ်တလော ပဲစင်းငုံမပေါ်သေးပေ။ အကယ်၍ မုံရွာဒေသတွင် ပဲစင်းငုံပေါ်လျှင်လည်း ရာသီဥတုမကောင်းသည့်အတွက် အထွက်နည်းမည်ဖြစ်ကြောင်း သိရသည်။

"အိန္ဒိယက ပဲစင်းငုံတွေဆွဲတယ်ဆိုတုန်းက မုံရွာမှာ လှောင်ထားတာတွေ အများကြီးထွက်ခဲ့တယ်။ လှောင်ထားတဲ့ ပဲစင်းငုံအိတ် ၇၅ ရာခိုင်နှုန်းလောက်ကတော့ အိန္ဒိယပါသွားတယ်။ အခုလောလောဆယ် အိန္ဒိယက အဝယ်မရှိသေးဘူး။ ထိန်းထားတယ်" ဟု ဦးဇော်မိုးက ပြောကြားသည်။

ပြည်တွင်းဈေးကွက်တွင်ရှိနေသော ကုလားပဲ အုပ်စုဝင်များသည် ပုံမှန်ဈေးတွင်ရပ်တည်နေပြီး ယခင်နှင့်ယခုကျပ် ၂၇၀၀၀ နှင့် ၂၈၀၀၀ ဈေးပတ်လည်တွင်ရှိကြောင်း သိရသည်။ နှမ်းပေါ်ခါစက ဈေးနိမ့်နေပြီး လက်ရှိအနေအထားတွင် တရုတ်လိုင်းပွင့်နေသည့်အတွက် နှမ်းတစ်တင်းလျှင် ယခင်ကကျပ် ၅၄၀၀၀ မှ ယခု ၅၆၀၀၀ ဈေးအထိ တက်လာပြီး မြေပဲဆန်ကို တရုတ်လိုင်းမှ ပြန်ဆွဲသည့်အတွက် အရောင်းအဝယ် မှန်မှန်ပြန်ဖြစ်လာကြောင်း သိရသည်။

"လောလောဆယ် ဈေးကွက်မှာ နှမ်းနဲ့ပဲတီစိမ်း အရောင်းသွက်တယ်။ နှမ်းကမုံရွာကို ချင်းတွင်းမြစ်အနောက်ဘက်ဒေသတွေက လာတယ်။ ပုလဲမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကနီမြို့နယ်၊ ကလေးမြို့နယ်၊ ချောင်းဦးမြို့စတဲ့ဒေသစုံက နှမ်းထွက်နေပါတယ်။ နှမ်းဈေးကွက် လက်ရှိဈေးအကောင်းဆုံးက နှမ်းနက်ပါ။ နှမ်းနက်ပြီးရင် နှမ်းဖြူက ဒုတိယလိုက်တယ်။ အဲဒါပြီးမှ အညိုတို့အနီတို့ ဈေးကွက်နေရာရကြတယ်။ ပို့ကုန်ကတော့ နှမ်းနက်နဲ့ နှမ်းဖြူပဲ ဦးစားပေးဆွဲကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ခါးစသန်သည့် မုံရွာဒေသထွက် နှမ်းများကို ရောင်း၍ရသော်လည်း ထိပ်တန်းဈေးတော့မရကြောင်း သိရသည်။ မုံရွာဒေသထွက် နှမ်းများသည် မကွေးဒေသထွက်နှမ်းများ၏ အဆင့်ကိုမမီသော်လည်း ဒုတိယတန်းလိုက်၍ ပို့ကုန်ထွက်နေကြောင်း သိရသည်။ နှမ်းကို နောက်ထပ် စိုက်ပျိုးခြင်းမရှိသေးဘဲ ရေသွင်းနှမ်းသည် မတ်လတွင်ပြန်ပေါ်မည်ဖြစ်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ကြက်ခြေနီ သင်တန်းဖွင့်ပွဲကျင်းပ

**သာပေါင်း ဒီဇင်ဘာ ၁၄**

သာပေါင်းမြို့နယ်တွင်ကြက်ခြေနီအကြောင်း တစ်ရက်တာမိတ်ဆက်သင်တန်းဖွင့်ပွဲကို ရှမ္မြောင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ စုဝေးခန်းမ၌ ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သာပေါင်းမြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးကိုနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးသက်ညီညီမင်းက ကြက်ခြေနီအကြောင်း တစ်ရက်တာ မိတ်ဆက်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ သင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

# ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့က ဘရက်ဆစ်အလွန် ကုန်သွယ်ရေးဆွေးနွေးပွဲများကို ဆက်လက်လုပ်ဆောင်ရန် သဘောတူညီ

**လန်ဒန် ဒီဇင်ဘာ ၁၄**

ဥရောပသမဂ္ဂ(အီးယူ)နှင့် ဗြိတိန်တို့မှ ခေါင်းဆောင်များသည် ဘရက်ဆစ်အလွန်ကာလ အရှုပ်အထွေးများကို ရှောင်ရှားနိုင်ရေးအတွက် ကုန်သွယ်ရေးဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်တို့သည် ဘရက်ဆစ်အလွန် ကုန်သွယ်ရေးဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်မည်လားဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်နှင့်စပ်လျဉ်း၍ ဒီဇင်ဘာ ၁၃ ရက်တွင် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဗြိတိန်နှင့် အီးယူတို့အကြား ညှိနှိုင်းဆွေးနွေးမှုများသည် တစ်နှစ်နီးပါးကြာမြင့်ခဲ့ပြီးနောက် ဆွေးနွေးမှုဆိုင်ရာ နောက်ဆုံးသတ်မှတ်ရက် ကျော်လွန်ခဲ့ပြီဆိုသည့်အချက်ရှိနေသော်လည်း ရှေ့ဆက်လုပ်ဆောင်ရန် တာဝန်ရှိသည်ဟု ယူဆထားပါကြောင်း ခေါင်းဆောင်နှစ်ဦးတို့အကြား ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ပြီးချိန် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဇန်နဝါရီလအတွင်းက ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ခဲ့ပြီးနောက် အီးယူနှင့် ဗြိတိန်တို့အကြား ကုန်သွယ်ရေးဆွေးနွေးပွဲများကို စတင်ခဲ့ခြင်းဖြစ်ပြီး ဘရက်ဆစ်အသွင်ကူးပြောင်းရေးကာလသည် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–အလင်းသစ်**





# ဆက်သွယ်ရေးကဏ္ဍ၌ 5G အလွန်ခေတ်ကို ဂျပန် ဦးတည်အကောင်အထည်ဖော်

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက်ရေးအတွက် အထူးအဖွဲ့အစည်းသစ်တစ်ရပ်ကို ထူထောင်ကာ 5G အလွန်ခေတ်ကာလကို ရည်ရွယ်ဖော်ဆောင်နေပြီဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး တာကီဒါရိုင်အိုတာက ယနေ့တွင် ပြောကြားသည်။

အဆိုပါအဖွဲ့သစ်သည် နည်းပညာတိုးတက်ရေးအပိုင်းကိုသာမက နည်းပညာနှင့်ဆက်စပ်သည့် စီးပွားရေးမဟာဗျူဟာ ဖော်ဆောင်ရေးအပိုင်းကိုပါ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဆက်သွယ်ရေးပိုင်းနည်းပညာ တည်ဆောက်မှုအားလုံးမှာ 6G (သို့မဟုတ်) 5G အလွန်ခေတ်ကိုသာ ဦးတည်ဖော်ဆောင်သွားမည်ဖြစ်သည်။ အဆိုပါဆောင်ရွက်မှုများက ၂၀၃၀ ပြည့်နှစ် ရောက်သည့် အချိန်အထိ ခေတ်ကာလလိုက်လျောညီထွေဖြစ်မည့် ဆက်သွယ်ရေးစံချိန်စံညွှန်းများ ဖြစ်နေမည်ဖြစ်သည်။

"ပညာခေတ်ဆိုတာ ပညာတတ်တွေနဲ့ အစိုးရပူးပေါင်းဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို လက်တွေ့ကမ္ဘာသို့ ဖော်ဆောင်တာမျိုးပါ။ ထူထောင်လိုက်တဲ့အဖွဲ့သစ်က ကိုယ်ပိုင်သုတေသနပြုမယ်၊ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ သတင်းအချက်အလက်တွေ ဖလှယ်ကြမယ်ဆိုရင် 5G ခေတ်လွန်ကာလကို မျှော်မှန်းဆောင်ရွက်ရေး ပိုပြီး အဆင်ပြေချောမွေ့လာပါလိမ့်မယ်" ဟု ဝန်ကြီးတာကီဒါက ပြောကြားခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–မေလှဲ့သင်း**



# ကိုဗစ်ကာကွယ်ဆေး ပထမအသုတ် ကနေဒါနိုင်ငံသို့ ရောက်ရှိပြီဟု ဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါ ပြောကြား

**တိုရွန်တို ဒီဇင်ဘာ ၁၄**

Pfizer နှင့် BioNTech ပူးတွဲထုတ်လုပ်သည့် ပထမအသုတ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ယမန်နေ့က ကနေဒါနိုင်ငံသို့ ရောက်ရှိခဲ့ပြီး မကြာမီ ပြည်သူအချို့ကို ထိုးနှံပေးမည်ဟု ဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါက ပြောကြားသည်။

ကနေဒါနှင့် အမေရိကန်နိုင်ငံတို့သည် ဗြိတိန်နိုင်ငံပြီးလျှင် Pfizer နှင့် BioNTech ဗိုင်းရပ်စ်ကာကွယ်ဆေး ယခုအပတ်အတွင်း စတင်ထိုးနှံမည့် ပထမဆုံးသော အနောက်နိုင်ငံများ ဖြစ်လာမည်ဖြစ်သည်။ "ပထမအသုတ် Pfizer နဲ့ BioNTech ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးတွေ ကနေဒါနိုင်ငံကို ရောက်ရှိလာပါပြီ" ဟု ထရူဒေါက ကာကွယ်ဆေးပို့ဆောင်သည့် ကုန်တင်လေယာဉ်တစ်စင်း၏ ဓာတ်ပုံနှင့်အတူ တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့သည်။ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၃၀၀၀၀ ကို ကနေဒါနိုင်ငံရှိ ဒေသ ၁၄ ခုသို့ ပို့ဆောင်ကာ သက်ကြီးဂေဟာ၌ နေထိုင်သူများနှင့် ကျန်းမာရေးလုပ်သားများကို ပထမဆုံး ထိုးနှံပေးမည်ဖြစ်သည်။

"ဒီနှစ်အကုန်မှာ နောက်ထပ် ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၂၄၉၀၀၀ ထပ်မံ ရရှိမှာဖြစ်ပါတယ်" ဟု ကာကွယ်ဆေးဖြန့်ဖြူးရေး အကြီးအကဲ ဗိုလ်ချုပ် ဒန်နီဖော်တင်က ပြောကြားခဲ့သည်။ ကနေဒါနိုင်ငံ၌ ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၅၈၉၁ ဦး တွေ့ရှိခဲ့ရာ စုစုပေါင်း အတည်ပြုကူးစက်ခံရသူ ၄၆၀၇၄၃ ဦးအထိ ရှိလာခဲ့သည်။ ကနေဒါနိုင်ငံက ဇန်နဝါရီလ မတိုင်မီ တစ်ရက်လျှင် ကူးစက်ခံရသူ ၁၂၀၀၀ အထိ ရှိနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ များက ခန့်မှန်းထားသည်။ ကနေဒါနိုင်ငံတွင် ဒီဇင်ဘာ ၁၂ ရက်က ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၈၁ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း သေဆုံးသူ ၁၃၄၃၁ ဦးအထိ ရှိလာခဲ့သည်။

**ကိုးကား – ဖိုင်နန်ရှယ်ပို့စ်**
**ဘာသာပြန် – ကျော်ထိုက်စိုး**


# နာမည်ကျော် ဂူဂဲလ်ကုမ္ပဏီဝန်ဆောင်မှု ပြတ်တောက်

**ဆန်ဖရန်စစ္စကို ဒီဇင်ဘာ ၁၄**

ဂူဂဲလ် အက်ပလီကေးရှင်းများဖြစ်သည့် YouTube၊ Gmail နှင့် ဂူဂဲလ်၏ အခြားဆက်စပ်ဝန်ဆောင်မှုအားလုံးမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဝန်ဆောင်မှုပြတ်တောက်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဝန်ဆောင်မှုသည် ဗြိတိန်ဒေသစံတော်ချိန် မွန်းတည့်ချိန်တွင် စတင်ပြတ်တောက်ခဲ့ပြီး သုံးစွဲသူများအနေဖြင့် ဂူဂဲလ်သို့ဝင်ရောက်ရာတွင်လည်း အသုံးပြု၍ မရခဲ့ကြောင်း သိရသည်။ တစ်ကမ္ဘာလုံးရှိ ဂူဂဲလ်ဝန်ဆောင်မှု အသုံးပြုသူများက Gmail၊ Google Drive၊ Google Playstore နှင့် Google Map စသည့် ဂူဂဲလ်နှင့် ဆက်စပ်ဝန်ဆောင်မှု အက်ပလီကေးရှင်းများအားလုံးမှာ အသုံးပြု၍ မရခဲ့ကြောင်း ဆိုသည်။ ယင်းသို့ နည်းပညာအင်အားကြီး ဂူဂဲလ်၏ဝန်ဆောင်မှု ပြတ်တောက်ခဲ့ခြင်းကြောင့် တစ်ကမ္ဘာလုံးရှိ စီးပွားရေးနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လုပ်ငန်းကိစ္စရပ်များ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

သို့ရာတွင် ဂူဂဲလ်ကုမ္ပဏီဘက်က ၎င်းတို့ဝန်ဆောင်မှုတွင် မည်သို့သော မှားယွင်းမှုမျှ မဖြစ်ပေါ်ခဲ့ကြောင်း ငြင်းဆိုမှုပြုခဲ့သည်။




**ကိုးကား– ဘီဘီစီ**
**ဘာသာပြန်–မေလှဲ့သင်း**

# Sinovac ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၂၅ သန်း ဝယ်ယူရန် ဖိလစ်ပိုင်နှင့်တရုတ် အပြီးသတ် ဆွေးနွေး

**မနီလာ ဒီဇင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံက ယခုသီတင်းပတ်အတွင်း တရုတ်ဆေးဝါးကုမ္ပဏီ Sinovac Biotech မှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ဝယ်ယူရေး စေ့စပ်ညှိနှိုင်းမှုများ အပြီးသတ် လုပ်ဆောင်နေကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံက လာမည့်နှစ်တွင် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၂၅ သန်း လိုအပ်ကြောင်း Sinovac Biotech မှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ အကြီးအကဲ ကာလစ်တိုဂါဗက်ဇ်က ပြောသည်။ ဖိလစ်ပိုင်နိုင်ငံက မတ်လမတိုင်မီ တရုတ်နိုင်ငံမှ ဗိုင်းရပ်စ်ကာကွယ်ဆေးများရရှိရန် စေ့စပ်ညှိနှိုင်းနေကြောင်း အွန်လိုင်းမှပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ၎င်းက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံက တရုတ်နိုင်ငံနှင့် ကာကွယ်ဆေး သဘောတူညီချက် အပြီးသတ်ရန်လိုအပ်ကြောင်း သံအမတ်ကြီး ချီတိုရိုမာနာက ပြောသည်။ မရှိမဖြစ်လုပ်သားများ၊ ကူးစက်နိုင်ခြေမြင့်မားသူများအတွက် ရည်ရွယ်ကာ တရုတ်နိုင်ငံက ဇူလိုင်လအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အရေးပေါ်အခြေအနေ အသုံးပြုရေးအစီအစဉ် ဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံက နိုဝင်ဘာလလယ်အထိ China National Biotech Group (CNBG) နှင့် Sinovac Biotech တို့မှ ထုတ်လုပ်သည့် ဗိုင်းရပ်စ်ကာကွယ်ဆေးများကို ပြည်သူတစ်သန်းခန့်အား ထိုးနှံပေးခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# နိုင်ဂျီးရီးယားနိုင်ငံ၌ ဗိုလ်ချုပ်ကြီး ၂၆ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**လာဂို့စ် ဒီဇင်ဘာ ၁၄**

နိုင်ဂျီးရီးယားဗိုလ်ချုပ်ကြီး ၂၆ ဦးသည် နိုင်ငံ၏ မြို့တော်အာဘူဂျာ၌ အစည်းအဝေးတစ်ရပ် တက်ရောက်ခဲ့ကြပြီးနောက် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး ၎င်းတို့အနက်တစ်ဦးသည် အဆိုပါရောဂါဖြင့် ကွယ်လွန်သွားကြောင်း နိုင်ဂျီးရီးယားတပ်မတော်က ယနေ့ ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်က မြို့တော် အာဘူဂျာ၌ ကျင်းပသည့် စစ်ဦးစီးအရာရှိချုပ်(ကြည်း) နှစ်ပတ်လည်အစည်းအဝေးအတွင်း ဗိုလ်ချုပ်ဂျွန်အိုရာဖင် ကိုဗစ်–၁၉ ရောဂါဖြင့် ကွယ်လွန်ခဲ့ ပြီးနောက် စစ်ဦးစီးအရာရှိချုပ်က ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုခံယူရန်၊ အစည်းအဝေးကို ချက်ချင်းဆိုင်းငံ့ရန်နှင့် အစည်းအဝေးတက်ရောက်သူအားလုံးကို သီးခြားစောင့်ကြည့်ရေးစင်တာများ၌ သီးခြားခွဲ၍နေကြရန် ညွှန်ကြားလိုက်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ စမ်းသပ်စစ်ဆေးမှုကို တာဝန်ရှိသူများအနေဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ရာ ဒီဇင်ဘာ ၁၃ ရက်တစ်ရက်အတွင်း တပ်ဖွဲ့ဝင် ၄၁၇ ဦး၏ နမူနာကို စမ်းသပ်စစ်ဆေးခဲ့ပြီး ၎င်းတို့အနက် ဗိုလ်ချုပ်ကြီး ၂၆ ဦးတွင် ကိုဗစ်–၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတက်ရောက်ခဲ့သည့် တပ်ဖွဲ့ဝင်အားလုံးသည် လတ်တလောအချိန်၌ သီးခြားခွဲ၍နေကြသလို ရောဂါကူးစက်ခံရသူများလည်း ဆေးဝါးကုသမှု စတင်ခံယူနေကြပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်များမှစ၍ နိုင်ဂျီးရီးယားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် ပြည်သူများအကြား ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဟူသော စိုးရိမ်စိတ်များပျံ့နှံ့ စေခဲ့သည်။

လူဦးရေသန်း ၂၀၀ ခန့်နေထိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ရောဂါ ကူးစက် ခံရသူပေါင်း ၇၃၁၇၅ ဦးရှိလာပြီး ၎င်းတို့အနက် ကိုဗစ်–၁၉ လူနာ ၁၁၉၇ ဦးသည် ရောဂါကြောင့် သေဆုံးခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျေတီ**



# စင်ကာပူနိုင်ငံက နိုင်ငံသားများနှင့် နိုင်ငံအတွင်း ကာလရှည်နေထိုင်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထောက်ပံ့ပေးမည်

**စင်ကာပူ ဒီဇင်ဘာ ၁၄**

စင်ကာပူနိုင်ငံသည် နိုင်ငံသားများနှင့် နိုင်ငံအတွင်း ကာလရှည်နေထိုင်သူများအားလုံးကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအခမဲ့ထောက်ပံ့ပေးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်လွန်းက ယနေ့တွင် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ အစိုးရအနေဖြင့် Pfizer နှင့် BioNTech တို့၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုအတွက်လည်း အတည်ပြုထားခဲ့ကြောင်းနှင့် ဆရာဝန်များ၊ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ကော်မတီတစ်ခု၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ ထောက်ခံချက်လည်း လက်ခံရရှိထားပြီးဖြစ်ကြောင်း ဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားခဲ့သည်။

ကာကွယ်ဆေးထောက်ပံ့မှုသည် ကနဦးတွင် ကမ္ဘာလုံးဆိုင်ရာကန့်သတ်ချက်များရှိလိမ့်မည်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထုတ်လုပ်သူများက ကာကွယ်ဆေးထုတ်လုပ်မှုကို တိုးမြှင့်ချိန်မှသာ စင်ကာပူနိုင်ငံသို့ ကာကွယ်ဆေးအမြောက်အမြား ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ လူဦးရေအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးရာတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၁၆ နှစ်အောက် ကလေးငယ်များအား ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုဆိုင်ရာအချက်အလက်များ ရရှိချိန်မှသာ ထိုးနှံပေးမည်ဖြစ်ကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လက်လီအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များ ပိတ်ထားရ

**နယူးယောက် ဒီဇင်ဘာ ၁၄**

အမေရိကန်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ယခုနှစ် လက်ရှိအချိန်အထိ လက်လီအရောင်းဆိုင် ၈၄၀၀ နှင့် စားသောက်ဆိုင် ၁၁၀၀၀၀ တို့ကို ပိတ်ထားခဲ့ရကြောင်း အဆိုပါလုပ်ငန်းများမှရရှိသော စာရင်းများအရ သိရသည်။

နိုင်ငံအတွင်း အစားအသောက်ပို့ဆောင်သောလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသည့် စားသောက်ဆိုင်ပေါင်း ၁၁၀၀၀၀ (နိုင်ငံအတွင်းရှိ စားသောက်ဆိုင်များ၏ ၁၇ ရာခိုင်နှုန်း)သည် ယခုနှစ်အတွင်း အပြီးတိုင်ပိတ်သိမ်းရသော အခြေအနေသို့ ရောက်ရှိခဲ့ပြီး အခြားစားသောက်ဆိုင်ထောင်ပေါင်းများစွာမှာလည်း ပိတ်လုဆဲဆဲအခြေအနေတွင် ရောက်ရှိနေကြောင်း အမျိုးသားစားသောက်ဆိုင်အဖွဲ့အစည်းက ပြောကြားသည်။

၂၀၂၀ ပြည့်နှစ်သည် စားသောက်ဆိုင်များနှင့် စတိုးဆိုင်များအတွက် ဆိုးရွားသောနှစ်တစ်နှစ်ဖြစ်ပြီး စီးပွားရေးကျဆင်းပြီး ဝယ်ယူစားသုံးသူဖောက်သည်များ၏ ဝယ်ယူမှုပုံစံပြောင်းလဲသွားသဖြင့် အဆိုပါလုပ်ငန်းများအတွက် အရှုံးပေါ်သော အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများ၏ အရှုံးပေါ်မှုကို အခြေခံပြီး အခြားတစ်ဖက်တွင်လည်း နိုင်ငံအတွင်း အလုပ်လက်မဲ့နှုန်းများ မြင့်တက်လာကြောင်း သိရသည်။

အမေရိကန်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း အလုပ်လက်မဲ့ ဦးရေ ၈၅၃၀၀၀ အထိ ရှိခဲ့ကြောင်းနှင့် စက်တင်ဘာလလယ်နောက်ပိုင်း အမြင့်ဆုံးအရေအတွက်ဖြစ်ကြောင်း အမေရိကန်အလုပ်သမားဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်ဖြစ်လာသော စီးပွားရေးကျဆင်းမှုများအား ကုစားနိုင်ရန်အတွက် အမေရိကန် ဒေါ်လာ ၉၁၆ ဘီလီယံတန်ဖိုးရှိသော ကိုဗစ်–၁၉ ရောဂါ ပြန်လည်ကုစားရေးရန်ပုံငွေအား အိမ်ဖြူတော်က ကွန်ဂရက်သို့ တင်သွင်းခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန် –အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၇၂၇၄၀၉၆၁ ဦး |
| သေဆုံးသူ | ၁၆၂၀၇၉၉ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၅၀၉၄၆၁၁၄ ဦး |

# သမ္မတထရမ့်၊ ဒုသမ္မတ မိုက်ပန့်စ်နှင့် အစိုးရထိပ်တန်းတာဝန်ရှိသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူရန် အမေရိကန်ကာကွယ်ဆေးထိုးနှံရေးအဖွဲ့ ကမ်းလှမ်းခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁၄**

ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးအပေါ် ယုံကြည်မှုပိုမိုမြင့်မားလာရေးအတွက် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် သမ္မတ ထရမ့်၊ ဒုသမ္မတ မိုက်ပန့်စ်နှင့် အစိုးရထိပ်တန်း တာဝန်ရှိသူများကို ကာကွယ်ဆေးထိုးနှံမှုခံယူရန် ကမ်းလှမ်းထားကြောင်း ကာကွယ်ဆေးထိုးနှံရေးအဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အိမ်ဖြူတော်မှ တာဝန်ရှိသူများနှင့် အစိုးရ၏ မဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများအားလုံးကို လာမည့် ၁၀ ရက်အတွင်း ကာကွယ်ဆေး ထိုးနှံပေးရေးအတွက် အစီအစဉ်တစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရဖူးသည့် သမ္မတ ထရမ့်က အိမ်ဖြူတော်မှ တာဝန်ရှိသူများအား ကိုဗစ်ကာကွယ်ဆေး ပထမအသုတ်ကို အလျင်စလို ထိုးနှံရန် မလိုအပ်ကြောင်း ၎င်း၏ တွစ်တာစာမျက်နှာမှ တစ်ဆင့် ပြောကြားခဲ့သော်လည်း ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဒုသမ္မတ မိုက်ပန့်စ်က ပေါလ်သတင်းစာသို့ "ကာကွယ်ဆေးထိုးနှံမှုခံယူဖို့ ကျွန်တော်နဲ့ ကျွန်တော့်မိသားစုက နှောင့်နှေးနေမှာ မဟုတ်ပါဘူး" ဟု ပြောကြားခဲ့ဖူးသည်။

ယနေ့တွင် အမေရိကန်နိုင်ငံတစ်လွှား နေရာ ၁၄၅ နေရာသို့ ကာကွယ်ဆေးများ ဖြန့်ချိပေးလျက်ရှိပြီး သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးဝန်ထမ်းများကို Pfizer ကာကွယ်ဆေးထိုးနှံပေးမှု စတင်မည်ဖြစ်သည်။ အမျိုးသားလုံခြုံရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဂျွန်အူယော့ထ်က "အစိုးရထိပ်တန်းတာဝန်ရှိသူတွေပါ ကာကွယ်ဆေး ထိုးနှံကြတယ်ဆိုတဲ့အချက်က အမေရိကန်ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးရဲ့ ဘေးအန္တရာယ်ကင်းရှင်းမှုနဲ့ ထိရောက်နှုန်းမြင့်မားတယ်ဆိုတဲ့အချက်အပေါ် ယုံကြည်ချက် ပိုမိုမြင့်မားလာစေနိုင်ပါတယ်"ဟု ပြောကြားသည်။

သမ္မတ အိုဘားမားလက်ထက် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် "အမျိုးသားဆက်လက်ဖော်ဆောင်ရေးမူဝါဒ"တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါမူဝါဒအရ အမေရိကန် အစိုးရအနေဖြင့် မဖြစ်မနေအကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကို နှောင့်နှေးခြင်းမရှိဘဲ ပြည်သူများအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်မှာ အဆိုပါမူဝါဒ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖော်ဆောင်ခြင်းလည်းဖြစ်သည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန်–မေလွဲ့သင်း**



# တောင်ကိုရီးယား၌ ကိုဗစ်–၁၉ ရောဂါ အခမဲ့စစ်ဆေးရေး စင်တာသစ် ၂၀၀ နီးပါးကို ထပ်တိုးဖွင့်လှစ်ရန် စီစဉ်

**ဆိုးလ် ဒီဇင်ဘာ ၁၄**

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ အခမဲ့စစ်ဆေးရေး စင်တာသစ် ၂၀၀ နီးပါးကို လာမည့် သီတင်းသုံးပတ်အတွင်း ထပ်မံဖွင့်လှစ်ရန် စီစဉ်ထားပြီး အဆိုပါစင်တာအများစုမှာ မြို့တော်ဆိုးလ်ဝန်းကျင်ကို အခြေပြုတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်မှု စတင်တွေ့ရှိခဲ့သည့် ဇန်နဝါရီလမှ ဒီဇင်ဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၃၄၈၄ ဦးနှင့် သေဆုံးသူ ၅၈၇ ဦးရှိခဲ့ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေးအေဂျင်စီက ဆိုသည်။ အဆိုပါကူးစက်မှု၏ ၆၅ ရာခိုင်နှုန်းကျော်မှာ ဆိုးလ်မြို့ဝန်းကျင်မှ ဖြစ်သဖြင့် အခမဲ့စစ်ဆေးရေး စင်တာများကို မြို့တော်ဆိုးလ် တစ်ဝိုက်တွင်သာ အခြေပြုတည်ဆောက်ရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ဆိုးလ်မြို့ပတ်ဝန်းကျင်တွင် ကိုဗစ်စစ်ဆေးရေးစင်တာသစ် ၁၅၀ ကျော်ကို လာမည့် ရက်သတ္တသုံးပတ်အတွင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သောကြောင့် ဆိုးလ်မြို့၌ပင် အခမဲ့စစ်ဆေးရေးစင်တာ စုစုပေါင်း ၂၁၀ ကျော် ရှိလာမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၃ ရက်တွင် ရောဂါကူးစက်မှု စတင်ကျဆင်းလာခဲ့ပြီဖြစ်သော်လည်း ယခုကဲ့သို့ ကူးစက်မှုအရေအတွက် ကျဆင်းလာခြင်းက ရောဂါစစ်ဆေးမှုခံယူသူဦးရေ ကျဆင်းခြင်းကြောင့်ဖြစ်ကြောင်း ရောဂါကူးစက်မှုစောင့်ကြည့်သူများက ဆိုသည်။

**ကိုးကား– စီအင်န်အေ**
**ဘာသာပြန်–မေလွဲ့သင်း**

# လာမည့်ကိုးလအတွင်း အင်ဒိုနီးရှားပြည်သူ ၇၅ သန်းကို ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးပေးမည်

**ဂျကာတာ ဒီဇင်ဘာ ၁၄**

လာမည့်ကိုးလခန့်အတွင်း အင်ဒိုနီးရှားပြည်သူ ၇၅ သန်းကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းကြောင်း နိုင်ငံပိုင်လုပ်ငန်းများဝန်ကြီးနှင့် ကိုဗစ်–၁၉ ရောဂါ ကိုင်တွယ်ဖြေရှင်းရေးနှင့် စီးပွားရေးပြန်လည်ထူထောင်ရေးအမှုဆောင်ကော်မတီ အကြီးအကဲ အဲရစ်သိုဟာက ပြောကြားသည်။




ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ဆေး ပထမဆုံး ထိုးပေးမည့်အုပ်စု ဖြစ်လာမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ထို့နောက် ပြည်သူ ၃၂ သန်းကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမည်ဖြစ်သည်။ ဗိုင်းရပ်စ်ကာကွယ်ဆေးကို ငွေကြေးအကုန်အကျခံ၍ ထိုးနှံလိုသူများအတွက် ကာကွယ်ဆေး ထိုးနှံရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများနှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်မည်ဖြစ်သည်။

အင်ဒိုနီးရှား အစိုးရက ယခုနှစ်အတွင်း တရုတ်နိုင်ငံမှ ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဝယ်ယူရန် ဒေါ်လာ ၄၅ သန်းနီးပါး သုံးစွဲခဲ့ပြီး ပထမအဆင့် အနေဖြင့် အလုံးရေ ၁ ဒသမ ၂ သန်း အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာခဲ့ရာ လာမည့် နှစ်အစောပိုင်းတွင် အသုံးပြုမည်ဖြစ်သည်။

ဒုတိယအသုတ် ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၈ သန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ပေးပို့မည်ဟု သိရသည်။

**ကိုးကား–ဗွီအင်န်အေ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်စိုးဦးနှင့် ဒုတိယဦးစီးမှူး ဒေါ်သန္တာဆင့်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ၎င်းလက်အောက်ဌာနမှ ဝန်ထမ်းများသည် နိုင်ငံတော်မှ ချမှတ်ပေးသော သင်တန်းကြေးများ၊ ရုံးအဆောက်အအုံများအတွက် အသုံးစရိတ်များအား ကိုယ်ကျိုးသုံးစွဲ၍ အဂတိလိုက်စားမှု ကျူးလွန်နေမှုများကို အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်စိုးဦးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ခွဲဝေချထားပေးသော ဌာနဆိုင်ရာ သင်တန်းများ၊ ရုံးအဆောက်အအုံဆိုင်ရာ အသုံးစရိတ်များကို သက်ဆိုင်ရာ လက်အောက်ခံမြို့နယ်များသို့ ခွဲဝေချထားပေးရာတွင် သင်တန်းများနှင့် စပ်လျဉ်း၍ တိုင်းဦးစီးမှူးရုံး အထွေထွေအသုံးစရိတ်အဖြစ် (၂)ရက်သင်တန်းတစ်ခုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ (၅) ရက် သင်တန်းတစ်ခုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဒုတိယဦးစီးမှူး ဒေါ်သန္တာဆင့်မှတစ်ဆင့် တောင်းခံခဲ့ပြီး တိုင်ကြားသည့်အခါ အဆိုပါ တောင်းခံရယူခဲ့သည့် ငွေကျပ် ၁၅ သိန်းကို သက်ဆိုင်ရာမြို့နယ်များသို့ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပြန်လည်လွှဲပေးခဲ့သည်။ ယင်းနောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေစကြိုမြို့နယ်ရုံးအဆောက်အအုံပြုပြင်ရန်အတွက် နိုင်ငံတော်မှ ခွဲဝေချထားပေးသည့် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၈၀ မှ ငွေကျပ် ၂၅ သိန်းပေးရန် ဒေါ်သန္တာဆင့်မှတစ်ဆင့် တောင်းခံခဲ့ပြီး ရေစကြိုမြို့နယ် ဦးစီးမှူးက လွှဲပေးသော ငွေကျပ် ၅ သိန်းအား လက်ခံရယူခဲ့ခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် ဒုတိယဦးစီးမှူး ဒေါ်သန္တာဆင့်သည်လည်း ငွေကျပ် ၂၀၀၀၀၀ ကို လက်ခံရယူခဲ့ကြောင်းနှင့် ဒေါက်တာမောင်မောင်စိုးဦး အဂတိလိုက်စားမှုကျူးလွန်ရာတွင် အားပေးကူညီကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တိုင်းဦးစီးဌာနမှူး ဒေါက်တာမောင်မောင်စိုးဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်သန္တာဆင့်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆/၆၃ အရ လည်းကောင်း မကွေးတိုင်းဒေသကြီး မကွေးမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

သတင်းစဉ်




# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၇ ရက်မှ ၁၀ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လိုက်မြို့နယ် မော်ကူးကြိုးဝိုင်းအကွက်အမှတ်(၄၃)၊ ရေနံချောင်းဘေးတွင် တရားမဝင် ပျဉ်းကတိုးသစ် ၁၂ တန်၊ ကလေးဝမြို့နယ် မဟာမြိုင်ကြိုးပြင်အတွင်း ဒေသအခေါ် ရေမျောနေရာမှ တရားမဝင် သပြေ/ ရုံး/ ဇောင်းပလွေး/ သစ်နက်/ နရွဲ/ သစ်စေး/ ကြို့/ သရက်/ အင်သစ် ၁၇ တန်၊ ဝန်းသိုမြို့နယ်၊ တပ်လွှင်ကြိုး(၈၁) ဘုံချောင်းရွာ အရှေ့ဘက် (၁)မိုင်ခန့်အကွာနေရာ၊ ပြင်တဲကြိုး (၁၁၊ ၁၂) အတွင်းနေရာများ၌ တရားမဝင် ကျွန်းသစ်/ ခွဲသား ၃၁၁ လုံး/ ချောင်း ၁၇ တန်၊ ချန်ချိုင်း(၂၂)ကောင်အင်ဂျင်တစ်လုံးပါ သစ်စက်ဆက်စပ်ပစ္စည်းများ၊ ကလောမြို့နယ် (ပူးတွဲ) ပင်လောင်းမြို့နယ် ပေါင်းလောင်း ကြိုးဝိုင်းအကွက်အမှတ်(၁၅၁)အတွင်း တရားမဝင် သင်္ကန်း/ ကရဝေး/ စကားဝါ/ တောင်တမာ/ ပျဉ်းမ/ သပြေ/ ကညင်သစ်/ခြမ်း ၂၅၃ တန်အား သိမ်းဆည်းရမိခဲ့သဖြင့် ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**



# မိုးညှင်းမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၅ နာရီက မိုးညှင်းမြို့ အောင်သပြေ(၃)ရပ်ကွက်နေ တူးအောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၀ သိမ်းဆည်းရမိခဲ့သဖြင့် တူးအောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**


တူးအောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ထန်တလန်မြို့နယ်၌ ယာဉ်တိမ်းမှောက်မှုကြောင့် နှစ်ဦး သေဆုံးကာ ကိုးဦး ဒဏ်ရာရ



**ထန်တလန် ဒီဇင်ဘာ ၁၄**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ထန်တလန်-ဟားခါးကားလမ်း မိုင်တိုင်အမှတ်(၁၇)၌ ယနေ့နံနက် ၇ နာရီခွဲက မှန်လုံယာဉ်တိမ်းမှောက်မှုကြောင့် နှစ်ဦးသေဆုံးကာ ကိုးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထန်တလန်မြို့မှ ဟားခါးမြို့သို့ ရုန်ကျဲအို မောင်းနှင်ပြီး ခရီးသည်အပါအဝင် ၁၁ ဦး လိုက်ပါလာသော မှန်လုံယာဉ်သည် ဘရိတ်ပေါက်၍ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် နှစ်ဦး သေဆုံးခဲ့ပြီး ယာဉ်မောင်း အပါအဝင် ကိုးဦးတို့မှာ ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မောင်း ရုန်ကျဲအိုအား ထန်တလန်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


# ဟားခါးမြို့နယ် လောက်လုံကျေးရွာ၌ နေအိမ်တစ်လုံး မီးလောင်

**ဟားခါး ဒီဇင်ဘာ ၁၄**

ဟားခါးမြို့နယ် လောက်လုံကျေးရွာတွင် လျှပ်စစ်ထမင်းပေါင်းအိုးတည်ထားရာမှတစ်ဆင့် အပူလွန်ကဲပြီး ယမန်နေ့ ညနေ ၅ နာရီက ဦးထောင်ဟီး၏ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ဟားခါးမြို့နယ် မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသျှန်နွန်မောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးဘေးသင့်မိသားစုဝင် သုံးဦးအား နီးစပ်ရာ ဆွေမျိုးများနေအိမ်သို့ နေရာချထားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်း၌ ယာဉ်တစ်စီး တိမ်းမှောက်၍ ကိုးဦး ဒဏ်ရာရရှိ

**ရေတာရှည် ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်းတွင် ယမန်နေ့ မွန်းလွဲပိုင်း ၂ နာရီခွဲခန့်က ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးနှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ သာဂရအမြန်လမ်းရဲစခန်းမှူး ရဲအုပ် လွင်ကိုကိုဦးနှင့်အဖွဲ့၊ အမြန်လမ်း မီးသတ်အဖွဲ့တို့ပူးပေါင်း၍ သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ ရန်ကုန်မြို့သို့ ရှိုင်းဘို မောင်းနှင်သူအပါအဝင် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ကိုးဦး လိုက်ပါလာသော ယာဉ်သည် မိုင်တိုင် (၁၆၉/၃ နှင့် ၄) အကြား၌ အရှိန်လွန်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူ ကိုးဦးတို့မှာ ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း ရှိုင်းဘိုအား သာဂရအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ပြည်တွင်းလေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြည်တွင်းလေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ပြည်တွင်းလေကြောင်းလိုင်းများ ဖွင့်လှစ်သွားရန်လျာထားကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

**အကြောင်းကြား**

ထို့ကြောင့် ပြည်တွင်းလေကြောင်းလိုင်းများနှင့် လေဆိပ်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်မည့် လေကြောင်းလိုင်းဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများနှင့် ခရီးသည်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဒီဇင်ဘာ ၁၆ ရက်မှ စတင်၍ ပြည်တွင်းပုံမှန်လေကြောင်းခရီးစဉ်များ ပျံသန်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် အကြောင်းကြားခဲ့သည်။ ထိုစံသတ်မှတ်ချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အခါတွင် အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၊ အဲကေဘီဇက်၊ ရွှေမြန်မာလေကြောင်းနှင့် မန်းရတနာပုံလေကြောင်းတို့သည် ဒီဇင်ဘာ ၁၆ ရက်မှစတင်၍ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ အမ်း၊ မန္တလေး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ဟဲဟိုး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ မြစ်ကြီးနား၊ ပူတာအို၊ ကလေး၊ လွိုင်ကော်နှင့် နေပြည်တော်တို့တွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး အဲသံလွင်လေကြောင်းမှာ ဒီဇင်ဘာ ၃၀ ရက်မှစ၍ ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**မြင့်မောင်**



# ဖားကန့်မြို့နယ် လုံးခင်းကျေးရွာကို အသွားအလာ ကန့်သတ်ဧရိယာအဖြစ် သတ်မှတ်

**ဖားကန့် ဒီဇင်ဘာ ၁၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ လုံးခင်းကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသွားအလာ ကန့်သတ်ဧရိယာအဖြစ် ယမန်နေ့ ညနေ ၆ နာရီက စတင်သတ်မှတ်ခဲ့ကြောင်း ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်က ပြောသည်။




"မြို့နယ် အုပ်ချုပ်ရေးအဖွဲ့၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စေတနာ့လုပ်အားရှင်တွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပြည်သူတွေကို ကျန်းမာရေးကိစ္စနဲ့ ဈေးဝယ်ဖို့တော့ စီစဉ်ပေးထားပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်စာကို မရုပ်သိမ်းမချင်း အသွားအလာ ကန့်သတ်ထားမှာပါ။ အနည်းဆုံးတော့ နှစ်ပတ်လောက်ကြာမယ်လို့ ခန့်မှန်းထားပါတယ်" ဟု ၎င်းက ပြောသည်။

**ဝင်ရောက်နိုင်ရန် စီစဉ်ပေး**

လုံးခင်းကျေးရွာကို အသွားအလာ ကန့်သတ်ဧရိယာအဖြစ် သတ်မှတ်လိုက်သည့်အတွက်ကြောင့် ဖားကန့်မြို့အပါအဝင် တခြားသော မော်နယ်မြေများသို့ သွားမည်ဆိုပါက လုံးခင်းကျေးရွာကို မဖြတ်ရဘဲ ရှောင်ကွင်းလမ်းအနေဖြင့် လယ်ပြင်ဂိတ်မှ ဝင်ရောက်ကာ ငြိမ်းချမ်းသာယာရပ်ကျေးရွာ၊ မလန်းကျေးရွာ၊ ဂျန်ကတ်ဘက်မှ သတ်မှတ်လမ်းကြောင်းအတိုင်း ဝင်ရောက်နိုင်ရန် စီစဉ်ပေးထားကြောင်း ဦးဉာဏ်လင်းအောင်က ဆက်လက်ပြောသည်။

ဖားကန့်မြို့နယ်တွင် နိုဝင်ဘာ ၂၂ ရက်က ကိုဗစ်-၁၉ ပိုးတွေ့သူ ၉၂ ဦးသာရှိခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက် တွင် ၁၈၂ ဦး ရှိလာကြောင်း၊ လက်ရှိအနေဖြင့် အတည်ပြု ပိုးတွေ့ရှိသူတို့နှင့် ဆက်စပ်သူများ ကို နေ့ချင်းအပြီး RDT Test Kit များဖြင့် စစ်ဆေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာန၏ ယမန်နေ့က သတင်းထုတ်ပြန်ချက်အရ ပြည်နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာပေါင်း ၄၂၂ ဦးရှိပြီး လက်ရှိဆေးရုံများ၌ ဆေးကုသမှုခံယူနေသူ ၁၅၅ ဦးရှိကြောင်းနှင့် ဖားကန့်မြို့နယ်အတွင်း ၌ ရောဂါပိုးတွေ့ရှိသူ ၂၇၃ ဦးရှိပြီး ဆေးကုသမှုခံယူနေရသူပေါင်း ၁၀၉ ဦးရှိကြောင်း သိရသည်။

**ဆုမြတ်**

# ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ၌ လုပ်အားပေး ဆောင်ရွက်ရန် စေတနာ့ဝန်ထမ်းဆရာဝန်များ လိုအပ်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကိုဗစ်-၁၉ ရောဂါကုသရေးစင်တာများ၌ လုပ်အားပေးဆောင်ရွက်ရန် စေတနာ့ဝန်ထမ်းဆရာဝန်များ လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သိရသည်။

ရန်ကုန်မြို့ရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ၌ မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆရာဝန်များက တစ်ဖက်တစ်လမ်းမှနေ၍ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိရာ ရေရှည်တွင် လူအင်အားနှင့် အလုပ်ဝန်အင်အား မမျှတမှုများကြောင့် လက်ရှိတွင် စင်တာတစ်ခုလျှင် အနည်းဆုံး စေတနာ့ဝန်ထမ်းဆရာဝန် ၁၀ ဦးခန့်စီ လိုအပ်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများဖြစ်သည့် ဖော်ကျွန်းပလာဇာ၊ လှိုင်၊ ရိုးမရိပ်သာ၊ အောင်မြင့်မိုရ်၊ ဖောင်ကြီး၊ ရောဝတီ စသည့် စင်တာများ၌ လုပ်အားပေးဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းဆရာဝန်များအနေဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း MMA CME လူမှုကွန်ရက်စာမျက်နှာရှိ Google Form တွင် အချက်အလက်ပြည့်စုံစွာ ဖြည့်စွက်၍ စာရင်းပေးသွင်းနိုင်ပြီး ဖုန်း-၀၉-၅၁၃၇၅၇၀ ထံသို့လည်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံဆရာဝန်အသင်းအနေဖြင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကိုဗစ်-၁၉ စင်တာများသို့ စေတနာ့ဝန်ထမ်းဆရာဝန်များ ပို့ဆောင်ပေးခြင်း၊ ပြည်သူများ ကြုံတွေ့နေရသည့် ကျန်းမာရေးပြဿနာများကို တယ်လီဖုန်းမှတစ်ဆင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူနိုင်သည့် အစီအစဉ်ကို ဆောင်ရွက်ပေးခြင်း၊ လူထုအခြေပြုဖျားနာကုအခမဲ့ဆေးများဖွင့်လှစ်နိုင်ရန် လိုအပ်သည့် သင်တန်းများနှင့် အကူအညီများပေးခြင်း၊ National COVID-19 Call Centre ၌ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်း၊ Psychological Support ပေးသည့် Cousilling ကို အွန်လိုင်းမှ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**

# အစားအသောက်များ ဘေးကင်းလုံခြုံရေးဆိုင်ရာ အွန်လိုင်းသင်တန်း ဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၁၄**


မန္တလေးတိုင်းဒေသကြီးအတွင်း အစားအသောက်များ ဘေးကင်းလုံခြုံရေးဆိုင်ရာ အွန်လိုင်းသင်တန်းကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(MRCCI)မှ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်က ပြောသည်။

အဆိုပါ သင်တန်းကို International Finance Corporation(IFC)၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)တို့ ပူးပေါင်း၍ မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ကာ အွန်လိုင်းမှ ပို့ချပေးနေခြင်းဖြစ်ကြောင်း၊ ယင်းသင်တန်းကို အစားအသောက်နှင့်ပတ်သက်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးပညာရပ်ကို အစားအသောက်ထုတ်လုပ်နေသည့် လုပ်ငန်းရှင်များအနေဖြင့် သိရှိနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကို ဒီဇင်ဘာ ၁၄ ရက်ကနေ ၁၉ ရက်အထိ မွန်းလွဲ ၁၂ နာရီခွဲကနေ ညနေ ၄ နာရီခွဲအထိ ပို့ချပေးမှာပါ။ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ပတ်သက်ပြီး စီမံခန့်ခွဲလုပ်ကိုင်ကြမယ့် လုပ်ငန်းရှင်တွေအနေနဲ့ ဒီသင်တန်းကနေ အသိပညာတွေရရှိစေဖို့နဲ့ ပြန်လည်မျှဝေပေးနိုင်ဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်ပေးတာဖြစ်လို့ အကျိုးရှိတဲ့ သင်တန်းဖြစ်ပါတယ်" ဟု ဦးဥက္ကာကျော်က ပြောသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၂ ဦးရှိကြောင်း၊ သင်ကြားပို့ချပေးရာတွင် အစားအသောက်များ ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေကြသည့် နိုင်ငံတကာမှ ပညာရှင်များနှင့် မြန်မာနိုင်ငံမှ ပညာရှင်များ ပူးပေါင်း၍ ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်ပြီးသူများကိုလည်း သင်တန်းဆင်းလက်မှတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် ယခုသင်တန်းကဲ့သို့ ဆင့်ပွားသင်တန်းများလည်း ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## ဒီတစ်ပွဲလေး နွှဲလိုက်ချင်တာနဲ့ပဲ နောင်အနာဂတ်အတွက် ကိုယ့်အကျိုးဆုတ်ယုတ်နိုင်တဲ့ ကိစ္စတွေကို မဖြစ်စေချင်



ကျန်းမာရေးပညာပေးနဲ့ပတ်သက်လို့တော့ ကျွန်မတို့ ထပ်တလဲလဲပြောနေတယ်ဆိုတာ ပြည်သူတွေလည်း သိပြီးသားတော့ ဖြစ်ပါလိမ့်မယ်။ Mask ကတော့ အမြဲတပ်ပါ၊ လက်ဆေးတာကိုတော့ သေသေချာချာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့ ကိုက်ညီအောင်လို့ သေသေချာချာဆေးကြပါ၊ နောက်ပြီး တစ်ယောက်နဲ့တစ်ယောက် ၆ ပေအနည်းဆုံး ကွာအောင်နေကြပါ၊ မလိုအပ်ဘဲနဲ့ အပြင်ကို မထွက်ပါနဲ့၊ အထူးသဖြင့် အခုအချိန်မှာ အပြင်ကိုမထွက်ပါနဲ့။ နှစ်သစ်ကူးလာတော့မယ့်အချိန်၊ ခရစ္စမတ်ကာလ လာတော့မယ့်အချိန် အဲဒီအချိန်မှာ အပြင်မှာထွက်ပြီးတော့ ဒီတစ်ခါလေးတော့ တစ်ပွဲနွှဲလိုက်ပါဦးမယ်ဆိုတဲ့ စိတ်နဲ့မနွှဲပါနဲ့။ ဒီတစ်ပွဲလေး နွှဲလိုက်ချင်တာနဲ့ပဲ နောင်အနာဂတ်အတွက် ကိုယ့်အကျိုးဆုတ်ယုတ်နိုင်တဲ့ ကိစ္စတွေကို မဖြစ်စေချင်ပါဘူး။ ပြည်သူတွေ အကျိုးဆုတ်ယုတ်တယ်ဆိုရင် နိုင်ငံအကျိုး ဆုတ်ယုတ်တာပါပဲ။ ဒါကြောင့် ဒီအချိန်မှာတော့ အထူးသတိထားစေချင်ပါတယ်။ ထိန်းသိမ်းစေချင်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၄-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၁၃-၁၂-၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ(၁,၁၂၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၅၈ |
| | | မင်္ဂလာဒုံ | ၅၂ |
| | | သာကေတ* | ၄၈ |
| | | ရွှေပြည်သာ | ၃၁ |
| | | သင်္ဃန်းကျွန်း | ၂၉ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၂၉ |
| | | တာမွေ* | ၁၈ |
| | | သန်လျင် | ၁၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၇ |
| | | တိုက်ကြီး | ၁၆ |
| | | တောင်ဥက္ကလာပ | ၁၅ |
| | | မရမ်းကုန်း | ၁၄ |
| | | မှော်ဘီ | ၁၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၄ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၄ |
| | | လှိုင်သာယာ | ၁၃ |
| | | အင်းစိန် | ၁၂ |
| | | လမ်းမတော် | ၁၁ |
| | | ဗိုလ်တထောင် | ၁၀ |
| | | ပုဇွန်တောင် | ၈ |
| | | လှည်းကူး | ၇ |
| | | ကြည့်မြင်တိုင် | ၇ |
| | | ကမာရွတ် | ၆ |
| | | ထန်းတပင် | ၆ |
| | | သုံးခွ | ၆ |
| | | ဒလ | ၅ |
| | | ဗဟန်း | ၅ |
| | | ကော့မှူး | ၅ |
| | | လှိုင် | ၄ |
| | | ကျောက်တန်း | ၄ |
| | | ရန်ကင်း | ၃ |
| | | မင်္ဂလာတောင်ညွန့် | ၃ |
| | | စမ်းချောင်း | ၃ |
| | | ခရမ်း | ၃ |
| | | ဒဂုံ | ၃ |
| | | ဒေါပုံ | ၂ |
| | | လသာ | ၂ |
| | | ဆိပ်ကြီးခနောင်တို | ၂ |
| | | အလုံ | ၂ |
| | | တွံတေး | ၁ |
| | | စုစုပေါင်း | ၅၁၉ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၄၆ |
| | | ချမ်းအေးသာစံ | ၄၅ |
| | | မဟာအောင်မြေ | ၃၉ |
| | | ချမ်းမြသာစည် | ၃၈ |
| | | အမရပူရ | ၂၈ |
| | | ပုသိမ်ကြီး | ၁၅ |
| | | ပြည်ကြီးတံခွန် | ၁၀ |
| | | မြင်းခြံ | ၁၀ |
| | | ကျောက်ဆည် | ၆ |
| | | စဉ့်ကိုင် | ၅ |
| | | ငါန်းဇွန် | ၅ |
| | | ပြင်ဦးလွင် | ၄ |
| | | နွားထိုးကြီး | ၃ |
| | | မိုးကုတ် | ၂ |
| | | ဝမ်းတွင်း | ၂ |
| | | တောင်သာ | ၁ |
| | | ညောင်ဦး | ၁ |
| | | ရမည်းသင်း | ၁ |
| | | တံတားဦး | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မြစ်သား | ၁ |
| | | စုစုပေါင်း | ၂၆၄ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ | ၄၀ |
| | | မြောင်းမြ | ၂၇ |
| | | ပုသိမ် | ၁၉ |
| | | မော်လမြိုင်ကျွန်း | ၉ |
| | | ကျုံပျော် | ၈ |
| | | သာပေါင်း | ၅ |
| | | ဝါးခယ်မ | ၁ |
| | | ကန်ကြီးထောင့် | ၁ |
| | | ဒေးဒရဲ | ၁ |
| | | ဓနုဖြူ | ၁ |
| | | စုစုပေါင်း | ၁၁၂ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၂ |
| | | ဇေယျာဝတီ | ၁၁ |
| | | ရွှေတောင် | ၁၀ |
| | | ပြည် | ၈ |
| | | သနပ်ပင် | ၅ |
| | | ကျောက်တံခါး | ၂ |
| | | အုတ်ဖို | ၂ |
| | | ရေတာရှည် | ၂ |
| | | တောင်ငူ | ၁ |
| | | ကဝ | ၁ |
| | | ကြို့ပင်ကောက် | ၁ |
| | | မင်းလှ | ၁ |
| | | စုစုပေါင်း | ၇၆ |
| ၅။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁၇ |
| | | မင်းဘူး | ၁၀ |
| | | မကွေး | ၇ |
| | | ချောက်* | ၆ |
| | | နတ်မောက် | ၄ |
| | | တောင်တွင်းကြီး | ၃ |
| | | ဂန့်ဂေါ | ၂ |
| | | ပခုက္ကူ | ၂ |
| | | ပေါက် | ၂ |
| | | မြိုင် | ၁ |
| | | စလင်း | ၁ |
| | | ရေနံချောင်း | ၁ |
| | | စုစုပေါင်း | ၅၆ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၂၁ |
| | | အရာတော် | ၂ |
| | | တမူး | ၂ |
| | | ဟုမ္မလင်း | ၁ |
| | | ကျွန်းလှ | ၁ |
| | | စုစုပေါင်း | ၂၇ |
| ၇။ | ကချင်ပြည်နယ် | ဖားကန့် | ၁၄ |
| | | မိုးကောင်း | ၁ |
| | | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၈။ | ကရင်ပြည်နယ် | ဘားအံ | ၈ |
| | | မြဝတီ | ၇ |
| | | ကော့ကရိတ် | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၉။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၁ |
| | | သထုံ | ၂ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၀။ | ရှမ်းပြည်နယ် | မူဆယ် | ၅ |
| | | နမ့်စန် | ၂ |
| | | နမ့်ခမ်း | ၁ |
| | | ကလော | ၁ |
| | | မိုးနဲ | ၁ |
| | | ညောင်ရွှေ | ၁ |
| | | ကျိုင်းတုံ | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၁။ | ရခိုင်ပြည်နယ် | မြေပုံ | ၃ |
| | | စစ်တွေ | ၂ |
| | | သံတွဲ | ၂ |
| | | တောင်ကုတ် | ၁ |
| | | အမ်း | ၁ |
| | | စုစုပေါင်း | ၉ |
| ၁၂။ | နေပြည်တော် | ပုဗ္ဗသီရိ | ၂ |
| | | လယ်ဝေး | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၃။ | ချင်းပြည်နယ် | ဟားခါး | ၂ |
| | | စုစုပေါင်း | ၂ |
| (၁၃-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၁၂၇) ဦး |

* မြို့နယ်မှ (၄) ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

**မှတ်ချက်။** (၁၃-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၂၇)ဦးတွင် အနံ့မရရှိသူ (၂၆၆) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# Stay at Home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

(ယမန်နေ့မှအဆက်)

**၁၄-၁၁-၂၀၂၀ ရက်နေ့မှ ၂-၁၂-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ဆက်လက် ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း**

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ (ကျပ်) |
|---|---|---|---|---|
| ၁၂၁၀ | 13033.36.1.2.560 | ဒေါ်ခင်ဝင်း(ဖိနပ်) | ၂ | ၈၆,၄၀၀.၀၀ |
| ၁၂၁၁ | 13033.36.1.2.629 | ရွှေမိတ်ဆက် နာရီဆိုင် | ၄ | ၁၇၂,၈၀၀.၀၀ |
| ၁၂၁၂ | 13033.36.1.2.634 | ရွှေဇီးကွက် | ၄ | ၁၇၂,၈၀၀.၀၀ |
| ၁၂၁၃ | 13033.36.1.2.746 | Myanma Supply | ၁ | ၄၃,၂၀၀.၀၀ |
| ၁၂၁၄ | 13033.36.1.2.747 | MTP ဆောက်လုပ်ရေး Co., Ltd | ၄ | ၁၇၂,၈၀၀.၀၀ |
| ၁၂၁၅ | 13033.36.1.2.824 | Feel မြန်မာထမင်းဆိုင် | ၂၆ | ၇၂၈,၀၀၀.၀၀ |
| ၁၂၁၆ | 13033.36.2.2.322 | Asia Express | ၃ | ၁၂၉,၆၀၀.၀၀ |
| ၁၂၁၇ | 13033.36.5.2.125 | ကလျာဏမိတ္တ | ၁ | ၁၂၀,၀၀၀.၀၀ |
| ၁၂၁၈ | 13033.36.6.2.132 | Mode Fashion | ၆ | ၂၄၀,၀၀၀.၀၀ |
| ၁၂၁၉ | 13033.36.7.2.125 | Uniq Furture Factory | ၆ | ၆၅၂,၀၀၀.၀၀ |
| ၁၂၂၀ | 13033.36.8.2.16 | Softiline International | ၅ | ၆၀၀,၀၀၀.၀၀ |
| ၁၂၂၁ | 13033.36.8.2.67 | K & K Yangon Private Limited | ၈ | ၉၆၀,၀၀၀.၀၀ |
| ၁၂၂၂ | 13033.36.1.2.350 | New Wold Priting | ၄ | ၁၇၂,၈၀၀.၀၀ |
| ၁၂၂၃ | 13033.310.1.2.688 | အနော်ရထာတာယာ(2) | ၃ | ၁၀၄,၀၀၀.၀၀ |
| ၁၂၂၄ | 13033.310.4.2.12 | ဝင်းတာယာနှင့် ဘက်ထရီရောင်းဝယ်ရေး | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၁၂၂၅ | 13033.310.5.2.96 | Myanmar Electrical & Instrumentation Co.,Ltd | ၁၀ | ၁,၁၀၀,၀၀၀.၀၀ |
| ၁၂၂၆ | 13033.310.5.2.97 | SMART Group Of Companies | ၃၈ | ၃,၈၅၁,၆၀၀.၀၀ |
| ၁၂၂၇ | 13033.310.5.2.98 | Smart Energy Resources Co.,Ltd | ၄ | ၄၁၂,၀၀၀.၀၀ |
| ၁၂၂၈ | 13033.310.5.2.99 | SMART Electrical Trading Co.,Ltd | ၂၄ | ၂,၄၈၈,၀၀၀.၀၀ |
| ၁၂၂၉ | 13033.310.8.2.17 | Golden Gift Auto Service | ၅ | ၃၉၂,၀၀၀.၀၀ |
| ၁၂၃၀ | 13037.39.1.2.24 | စွဲစားသောက်ဆိုင် | ၁၇ | ၉၆၀,၀၀၀.၀၀ |
| ၁၂၃၁ | 13037.39.1.2.37 | ဦးအောင်မြင့် လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက် | ၁၄ | ၂၈၀,၀၀၀.၀၀ |
| ၁၂၃၂ | 13037.39.1.2.84 | ပန်သုသမဝါယမအသင်း (ရုံးချုပ်) | ၁၄ | ၆၁၀,၄၀၀.၀၀ |
| ၁၂၃၃ | 13037.39.1.2.117 | Ocean Glory Co | ၅ | ၁၀၂,၀၀၀.၀၀ |
| ၁၂၃၄ | 13037.39.1.2.128 | ရွှေကြာဘီစကစ် | ၄ | ၇၂,၀၀၀.၀၀ |
| ၁၂၃၅ | 13037.39.1.2.211 | Intellect Computer | ၃ | ၁၂၉,၆၀၀.၀၀ |
| ၁၂၃၆ | 13037.39.1.2.244 | ရွှေကျားမင်းကဖီး-၂ | ၅ | ၈၀,၀၀၀.၀၀ |
| ၁၂၃၇ | 13037.39.1.2.345 | နတ်သမီးခုနစ်ဖော် တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ချိရေး | ၄ | ၈၀,၀၀၀.၀၀ |
| ၁၂၃၈ | 13037.39.1.2.373 | Hotel Green | ၁၀ | ၄၅၈,၄၀၀.၀၀ |
| ၁၂၃၉ | 13037.39.1.2.378 | Western Park Ruby | ၁၇ | ၇၃၄,၄၀၀.၀၀ |
| ၁၂၄၀ | 13037.39.1.2.451 | နန်းယန်စားသောက်ဆိုင် | ၈ | ၁၉၂,၀၀၀.၀၀ |
| ၁၂၄၁ | 13037.39.1.2.485 | မွန်မြတ်ရတနာပြက္ခဒိန် အရောင်းဆိုင် | ၅ | ၁၄၀,၀၀၀.၀၀ |
| ၁၂၄၂ | 13037.39.1.2.502 | နေလရောင် ပုံနှိပ် | ၃ | ၂၀၀,၀၀၀.၀၀ |
| ၁၂၄၃ | 13037.39.1.2.514 | Doreen Burger | ၂၁ | ၁,၁၃၆,၀၀၀.၀၀ |
| ၁၂၄၄ | 13037.39.1.2.535 | New The Frist Tea Shop | ၄ | ၅၆,၀၀၀.၀၀ |
| ၁၂၄၅ | 13037.39.1.2.574 | New Top ဆံသ | ၄ | ၁၂၈,၀၀၀.၀၀ |
| ၁၂၄၆ | 13037.39.1.2.582 | နှစ်ခြင်းသာသနာ ပုံနှိပ်တိုက် | ၄ | ၆၄,၀၀၀.၀၀ |
| ၁၂၄၇ | 13037.39.1.2.583 | ရွှေကျားမင်းကဖီး ၁ | ၅ | ၈၀,၀၀၀.၀၀ |
| ၁၂၄၈ | 13037.39.1.2.586 | ကိုးပါးဆေးလုပ်ငန်း | ၄ | ၆၄,၀၀၀.၀၀ |
| ၁၂၄၉ | 13037.39.2.2.126 | ပန်ဒါစားသောက်ဆိုင် | ၁၀ | ၆၈၀,၀၀၀.၀၀ |
| ၁၂၅၀ | 13037.39.2.2.158 | အနော်ရထာတာယာ | ၁၃ | ၃၇၄,၀၀၀.၀၀ |
| ၁၂၅၁ | 13037.39.2.2.172 | My Hotel | ၃ | ၁၇၂,၈၀၀.၀၀ |
| ၁၂၅၂ | 13037.39.2.2.278 | ရွှေလီလှိုင်းအကင်ဆိုင် | ၉ | ၂၁၆,၀၀၀.၀၀ |
| ၁၂၅၃ | 13037.39.5.2.98 | My Industrial Ingredients Co.,Ltd | ၄၈ | ၅,၄၆၀,၀၀၀.၀၀ |
| ၁၂၅၄ | 13037.39.6.2.87 | ICEM Asia Consulting Pte Ltd(Myanmar Representative Office) | ၂ | ၂၄၀,၀၀၀.၀၀ |
| ၁၂၅၅ | 13037.39.6.2.110 | မော်လမြိုင်စွဲ စားဖွယ်စုံ | ၈ | ၂၄၀,၀၀၀.၀၀ |
| ၁၂၅၆ | 13037.39.8.2.8 | Smart Com Co.,Ltd | ၆ | ၂၄၉,၆၀၀.၀၀ |
| | | စုစုပေါင်း | ၆၂,၇၇၆ | ၃,၈၀၃,၃၈၁,၆၃၁ |

## ကော့သောင်းမြို့ ဘုရင့်နောင်ဗျူးပွိုင့်ရင်ပြင်တွင် ဒီဇင်ဘာအားကစားလ ကျန်းမာရေးလေ့ကျင့်မှုများ ဆောင်ရွက်

**ကော့သောင်း ဒီဇင်ဘာ ၁၄**

မြို့ကျက်သရေဆောင် ဘုရင့်နောင်ရုပ်တုကုန်းမြေဝန်းကျင်သည် ပါချန်မြစ်ဝမှတစ်ဆင့် သာယာလှပသည့် အပေါ်စီးရှုခင်းများအပြင် လေကောင်းလေသန့်ရရှိသည့်နေရာဖြစ်ရာ မြို့ခံပြည်သူများ ကိုဗစ်-၁၉ရောဂါထိန်းချုပ်မှုစည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးလေ့ကျင့်ခန်းများ လာရောက်ပြုလုပ်လျက်ရှိသည်ကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းကတွေ့မြင်ရသည်။

အဆိုပါ ဗျူးပွိုင့်နေရာအား မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် အပန်းဖြေရင်ပြင်တည်ဆောက်ခြင်း၊ ကြွေပြားခင်းအလှဆင်ခြင်း၊ လမ်းမီးတိုင်များ ဖြင့်အလှဆင်ခြင်း၊ KAWTHAUNG အထိမ်းအမှတ် ရွှေရောင်သံမဏိပြားစာလုံးကြီးများတပ်ဆင်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကို လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ မြို့နေပြည်သူများ စိတ်လက်အေးချမ်းစွာအပန်းဖြေနိုင်ကြရေး စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း ယခင်ကဲ့သို့ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများ ဆောင်ရွက်ခွင့်မရသဖြင့် ကျန်းမာရေးကိုအလေးထားသည့် မြို့နေပြည်သူတချို့ ရောဂါထိန်းချုပ်မှုစည်းကမ်းချက်များနှင့်အညီ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အစုအဖွဲ့လိုက် ကျန်းမာရေးလေ့ကျင့်ခန်းများ လာရောက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**





## ပလင်းကမ်းသာယာဆင်စခန်းအား ခရီးစဉ်ဒေသအဖြစ် ဖော်ဆောင်နိုင်ရေး စစ်ဆေး

**ညောင်ဦး ဒီဇင်ဘာ ၁၄**

ပုဂံ-ညောင်ဦးခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီ (DMO)အဖွဲ့အနေဖြင့် ခရီးစဉ်ဒေသသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး နယ်မြေကွင်းဆင်းမှုများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်က ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်းသို့ DMO အဖွဲ့ဝင်များ မြေပြင်ကွင်းဆင်းစစ်ဆေးမှု ပြုလုပ်ခဲ့သည်။

အဆိုပါ ပလင်းကမ်းသာယာဆင်စခန်းသည် ညောင်ဦး-မြင်းခြံ-ပခုက္ကူလမ်းမကြီးမြောက်ဘက်၊ ညောင်ဦးမြို့မှ ၅ မိုင် ၅ ဖာလုံ၊ လမ်းမကြီးမှ နှစ်ဖာလုံခန့်အကွာ ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အပန်းဖြေသွားရောက်လည်ပတ်သင့်သည့် ဆင်စခန်းတစ်ခုဖြစ်သည်။

DMO ကော်မတီဝင်များသည် ပလင်းကမ်းသာယာဆင်စခန်း၏ သဘာဝအလှအပများ၊ ဆင်စခန်းအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်နှင့် ဆင်စခန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးခရီးစဉ်ဒေသ ဖော်ဆောင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ သိရှိနိုင်ရန်ရည်ရွယ်ကာ ဆင်စခန်း ဆောင်ရွက်လည်ပတ်နေမှုများ၊ ဆင်စခန်းအတွင်း ဝန်ဆောင်မှုများ၊ ဆင်စခန်းဝင်ကြေး/ဆင်စီးခနှုန်းထားများ၊ လေညင်းခံရှုခင်းကြည့်တံတား၊ ဆင်စီးလမ်းကြောင်း၊ မော်တော်စီးလမ်းကြောင်း၊ နားနေအပန်းဖြေနေရာများ၊ ဆင်ပြတိုက်၊ ဥတေနနတ်နန်း၊ မြက်ခင်းပြင်ပန်းဥယျာဉ်၊ ကလေးကစားကွင်းနေရာများအား ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပလင်းကမ်းသာယာဆင်စခန်း၌ ဆင်နှင့်ပတ်သက်သည့်ဗဟုသုတများတစ်နေရာတည်းတွင် စုံစုံလင်လင်လေ့လာနိုင်သည့် ဆင်ပြတိုက်၊ သဘာဝတောလမ်းအတိုင်းဆင်စီးခြင်း၊ မြစ်ကမ်းဘေးရှိထန်းရွက်တဲများတွင် အပန်းဖြေရင်း ဧရာဝတီမြစ်နှင့် သဘာဝအလှတရားများခံစားနိုင်ခြင်းတို့ကြောင့် ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များအကြား အချိန်တိုအတွင်း စိတ်ဝင်စားမှုမြင့်တက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာလအလွန် လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များ အပန်းဖြေအနားယူနိုင်မည့်နေရာများ ထပ်မံဖန်တီးဆောင်ရွက်ထားကြောင်း၊ ဆင်စာဘူဖေးများကို ကျပ် ၃၀၀၀၀၊ ကျပ် ၅၀၀၀၀ နှင့် ကျပ် ၁၀၀၀၀၀ ဖြင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ အဝေးမှငွေလွှဲ၍သော်လည်းကောင်း ဆင်စာအာဟာရ ဒါနပြုနိုင်ကြောင်း ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကိုထံမှ သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံဌာန(ခွဲ)တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်တို့ဦးဆောင်သည့် တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၊ Bagan Plastic Campaign အဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

**ဖေလိန်း(ပုဂံ)**

## ကိုဗစ်-၁၉ လူထုစကားဝိုင်း ကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း (တာချီလိတ်)နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(တာချီလိတ်)တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ "ကိုဗစ်ခရီးသည်" ခေါင်းစဉ်ဖြင့် လူထုစကားဝိုင်းကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

Zoom Meeting လူထုစကားဝိုင်းတွင် တာချီလိတ်မြို့နယ် စာရေးဆရာအသင်းနာယက ဦးစိုးစိုး(သုတစိုး-နေ့သစ်)က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းနာယက ဒေါက်တာမြင့်အောင်(မောင်မြန်မာ)၊ စာရေးဆရာ ဒေါက်တာကျော်စွာမြင့် (ကလေးအထူးကု)တို့က ကိုဗစ်-၁၉ နှင့်ပတ်သက်၍ သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြပြီး Zoom Meeting သို့ ပါဝင်တက်ရောက်ကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားပေးခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။

**ယာဆေး(ပြန်/ဆက်)**



# တီးတိန်မြို့နယ် အန်းလန်း-မဏိပူရ် မြစ်ကူးကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအဖြစ် အိန္ဒိယနိုင်ငံမှ ထောက်ပံ့ရန်ပုံငွေဖြင့် တည်ဆောက်သည့် ချင်းပြည်နယ် တီးတိန်မြို့နယ် အန်းလန်း-မဏိပူရ်မြစ်ကူးကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် အရှည်ပေ ၃၃၀၊ အကျယ် ၁၂ ပေ၊ ခံနိုင်ဝန် ၁၃ တန်ရှိပြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၄၂၈ ဒသမ ၁၄၂ သန်းဖြင့် တီပီစီတီကုမ္ပဏီက ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှစ၍ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါတံတား တည်ဆောက်ပေးခြင်းအားဖြင့် အန်းလန်းကျေးရွာမှ ပြည်သူများနှင့် ခရီးသွားများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**လျန်ပီး(သတင်းစဉ်)**

# မူဆယ်၌ ပိတ်မိနေသည့် ကျွဲ၊ နွားကုမ္ပဏီ ၇၀ ခန့် မူလနေရာသို့ ပြန်ရန်စီစဉ်

**မူဆယ် ဒီဇင်ဘာ ၁၄**

မူဆယ်၌ ပိတ်မိနေသည့် ကျွဲ၊ နွားကုမ္ပဏီများအနက် ကုမ္ပဏီ ၇၀ ခန့်မှာ ကျွဲနွားများ၏ အစာစရိတ်ကြီးမြင့်မှု အပါအဝင် လုပ်အားခကုန်ကျစရိတ်များ ကြီးမားသောကြောင့် မူလနေရာသို့ ပြန်ရန်စီစဉ်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွားတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

**တစ်ရက် လေးငါးခြောက်သိန်းကုန်**

"ကျွဲ၊ နွားအကောင် ၁၀၀ က နယ်စပ်မှာရောက်ရင် တစ်ရက်ကို အနည်းဆုံးငွေကျပ် လေးသိန်းကနေ ခြောက်သိန်းကြားလောက်ကုန်တယ်။ လေးသိန်းကနေ ခြောက်သိန်းကြားဆိုတာ အကုန်လုံးခြုံပြီးတော့ ဥပမာ ကျွဲ၊ နွားအကောင် ၁၀၀ ကို လူ ၁၀ ယောက်လောက်က ကျွေးရတယ်၊ အလုပ်သမားခ ပေးရတယ်၊ ကျွဲ၊ နွားစာ ဝယ်ရတယ်။ အဲတော့ တစ်ရက်တစ်ရက်က လေးငါးခြောက်သိန်းကုန်ရင် တစ်လကို ငွေကျပ် သိန်းရာကျော်သွားပြီ"ဟု ဦးစိုးနိုင်က ပြောသည်။

လက်ရှိ မူဆယ်တွင် ကုမ္ပဏီ ၁၅၀ ခန့်မှ ကျွဲ၊ နွားကောင်ရေ ၁၅၀၀၀ ခန့်အထိ ပိတ်မိနေပြီး ကျွဲ၊ နွားအကောင် ၁၀၀ အတွက် တစ်နေ့လျှင် မန္တလေးမှ ဝယ်ယူရသည့် အစာဖိုးအပြင် ၎င်းတို့အား အစာကျွေးမွေးရန် လူငှားစရိတ်မှာ အနည်းဆုံး လေးသိန်းမှ ခြောက်သိန်းကြား ကုန်ကျနေသဖြင့် မူလနေရာသို့ ပြန်လို၍ မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွားတင်ပို့ရောင်းချသူများအသင်းထံ တင်ပြထားကြောင်း ၎င်းက ဆက်ပြောသည်။

"လောလောဆယ် ကျွဲ၊ နွားကောင်ရေ ၁၅၀၀၀ လောက်တော့ရှိပါတယ်။ ဒါပေမယ့် တချို့ကုန်သည်တွေက ကျွန်တော့်ကို ပေးထားတဲ့ စာရင်းအရ ကုမ္ပဏီ ၇၀ ကျော်က ပြန်ချင်တယ် တင်ပြထားတယ်။ လာမယ့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှာကျတော့ တရားဝင် ဟိုဘက်ကနေ ဝယ်မယ်လို့ သတင်းကြားနေတော့ နည်းနည်း တိုင်ပင်နေကြတယ်။ ဒီဘက်ကို ပြန်လာတာနဲ့ လာတာလည်း အလုပ်တစ်ခု ရှုပ်ဦးမယ်။ ရောက်လက်စနဲ့ အပင်ပန်းခံပြီး စောင့်နိုင်မလားလို့ တိုင်ပင်နေတုန်း"ဟု ဦးစိုးနိုင်က ပြောသည်။

လက်ရှိ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ကျွဲ၊ နွားများကို ဝယ်ယူရာတွင် လျှာနာခွာနာအပါအဝင် ရောဂါအမျိုး ၂၀ ဝန်းကျင်အထိ စစ်ဆေးပြီးမှသာ တင်သွင်းခွင့်ပြုသောကြောင့် သက်ဆိုင်ရာ နှစ်ဖက်တာဝန်ရှိသူများ ညှိနှိုင်းနေကြခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ယခင်က တစ်နေ့လျှင် မူဆယ်မှ တရုတ်နိုင်ငံသို့ ကျွဲ၊ နွား အကောင်ရေ ၁၅၀၀ မှ ၂၀၀၀ ဝန်းကျင်အထိ အရောင်းအဝယ် ရှိနေသော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါ အပါအဝင် အခြားသောအချက်များကြောင့် တရုတ်နိုင်ငံမှ ကျွဲ၊ နွားဝယ်ယူမှု သုံးလခန့် ရပ်ဆိုင်းနေကြောင်း ၎င်းက ပြောသည်။

လက်ရှိ တရုတ်နိုင်ငံ၏ ကျွဲ၊ နွားဝယ်ယူမှုမှာလည်း နည်းနေပြီး မြန်မာနိုင်ငံမှ ရောင်းလိုအားများခြင်းကြောင့် ဈေးနှိမ်မည်ကို စိုးရိမ်ကြောင်း၊ ထို့ပြင် တခြားနိုင်ငံများဖြစ်သည့် လာအို၊ ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ဝယ်ယူမည့် ဈေးကွက်ရှိသော်လည်း တရုတ်နိုင်ငံက ပေးသည့် ဈေးကွက်ကို မမီသဖြင့် တရုတ်နိုင်ငံကိုသာ အားထားနေရကြောင်း ၎င်းက ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကျွဲ၊ နွားများ ပြည်ပသို့ တရားမဝင် တင်ပို့ခြင်းကို တရားဝင်လမ်းကြောင်းပေါ် ရောက်လာစေရန်နှင့် မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေပြီး တောင်သူများ စီးပွားရေးပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ကျွဲ၊ နွား အရှင်များကို ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှစကာ ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံမှ နှစ်စဉ် ပြည်ပသို့ ကျွဲ၊ နွား တင်ပို့မှုမှာ ကောင်ရေ ၅၀၀၀၀၀ ဝန်းကျင်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွားတင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

**ငြိမ်းငြိမ်း**

# သထုံမြို့နယ်၌ ရေရရှိရေးလုပ်ငန်းလျာထားနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**သထုံ ဒီဇင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေး နှစ်စဉ်ရေရရှိရေးလုပ်ငန်းများကို ဘတ်ဂျက်လျာထားဆောင်ရွက်လျက်ရှိရာ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့လိုင်းကျေးရွာအုပ်စု ကျုံမိုန်ကျေးရွာသို့ ကွင်းဆင်းကာ အချက်အလက်ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအချက်အလက်များ ကောက်ယူရာတွင် ကျေးရွာ၌ လက်ရှိရေသုံးစွဲမှုအခြေအနေ၊ နွေရာသီတွင် သောက်သုံးရေပြတ်လတ်နိုင်မှု ရှိ၊ မရှိ၊ ရေအရင်းအမြစ်ရရှိနိုင်မည့် နည်းလမ်း၊ စက်ရေတွင်း လျာထားပါက မြေနေရာရရှိနိုင်မှု အခြေအနေ၊ ကျေးရွာမှ ရေရရှိရေးလုပ်ငန်းကို ထိန်းသိမ်းနိုင်မှု ရှိ၊ မရှိတို့ကို မြေပြင်ကွင်းဆင်း၍ အချက်အလက်များ ကောက်ယူခဲ့ကြကြောင်း သိရသည်။

ထိုသို့ အချက်အလက်များကောက်ယူခြင်းသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ရေရရှိရေးလုပ်ငန်းများ ဘတ်ဂျက်လျာထားဆောင်ရွက်ပေးနိုင်ရေးအတွက် ကွင်းဆင်းကောက်ယူခြင်းဖြစ်ကြောင်း၊ ကျုံမိုန်ကျေးရွာအား ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပေးပါက ကျေးရွာရှိ အိမ်ခြေ ၁၈၀၊ အိမ်ထောင်စု ၁၈၀ နှင့် လူဦးရေ ၉၄၀ ခန့်ကို သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ပြီး နွေရာသီ ရေရှားပါးပြတ်လတ်မှုမှ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

# ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းများ ဖွဲ့စည်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းများအား ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းနှစ်သင်းစလုံးကို လာမည့်နှစ်ဆန်းပိုင်းတွင် စခန်းဝင်လေ့ကျင့်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး အသင်းဖွဲ့စည်းနိုင်ရန်နှင့် နည်းပြများ တာဝန်ပေးရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လက်ရွေးစင်အမျိုးသားအသင်းကို နိုင်ငံခြားသားနည်းပြ၊ လက်ရွေးစင် အမျိုးသမီးအသင်းကို ပြည်တွင်းနည်းပြ ခန့်အပ်ရန် စီစဉ်ထားပြီး အမြန်ဆုံး ခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ယခင်က လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းအတွက် နိုင်ငံခြားသားနည်းပြအဖြစ် နယ်သာလန်နိုင်ငံသား ဗစ်တာဟာမန်စ်ကို ခန့်အပ်ရန် သဘောတူညီမှုရထားသော်လည်း ၎င်းအနေဖြင့် အစောဆုံးဧပြီလမှသာ မြန်မာနိုင်ငံသို့ လာရောက်နိုင်မည်ဖြစ်သောကြောင့် နှစ်ဆန်းပိုင်းတွင် လေ့ကျင့်လိုသည့် မြန်မာအမျိုးသား ဖူဆယ်အသင်းအနေဖြင့် နည်းပြသစ်တစ်ဦး ရှာဖွေနေခြင်းဖြစ်သည်။ လာမည့်နှစ်တွင် မြန်မာအမျိုးသား ဖူဆယ်အသင်းက အာဆီယံဖူဆယ်ပြိုင်ပွဲ နှင့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ အမျိုးသမီးဖူဆယ်အသင်းက ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရခြင်းမရှိသေးဘဲ ၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက်ပိုင်း တစ်နှစ်ကျော်ကြာမှ ပြန်လည်ဖွဲ့စည်းရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းမှာမူ ၂၀၁၇ မလေးရှား ဆီးဂိမ်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ပြီးကတည်းက အသင်းဖွဲ့စည်းခြင်းမရှိတော့ဘဲ ယခုမှ ပြန်လည်ဖွဲ့စည်းရခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**



# ပေါက်တောမြို့နယ် ခိုင်သဇင်ပညာရေးငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)က အသင်းသားများသို့ စုဆောင်းငွေပေါ်အတိုးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ပေါက်တော ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ခိုင်သဇင်ပညာရေးငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)က အသင်းသားများသို့ စုဆောင်းငွေပေါ်အတိုးနှင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အသင်းသားများ စားသုံးရန်အတွက် စားသုံးကုန်ပစ္စည်းများ ပေးအပ်သည့်အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားသော လမ်းညွှန်ချက်များနှင့်အညီ ပေါက်တောမြို့နယ်ပညာရေးမှူးရုံးဝင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အသင်းသား ၁၁၁၅ ဦးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ၎င်းတို့ စုဆောင်းထားသော စုဆောင်းငွေကျပ် ၂၇၉ ဒသမ ၈၂ သန်းအပေါ် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၂၃ ဒသမ ၆၉ သန်းကို ထုတ်ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာလအတွင်း အသင်းသား ၁၁၁၅ ဦးကို ဆီ (၅၀) ကျပ်သား၊ ဆား(၁)ထုပ်၊ ဆပ်ပြာ(၁)ဘူး၊ တန်ဖိုးငွေကျပ် ၃၀၀၀ ရှိသော စားကုန်နှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၃ ဒသမ ၃၅ သန်းကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ပြည်ပနိုင်ငံများမှ**

ထို့ပြင် အာရပ်စော်ဘွားများပြည်ထောင်စုတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ရီယာဒ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် မြန်မာနိုင်ငံသား သင်္ဘောသားအများစုနှင့် ဆော်ဒီအာရေဗျမှ မြန်မာနိုင်ငံသား လေးဦး၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ ၆၃ ဦး၊ အီဂျစ်မှ ကိုးဦး၊ ဗြိတိန်မှ ၁၀ ဦး၊ တောင်အာဖရိကမှ ခြောက်ဦး၊ နယ်သာလန်မှ သုံးဦး၊ ဘရာဇီးမှ သုံးဦး၊ တန်ဇန်းနီးယားမှ လေးဦး၊ မော်လဒိုက်မှ ငါးဦး၊ အီသီယိုးပီးယားမှ လေးဦး၊ ပါကစ္စတန်မှ သုံးဦး၊ အီရန်မှ ကိုးဦး၊ ပြင်သစ်မှ နှစ်ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၅ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လေးနှစ်တာတက္ကသိုလ်မှာ ကြုံဆုံခဲ့ရ ဘဝအစ

သတိုးလွင်(ပထဝီဝင်)

စာရေးသူ(ဟိုက်စကူး)အထက်တန်းကျောင်းသားဘဝကတည်းက ရန်ကုန်တက္ကသိုလ်နှင့် ကျွမ်းဝင်ရင်းနှီးခဲ့ပါသည်။ အကြောင်းမှာ အဆိုတော် စိန်လွင်၊ ထူးအိမ်သင်၊ ခင်မောင်ထူး၊ ခင်ဝမ်း၊ ခင်မောင်တိုး၊ ကိုင်ဇာ၊ ခိုင်ထူး၊ ဖိုးချို၊ အောင်နိုင်၊ ရင်ဂို၊ နော်လီဇာ၊ မေဆွိ၊ မေခလာ၊ တင့်တင့်ထွန်း၊ မီမီဝင်းဖေ စသူတို့၏ ကျောင်းသီချင်းများက ရင်ထဲမှာ ငြိတွယ်နေခဲ့သောကြောင့်ပင်တည်း။ ၁၉၈၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ပြီး တိုက်ရိုက် မေဂျာစတင်လျှောက်ထားခွင့်ပြုသည့်နှစ် ဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)သို့ ပထမနှစ် ပထဝီဝင် အထူးပြု ဘာသာဖြင့် တက်ရောက်ခဲ့သည်။ အပတ်စဉ်တိုင်းလိုလို လှိုင်နယ်မြေ (RC2)၊ Main (ပင်မ)ထဲ တက္ကသိုလ်နယ်မြေသို့ အကြောင်းအမျိုးမျိုးရှာပြီး ရောက်ခဲ့သည်။

၁၉၈၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ နှစ်နှစ်တိုင် တတိယနှစ်၊ နောက်ဆုံးနှစ် အချိန်ပြည့် တက်ရောက်ခဲ့ရသည့် နေ့ရက်များသည် ရွှေရောင်နေ့ရက်များဟု ဆိုနိုင်ပေမည်။

စာရေးသူ ကျောင်းတက်ခဲ့သည့် ပထဝီဝင်စာသင်ခန်းများသည် အာရ်စီဘေးရှိ ပထဝီဝင်ဌာနရှိရာ ဝိဇ္ဇာဆောင်ဖြစ်သည်။ အာရ်စီသည် စာရေးသူတို့၏ ရင်ခုန်ပွင့်တစ်ခုဖြစ်ခဲ့ဖူးသည်။ အားကစားပွဲများ လျှင်းပသည့်အခါ ဘော်လီဘောပွဲ၊ ဘတ်စကက်ဘောပွဲဆိုလျှင် ရှမ်းအိုးစည်သံ၊ မောင်းသံ၊ ဗုံသံများဖြင့် အပြိုင်အဆိုင် အားပေးကြသည့်အခါ စာသင်ရတာ စိတ်မဖြောင့်တော့ပေ။ ပိုဆိုးသည်က အတန်းတင်စာမေးပွဲကြီး စစ်တော့မည့်အချိန် Farewell များ၊ ကျောင်းကြီးပြန်ဖွင့်ချိန် Freshers' welcome အချိန်များတွင် တီးဝိုင်းသံ၊ သီချင်းသံများသည် ဂီတပိုးခတ်ခံရှိသူတွေအဖို့ စာထဲတွင် စိတ်မဝင်စားတော့ဘဲ ကျောင်းလစ်ပြီး စတိတ်ရှိုးရှေ့သို့ ရောက်နှင့်နေခဲ့ပြီ။

အာရ်စီထဲတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ၊ စာရေးကိရိယာများကို ငေးခဲ့ဖူးသည်။ ထိုခေတ်အခါက မဆလခေတ်ဖြစ်သဖြင့် ယခုလို တန်ဖိုးကြီးလက်ဆောင်များလည်း သိပ်မရှိသေးပေ။ တက္ကသိုလ်တံဆိပ်ပါသက်ဆိုင်ရာ မေဂျာအလိုက် T Shirt များ၊ တက္ကသိုလ်ဘွဲ့နှင်းသဘင်၊ သစ်ပုပ်ပင်၊ ဂျပ်ဆင်၊ ကံ့ကော်ပွင့်ပါ ဆေးဆိုးပန်းရိုက်ပန်းချီပုံပါ T Shirt၊ ရင်ထိုးတံဆိပ်၊ မှတ်စုစာအုပ်လေးများသာ ခံ့မင်စွာ ဝယ်ယူစုဆောင်းခဲ့ရသည်။ ယခုလို မတ်ခွက်၊ စတစ်ကာ၊ ဓာတ်ပုံပါ ကြွေပန်းကန်များမရှိသေးပါ။ ဓာတ်ပုံဆရာများဆိုလျှင်လည်း ကိုရင်မောင်သည် ပင်တိုင်လက်စွဲ ဓာတ်ပုံဆရာတစ်ဦး၊ တစ်ခါတစ်ရံ အကြွေးလည်းရသည်။ မေ့နေရင်လည်း လိုက်မတောင်းတတ်ပေ။

အာရ်စီနောက်ကခုံတွေမှာ စုထိုင်ဖြစ်သည်။ "ဇော်ဝမ်းတိုး"ဆိုသည့် တစ်ကိုယ်တော် တင်ဆက်သူ (Solo Presenter) တစ်ဦး ရှိခဲ့ဖူးသည်။ နေ့စဉ်ဖြစ်ပျက်နေသည့် ထူးခြားဖြစ်စဉ်များ၊ သတင်းအတိုအထွာများကို ဟာသနှောပြီး ကျောင်းသား ကျောင်းသူများကို ဖော်ရွှေစွာ နှုတ်ဆက်ရင်း ထိုင်စကားပြောတတ်သည့် စိတ်ဝေဒနာရှင်တစ်ဦး၏ နေရာတစ်ခုဖြစ်ခဲ့သည်။ Speaker Corner တစ်ခုဟု ဆိုစမတ်ပြုရလေမလား၊ ထိုခေတ်ထိုအခါက Facebook Page တစ်ခုဟု ဆိုရပေမလား။



၁၉၈၆-၈၇ တောင်တက်အဖွဲ့ဝင်များ ပြန်လည်တွေ့ဆုံပွဲ မှတ်တမ်းတင်ဓာတ်ပုံအား တွေ့ရစဉ်။

### ဘက်စုံလှုပ်ရှားခွင့်ရသည့် ကံ့ကော်မြေ

စာရေးသူ တတိယနှစ်ရောက်တော့ ပထဝီဝင်မေဂျာဖြစ်သဖြင့် မိုင်နာ သိပ္ပံဘာသာတွဲယူခဲ့ရပါသည်။ B.A (Geography) ဝိဇ္ဇာဘာသာဆိုသော်လည်း ဘူမိဗေဒကိုလည်း သင်ရသည်။ ကျောင်းသားများအပေါ် ဖော်ရွေခင်မင်တတ်သည့် ဆရာ ကထိက ဒေါက်တာ တင်သိန်းက မန္တလေးဆောင်မှ အာရ်စီ နောက်က E-3 ဆောင်များအထိ စာလာသင်ပေးပါသည်။ ဆရာက Fossils Specialist ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း တကောင်းဒေသတွင် ပရိုင်းမိတ်များကို ဦးဆောင်ရှာဖွေခဲ့သူဖြစ်ပါသည်။ ယခုတော့ ပါမောက္ခမှ အငြိမ်းစားယူခဲ့ပြီး မရှိရှာတော့ပေ။

နောက်တစ်ဦးက ဆရာဌေး (ဒေါက်တာလှဌေး၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် - ငြိမ်း) ဖြစ်ပြီး ဘူမိဗေဒ Tutorial ဆရာဖြစ်ခဲ့ပါသည်။ သတ္တဗေဒ(Zoology) နှင့် ရုက္ခဗေဒ (Botany) မိုင်နာ ဘာသာတွဲကိုလည်း Science Hall Building သိပ္ပံဆောင်မှာ သွားတက်ပြီး Practical လုပ်ခဲ့ရကာ အတန်းပြီးတော့လည်း ပတ္တာရောင်လှည့်ရင်း သူငယ်ချင်းများနှင့် သိပ္ပံကင်န်တင်းမှာထိုင်ခဲ့တာ အမှတ်တရပင် ဖြစ်သည်။

ဝိဇ္ဇာကင်န်တင်းမှာတော့ နေ့တိုင်းထမင်းစားတန်းဖြုတ်ချိန်ဆိုလျှင် ကိုသန်းရွှေထမင်းဆိုင်တွင် စားဖြစ်သည်။ အိမ်ကထမင်းဘူးယူလာခဲ့သော်လည်း ထမင်းစားသည့်အခါ ကိုသန်းရွှေက စေတနာအပြည့်ဖြင့် ဟင်းချို၊ တို့စရာ၊ ငါးပိရည် ထည့်ပေးလေ့ရှိသည်။ ထမင်း/တစ်ခါပြင်ရာတွင် လေးကျပ်၊ ခေါက်ဆွဲကြော် ငါးကျပ်မျှသာ။ ထိုခေတ်က သံဘူး (သံပရာရည်၊ ဆီး၊ လိမ္မော်) ရောစပ်ထားသည့် ဖျော်ရည်မှာ တစ်ကျပ်၊ မဆလခေတ်ဆိုတော့ Cola အရသာနှင့် တူသော လက်လုပ်အချိုရည်ကို သံဘူးခေါ်ဟန်တူပါသည်။ ဆေးကုလားမ၊ ကျောက်ကျော၊ ဒဂုံဘိလပ်ရေ (စပါကလင်၊ ဆီး၊ ဘာလီ) သာရှိသည်။ နို့သစ်ခွသည်လည်း အီကိုကင်န်တင်းတွင်နာမည်ကြီးသည်။ ဦးချစ်ဆိုင် ငှက်ပျောပင်အုပ်အုပ်ဆိုင်းဆိုင်းတွင် လက်ဖက်ရည်တစ်ခွက်မှာပြီး ရေနွေးတစ်ကရားကုန်အောင် ဝိုင်းသောက်လည်း ဘာမှမပြောပါ။ တစ်ခါတစ်ရံ အင်းလျားလမ်းက ခေမရဋ္ဌဆိုင်ကိုနယ်ကျော်ပြီး ရှမ်းခေါက်ဆွဲသွားစားကြပါသည်။ ထိုအချိန်က ဒေသအစုံက တိုင်းရင်းသားပေါင်းစုံနှင့် အပေါင်းအသင်းဖြစ်ခဲ့ဖူးပါသည်။ ထိုအခါက ဥပဒေပညာ (Law) ယူသူတွေက ရန်ကုန်ကို လာတက်ရသောကြောင့် တချို့ ရန်ကုန်လာတက်ချင်သူများသည် အမှတ်ကောင်းသော်လည်း အခြားဘာသာမယူဘဲ ဥပဒေပညာယူပြီး ရာမညဆောင်တွင် လာတက်ကြသည်။ စာရေးသူတို့ ပထဝီဝင်ကျောင်းသားများတွင် မြိတ်၊ ထားဝယ်မှ တက်သူ၊ ရခိုင်၊ စစ်တွေ၊ မြောက်ဦး၊ သံတွဲ၊ တောင်ကုတ်မှ သူငယ်ချင်းများ၊ ရှမ်းပြည်နယ်၊ ချင်း၊ ကချင်မှ သူငယ်ချင်းများ စုံခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသားရိုးရာ အစားအသောက်များစားလျှင်၊ ရန်ပုံငွေပွဲများ Fund Fair တွေလုပ်ကြလျှင် အလွန်ပျော်စရာ ကောင်းလှသည်။ ပြည်နယ်နေ့ အထိမ်းအမှတ်ဆို အာရ်စီထဲတွင် ရခိုင်စည်တော်သံ၊ ကရင်ဖားစည်သံ၊ ရှမ်းအိုးစည်သံ၊ ချင်းဝါးညှပ်အက စသည့် ရိုးရာအကများနှင့် ရွှေရောင်နေ့များ ဖြစ်ခဲ့သည်။ ပထဝီဝင်အသင်း၊ စာပေ၊ ယဉ်ကျေးမှုကော်မတီတွင်ပါဝင်ရင်း နံရံကပ်စာစောင်များ၊ စကားရည်လုပွဲများ၊ စာပေဟောပြောပွဲများကို ဝိဇ္ဇာခန်းမ၊ အာရ်စီထဲတွင် လျှင်းပခဲ့သည်များ၊ ကာတွန်းများ၊ စာစောင်များသည်လည်း တက္ကသိုလ်ကျောင်းသားဘဝကို ထင်ဟပ်စေခဲ့သည်။

### လွမ်းဘွယ်အဆောင်တွေအကြောင်း

စာရေးသူသည် သန်လျင်မှ နေ့ကျောင်းသားဖြစ်၍ အဆောင်နေခွင့်မရပါ။ သို့သော် အဆောင်နေဘဝကို ခုံမင်သောကြောင့် ပထမနှစ်ကတည်းက လမ်းမတော်ဆေးကျောင်းအဆောင်တွင်ရှိသည့် သွား/ဆေးမှ သူငယ်ချင်းကျော်ဇေယျထံ တစ်ခါတစ်ရံ သွားအိပ်ခဲ့ပါသည်။ အဆောင်တွင် ကျွေးသည့်ဘဲဥနှင့် ထမင်းဘူးမှာပါသည့် အသားဟင်းလဲစားတတ်ပါသည်။ ၁၉၈၄ ခုနှစ်တွင် မိန်းထဲရောက်တော့ ခြေလျင်တောင်တက်အသင်းဝင်ဖြစ်ခဲ့သည်။ စနေ့နေ့ နံနက်တိုင်း လမ်းလျှောက်လေ့ကျင့်ခန်းအတွက် ရာမညဆောင်ရှေ့ နံနက် ၅ နာရီ အရောက်ဆိုတော့ အဆောင်က သူငယ်ချင်းများဆီ သွားအိပ်ခဲ့သည်။ တစ်ခါတစ်ရံ သမိုင်းဆောင်တွင်နေသော သူငယ်ချင်းများရှိသည့် ဖွဲကပင်ဆောင်၊ မေခဆောင်တွင် သွားအိပ်ဖြစ်ခဲ့သည်။ သန်းခေါင်ကျော်အထိ အဆောင်များမှာ ဂီတာတီး၊ သီချင်းဆို၊ သမိုင်းဝင်းထဲက လက်ဖက်ရည်ဆိုင်များတွင် ထမင်းကြော်စားပြီး မအိပ်တော့ဘဲ လမ်းလျှောက်ရန် စုရပ်ကို ဆက်သွားခဲ့သည့် ရက်တွေလည်း ရှိခဲ့ပါသည်။ ခြေလျင်တောင်တက်တွင် မြန်မာစာဌာနမှ ဆရာမျိုး (ခ) ဆရာဦးမျိုးသန့် အဆောင်မှူးအဖြစ်နေထိုင်သည့် အင်းဝဆောင်သည် ခြေလျင်တောင်တက်အဖွဲ့များ၏ စုရပ်ဖြစ်ခဲ့သည်။

ပထဝီဝင် ကထိက ဆရာဦးချို (နောင်ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်)သည် ပဲခူးဆောင်၏ အဆောင်မှူး ဖြစ်သည်။ ဆရာချိုထံ တစ်ခါတစ်ရံ အလည်သွားရင်း အမျိုးသားခေါင်ဆောင်ကြီး သခင်အောင်ဆန်းနေထိုင်ခဲ့သည့် အခန်း(၁၁၃)ကို သွားရောက်လေ့လာခဲ့သည်။

### ဘူမိနက်သန်(အာရ်စီ) နှင့် ခြေလျင်တောင်တက်အကြောင်း

ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက် လှုပ်ရှားမှုကို ပထဝီဝင်ပါမောက္ခ ဆရာမကြီး ဒေါက်တာ ဒေါ်သင်းကြည်က စတင်နိဒါန်းပျိုးခဲ့ပြီး မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့၏ ဖခင်ကြီးဟု တင်စားခေါ်လေ့ရှိသည့် ဗိုလ်မှူးကြီးလှအောင် ဦးဆောင်ခဲ့သည်။ စာရေးသူလည်း ၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက်နှင့် လေ့ကျင့်ရေးဆင်းခဲ့သည်။ ခြေလျင်တောင်တက်အဖွဲ့ကို ပါမောက္ခဆရာဦးဘသန်းဟက် ဦးဆောင်ပြီး ဆရာဌေး(ဘူမိဗေဒ)၊ ဆရာ ဦးညွန့်သိန်း (သင်္ချာ)၊ ဆရာဦးဝင်း (ရူပဗေဒ)၊ ဆရာဦးစိန်ထွန်း (သင်္ချာ)၊ ဆရာ ဒေါက်တာဦးမောင်မောင်ကြီး (သတ္တဗေဒ)၊ ဆရာဦးဆောင် (ဒဿနိကဗေဒ)၊ ဒေါ်စန်း (စိတ်ပညာ)၊ ဒေါ်ကြည်ကြည်လှိုင် (ဒဿနိကဗေဒ)တို့နှင့်အတူ ၁၉၈၆ ခုနှစ်မှာ ပုပ္ပါးတောင်ခရီးစဉ်မှအစပြု၍ တက္ကသိုလ်ပေါင်းစုံမှ ဆင်တောင်၊ မြင်းမထိတောင် တက်ခဲ့ပါသည်။ ဆရာမျိုး (မြန်မာစာ)က အဆိုပါရှမ်းပြည်ခရီးစဉ်ကို အစပြု၍ Hiking ပိုးစတင်ခဲ့ရာ အခုထိ တက္ကသိုလ်များ Hiking & Mounting ၏ ဗိသုကာတစ်ဦး ဖြစ်လာခဲ့ပါသည်။

စာရေးသူတို့ ရန်ကုန်တက္ကသိုလ်ခြေလျင်တောင်တက်အဖွဲ့ဝင် သူငယ်ချင်းများက ၁၉၈၆ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် အာရ်စီနောက်က အုတ်ခုံများတွင်စုပြီး တစ်စုံတစ်ခုတိုင်ပင်ခဲ့ကြပါသည်။ **"နောင် ၁၀ နှစ် (၂၃-၆-၁၉၉၆ ရက်နေ့ တနင်္ဂနွေနေ့)မှာ တို့သူငယ်ချင်းတွေ ဘယ်နေရာ ရောက်ရောက်၊ ဘယ်အခြေအနေရှိရှိ ဒီနေရာမှာပြန်ဆုံကြမယ်"** ဆိုပြီး စာရွက်တစ်ရွက်ပေါ်တွင် လက်မှတ်ထိုးခဲ့ကြပါသည်။ မူလကတော့ ရည်ရွယ်ချက်ကြီးကြီးမားမားမရှိဘဲ memo တစ်ခုအနေဖြင့် ကျောင်းပြီးလို့ မခွဲခွာခင်တွင် အမှတ်တရလက်မှတ်ထိုးခဲ့ခြင်းတစ်ခုသာ ဖြစ်ပါသည်။

၁၉၈၆ ခုနှစ်ကုန်ပြီး တပ်ထဲရောက်သူရောက်၊ အစိုးရအလုပ်ဝင်သူဝင်၊ ပြည်ပသို့ ထွက်ခွာသွားသူသွား၊ သင်္ဘောလိုက်သူလိုက်၊ အိမ်ထောင်ကျသူကျ၊ စီးပွားရေး လုပ်သူလုပ်ဖြင့် အဆက်အသွယ်ရှိသူသာ ရှိခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ကျောင်းနေဖက် ခြေလျင်တောင်တက်မှ သူငယ်ချင်းများ (၁၀)နှစ် အကြာတွင် ပြန်ဆုံမည့်နေ့ရက်နီးစပ်လာခဲ့လေပြီ။ ဆရာမျိုး ဦးဆောင်သော ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက်အဖွဲ့များက ရေခဲတောင်အထိ တက်ရောက်နိုင်ခဲ့သည်။

**စာမျက်နှာ ၂၂ သို့ ❍**

**သမိုင်းအစဉ်အလာကြီးမားသည့် ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီး၏ ရွှေရောင်နေ့ရက်ကာလတွင် လေးနှစ်တာ အချိန်ပြည့်ကျောင်းတက်ခွင့်ရခဲ့သည်ကို ဂုဏ်ယူမိသည်။ ၂၀၁၂ ခုနှစ်တွင် အမေရိကန်သမ္မတအိုဘားမား မြန်မာနိုင်ငံသို့ရောက်စဉ် ပထမဆုံး မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည့်နေရာမှာ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနေရာပင်ဖြစ်သည်။ စာရေးသူလည်း ၁၉၈၆ ခုနှစ်ကျောင်းပြီးနောက် လုပ်ငန်းခွင်ဝင်ပြီး ခရီးသွားလုပ်ငန်းလုပ်ကိုင်ဖြစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်က မိမိကုမ္ပဏီအစီအစဉ်ဖြင့် အပျော်စီးသင်္ဘောလာရောက်ရာတွင် သမ္မတအိုဘားမား မိန့်ခွန်းပြောခဲ့သည့် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနေရာဖြစ်သော ဘူမိနက်သန်နေရာကျောင်းတော်ကြီးသို့ ကမ္ဘာလှည့်ခရီးသည်များ တကူးတက သွားရောက်လေ့လာရန်ခရီးစဉ် စီစဉ်ခဲ့သည်မှာ အမှတ်တရပင်။**

❍ စာမျက်နှာ ၂၀ မှ

ထို့အပြင် ခေတ်အဆက်ဆက် မည်သူတစ်ဦးတစ်ယောက်မျှ ခြေမချနိုင်ခဲ့သော အရှေ့တောင်အာရှတွင် အမြင့်ဆုံး တောင်ထိပ်ဖြစ်သည့် ခါကာဘိုရာဇီတောင်ထိပ်သို့ ဂျပန်နိုင်ငံသား အိုဇာကီနှင့် ဒေသခံတိုင်းရင်းသား နမားဂျွန်ဆင်(ခ) အန်းဆေးတို့ အောင်ပွဲခံတက်ရောက်နိုင်ခဲ့ရေးအတွက် ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက် မျိုးဆက်ဟောင်းများဖြစ်သည့် ကိုသက်ထွန်း၊ ကိုစိုးမိုးတို့သည် ပြင်သစ်နိုင်ငံ အဲလ်ပ် (Alps) တောင်တန်းတွင် လေ့ကျင့်ပြီး ဒေါက်တာစောလွင်၊ (ဆရာ ဒေါက်တာ မောင်မောင်ကြီး)၊ ဆရာဌေးနှင့် ကိုကျော်အေး (ကိုခင်မောင်သိန်း)တို့က Base Camp အထိ အကြိမ်ကြိမ် ပံ့ပိုးအထောက်အကူပြုခဲ့သူများ ဖြစ်သည်။ ထိုသို့အစဉ်အလာရှိခဲ့သော ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက် အသင်းမှသည် တက္ကသိုလ်ပေါင်းစုံ ခြေလျင်တောင်တက် အသင်းများဖြင့် ကချင်ပြည်နယ် ရေခဲတောင်များထိ တက်ရောက်နိုင်ခဲ့သည့် အစဉ်အလာကောင်းများကြောင့် ခြေလျင်တောင်တက်အဖွဲ့ချုပ်ကြီးအဖြစ် ပိုမိုအားကောင်းလာခဲ့သည်။ ၁၉၉၆ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် အာရ်စီနောက်တွင် ပြန်ဆုံမည့် အစီအစဉ်မှာ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်ကိုယ်တိုင် ချီးမြှင့်ခဲ့ပြီး ဝိဇ္ဇာခန်းမတွင် လျှင်းပနိုင်ခဲ့သည်။ ဇွန်လ ၂၃ ရက်နေ့ကို Hiking and Mountaineering Reunion Day ဟု အချင်းချင်းသတ်မှတ်၍ နှစ်စဉ် ဇွန်လတွင် အစဉ်အလာမပျက် တွေ့ဆုံပွဲပြုလုပ်ပြီး ရန်ပုံငွေပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခဲ့သည်မှာ ယခုတိုင် ဖြစ်သည်။ ဆိုလိုချင်သည်မှာ အစဉ်အလာကြီးခဲ့သော ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက်အဖွဲ့ ဘူမိနက်သန်ဖြစ်သည့် အာရ်စီ နေရာလေးကို အမှတ်တရဖြစ်စေချင်သည်ပင် ဖြစ်သည်။

### ဂုဏ်ယူမဆုံး တစ်ချိန်တုန်းကကျောင်းတော်ကြီးမှ ဆရာကြီးများ

မောင်မျိုးထွဋ်(ရုက္ခဗေဒ) ရေးသားသော **“ကိုရီးယားတို့ အခွန်စနစ်အပြောင်း တစေ့တစောင်း”** စာအုပ်ထဲတွင် **“ ပညာသည်သာ အဓိကဆိုတာကို လက်သင့်ခံလို့ ပညာရပ်နယ်ပယ်အသီးသီးမှာ ကြိုးစားခဲ့ကြတဲ့ စိတ်ဓာတ်ဖြစ်ပါတယ်။ ပါမောက္ခကင်မ်ရဲ့ တစ်ဆင့်စကားအရ မြန်မာကို ဘားမားအဖြစ် သူတို့ရင်းရင်းနှီးနှီးသိထားတာ အချက်(၃)ချက်ကြောင့်ပါတဲ့။ တစ်ချက်က Soccer ဘောလုံး၊ မြန်မာ့ဘောလုံးရွှေခေတ်မှာ သူတို့က အငတ်ဘေးထဲကနေ မနည်းရုန်းထနေရတဲ့ အချိန်၊ အာရှအဆင့်ကို တက်နိုင်ခဲ့တဲ့ ဘောလုံးအသင်းမို့ပါတဲ့။ နောက်တစ်ချက်က တောင်နဲ့မြောက် စစ်ပွဲကာလ တောင်ကိုရီးယားကို ရိက္ခာထောက်ပံ့လှူဒါန်းဖူးလို့ဖြစ်ပြီး နောက်ဆုံးတစ်ချက်က ရန်ကုန်တက္ကသိုလ်ကြီးဖြစ်ပါသတဲ့။ သူငယ်စဉ်ဘဝမှာ သူ့မိဘတွေက ပညာကို ကြိုးစားသင်၊ တက္ကသိုလ်အဆင့်ကို ရန်ကုန်တက္ကသိုလ်မှာ ထားပေးမယ်လို့တောင် အားပေးစကားအဆိုခံခဲ့ရတဲ့ တက္ကသိုလ်”** ဟူ၍ စာအုပ်ထဲတွင် ဖတ်ခဲ့ရသည့်အဖြစ်အပျက်မှာ အမှန်ပင်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအမှတ်တရစကားများ၊ ဆောင်းပါးများ၊ စာအုပ်များအကြောင်း နေ့စဉ်သတင်းစာများတွင် နေ့တိုင်းဦးစားပေး ဖတ်ရှုလျက်ရှိပါသည်။ ရှေ့မီ၊ နောက်မီ ဆရာကြီးများရေးခဲ့သည့် အကြောင်းအရာများတွင် ၁၉၄၀–၅၀ ပြည့်လွန်နှစ်များက ရန်ကုန်တက္ကသိုလ်ကြီးသည် အာရှတွင် ထိပ်တန်းစာရင်းဝင် တက္ကသိုလ်ကြီးတစ်ခုဖြစ်ခဲ့ကြောင်း သိရပါသည်။ စာရေးသူ၏ဖခင် ဦးမောင်မောင်တိုးသည်လည်း ရန်ကုန်တက္ကသိုလ်တွင် ၁၉၄၉ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ တက်ရောက်ခဲ့ပြီး (Wallington Hall) ယခု ရွှေဘိုဆောင်တွင် နေခဲ့ဖူးသည်။

၁၉၅၃ ခုနှစ်တွင် ဓာတုဗေဒ အထူးပြုသိပ္ပံဘွဲ့ယူခဲ့စဉ်က စစ်ဒဏ်ကြောင့် ဘွဲ့နှင်းသဘင်ခန်းမကြီး ပြင်ဆင်နေဆဲဖြစ်သဖြင့် အောင်ဆန်းကွင်းတွင် ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ဘွဲ့ချီးမြှင့်ခဲ့ကြောင်း ဖခင်ဖြစ်သူ ပြောပြ၍ သိခဲ့ရသည်။ ဒေါက်တာမန်းသက်စံ၊ ဒေါက်တာကိုကိုကြီး(ဓာတုဗေဒ)၊ ပါမောက္ခဒေါ်ခင်မမ (သင်္ချာ) တို့နှင့် သရုပ်ပြဆရာ အတူလုပ်ခဲ့သူတစ်ဦးဖြစ်ပြီး ၁၉၅၄ ခုနှစ်တွင် State Scholar ဖြင့် ဩစတြေးလျနိုင်ငံသို့ ဘွဲ့လွန်ပညာသင်ဆုရခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းဆင်းဖြစ်သဖြင့် ပြည်ပနိုင်ငံများတွင် အထင်ကြီးလေးစားခံခဲ့ရကြောင်း ဖခင်ကြီးပြောပြ၍ သိရှိခဲ့ရသည်။ ၁၉၈၈ ခုနှစ်အထိတိုင် ရန်ကုန်တက္ကသိုလ်ကြီးသည် ပြည်နယ်စုံမှ လာရောက်ပညာဆည်းပူးသူများ၊ ဒေသတွင်းပြည်ပနိုင်ငံအချို့မှ ဘွဲ့လွန်ပညာ လာရောက်သင်ကြားသူများ ရှိခဲ့သည်။

စာရေးသူတို့ခေတ်က ဖခင်အငြိမ်းစားဝန်ထမ်းဖြစ်ချိန် ကျောင်းလခကင်းလွတ်ခွင့်နှင့် လျှောက်ထားခွင့်ပြုရုံမကဘဲ စတိုင်ပင်ပညာထောက်ပံ့ကြေး ရခဲ့ဖူးသည်။ ဘွဲ့ရပြီး ငါးနှစ် လုပ်သက်မပြည့်သဖြင့် ပြည်ပသို့ အလုပ်သွားလုပ်ခွင့်နှင့် နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လေးနှစ်တာ ထောက်ပံ့ငွေ ပညာသင်စရိတ် သောင်းဂဏန်းမျှသာ ပြန်ပေးလျော်ခဲ့ရသည်။ ပထဝီဝင်မှ ဆရာမကြီး ပါမောက္ခဒေါက်တာမိမိကြည်၊ ဒေါ်စိန်စိန်၊ ဒေါ်ခင်ဆွေဝင်းတို့က လိပ်ခုံးရှိအဆည်ရုံးတွင် ဘွဲ့အာမခံလိုက်ပေးခဲ့သည်မှာ အမှတ်တရတစ်ခုပင် ဖြစ်ခဲ့သည်။

၁၉၉၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပထဝီဝင်အသင်း စိန်ရတုသဘင်ပွဲလျှင်းပခဲ့ရာ ဝိဇ္ဇာခန်းမတွင် အမိတက္ကသိုလ်ကြီးအတွက် ပထဝီဝင် ခရီးသွားလုပ်ငန်း စာတမ်းတစ်စောင် ဖတ်ခဲ့ရာမှ နှစ်အတော်အတန်ကြာ ခွဲခွာခဲ့သော ကျောင်းတော်ကြီးနှင့် ပြန်ဆက်မိခဲ့သည်။ ဆရာရင်းဖြစ်သော ပထဝီဝင် ပါမောက္ခ ဆရာဦးမောင်မောင်အေးသည်လည်း အမိတက္ကသိုလ်၏ ဂုဏ်ထူးဆောင် ညွှဲ့ပါမောက္ခနှင့် Foreign Research Fellow အဖြစ် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် (Department of Natural Environmental Studies)တွင် သွားရောက်တာဝန်ထမ်းဆောင်ပြီးနောက် ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် တာဝန်ခံပါမောက္ခချုပ်အထိ အမှုထမ်းရင်း သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားပညာရေးမူဝါဒကော်မရှင် (National Education Policy Commission–NEPC) တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် နိုင်ငံတော်မှပေးအပ်သော တာဝန်ကို ဆက်လက်ထမ်းရွက်ရင်း မြန်မာနိုင်ငံရှိ ရှေ့ပြေးတက္ကသိုလ် ၁၆ ကျောင်းအတွက် University Autonomy အကောင်အထည်ဖော်နိုင်ရေးလုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



အစဉ်အလာကောင်းသော ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းအား တွေ့ရစဉ်။

World University Ranking တွင် ရန်ကုန်တက္ကသိုလ်အပါအဝင် မြန်မာနိုင်ငံတက္ကသိုလ်များကို ပညာအရည်အသွေးအဆင့် (Ranking) တဖြည်းဖြည်း မြင့်တက်လာစေရန် ပြုပြင်ပြောင်းလဲမှုများ၊ ပြင်ပတက္ကသိုလ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းမှုများပြုလုပ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရ၍ ရန်ကုန်တက္ကသိုလ် ပထဝီဝင်ပညာအထူးပြုဘွဲ့ရကျောင်းသားဟောင်းတစ်ဦးအနေဖြင့် လွန်စွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

### နာမည်ကြီးတက္ကသိုလ် ဘောလုံးအသင်း

ယခုတိုင်စာရေးသူ၏ ဆရာတစ်ဦးဖြစ်ပြီး တက္ကသိုလ်ဘောလုံးသမားဟောင်းဖြစ်သူ ဆရာဦးဦးခင် (ဓာတုဗေဒ) ထံမှ “၂၀၁၅ ခုနှစ်” က တရားဝင်ဖွဲ့စည်းခဲ့သော တက္ကသိုလ်ဘောလုံးသမားဟောင်းများ အသင်း (အခြားအားကစားများလည်းပါဝင်) University Old Blues (UOB)တွင် နောင်တော်ဘောလုံးသမားဟောင်း ဦးဆောင်နာယကများ၊ ညီနောင်ဘောလုံးသမားဟောင်းများနှင့်အတူ မျိုးဆက်သစ် တက္ကသိုလ်ဘောလုံးသမားများ မြန်မာ့လက်ရွေးစင်အဆင့်အထိ တက်လှမ်းနိုင်ရန် UOB အသင်းကြီးက တတ်နိုင်သည့်ဘက်မှ ပံ့ပိုးဆောင်ရွက်နေကြောင်းသိရှိရပါသည်။ စာရေးသူအနေဖြင့် အားကစားတွင် ထူးချွန်သူ မဟုတ်သော်လည်း ဝါသနာရှင်အဖြစ် ဘောလုံးပွဲများတွင် တစ်ခဲနက်အားပေးခဲ့နေသည်မှာ အမှတ်တရအနေဖြင့် ဆရာဦးဦးခင်ပြောပြလေ့ရှိသည့် University Old Blues အကြောင်း ဖောက်သည်ချလိုပါသည်။

University Old Blues ဟု အမည်တွင်ခဲ့သည့် ရန်ကုန်တက္ကသိုလ် ဘောလုံးလက်ရွေးစင်အသင်းကို ၁၉၆၂ ခုနှစ်တွင် ဆရာငြိမ်းက ဦးဆောင်ခဲ့ပြီး ဆရာဦးဘတုတ်၊ ဒေါက်တာ ဦးလှသွင်၊ ဒေါက်တာ မောင်ရှိန်၊ ဦးငြိမ်းတို့ ပါဝင်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်အားကစားလောကတွင် တစ်ချိန်က ပြေးခုန်ပစ်တက္ကသိုလ်လက်ရွေးစင်များမှ မြန်မာ့လက်ရွေးစင်အဆင့်သို့တက်လှမ်းနိုင်ခဲ့သည့် ရခိုင်တိုင်းရင်းသားများဖြစ်ကြသည့် “မရ”ညီအစ်ကိုများဖြစ်သည့် ကျော်မရ၊ ထွန်းမရ၊ ဝင်းမရ(ဝင်းမြ)အပြင် မောင်မောင်ကိုတို့နှင့် မရသူဇာ(မြသူဇာ)၊ ကချင်တိုင်းရင်းသူ ဂရေစီကားစသည့် အားကစားသမားများအပြင် ရန်ကုန်တက္ကသိုလ်ဘောလုံးသမိုင်းတွင် နည်းပြဆရာကြီး ဆရာငြိမ်း၏ သွန်သင်ပြသမှုအောက်မှ တက္ကသိုလ်လက်ရွေးစင်များသည် နိုင်ငံ့လက်ရွေးစင်ဖြစ်ခဲ့ကြသည်။

ကောလိပ်ဂျင်နေဝင်း၊ ထွန်းကြည်တို့ခေတ်မှ ငွေကိုင်၊ စိုးမြင့်၊ အောင်ခင်၊ တင်မောင်၊ စောဦး၊ ခင်မောင်ဇော်၊ ဂျွန်တင့်၊ ဘန်နီတင်အောင်၊ ခင်မောင်ဝင်း၊ သန်းတိုးအောင် တို့ခေတ်အထိ အောင်မြင်မှုရရှိခဲ့ပါသည်။ အစဉ်အလာကောင်းသော ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းအပါအဝင် အားကစားအရပ်ရပ်တို့ကို ထိုအချိန်က တက္ကသိုလ်ပါမောက္ခဆရာကြီးများဖြစ်သော ဦးဘတုတ် (၂–၁၂–၂၀၂၀ ရက်နေ့ အသက် ၁၀၀ တွင် ကွယ်လွန်)၊ ဒေါက်တာ လှသွင်၊ ဒေါက်တာလှရှိန်၊ ဝီလျံပေါ၊ နည်းပြဆရာကြီး ဦးငြိမ်းစသည့် တက္ကသိုလ်အားကစားကောင်စီဝင်များက ကြီးကြပ်၍ အောင်မြင်မှုအစဉ်အလာကောင်းများ ရရှိခဲ့ကြောင်း ဆရာပြောပြ၍ သိရှိခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသည့် ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီး၏ ရွှေရောင်နေ့ရက်ကာလတွင် လေးနှစ်တာ အချိန်ပြည့်ကျောင်းတက်ခွင့်ရခဲ့သည်ကို ဂုဏ်ယူမိသည်။ ၂၀၁၂ ခုနှစ်တွင် အမေရိကန်သမ္မတအိုဘားမား မြန်မာနိုင်ငံသို့ရောက်စဉ် ပထမဆုံး မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည့်နေရာမှာ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမနေရာပင် ဖြစ်သည်။ စာရေးသူလည်း ၁၉၈၆ ခုနှစ်ကျောင်းပြီးနောက် လုပ်ငန်းခွင်ဝင်ပြီး ခရီးသွားလုပ်ငန်းလုပ်ကိုင်ဖြစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်က မိမိကုမ္ပဏီအစီအစဉ်ဖြင့် အပျော်စီးသင်္ဘောလာရောက်ရာတွင် သမ္မတအိုဘားမား မိန့်ခွန်းပြောခဲ့သည့် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမနေရာဖြစ်သော ဘူမိနက်သန်နေရာ ကျောင်းတော်ကြီးသို့ ကမ္ဘာလှည့်ခရီးသည်များ တကူးတက သွားရောက်လေ့လာရန်ခရီးစဉ် စီစဉ်ခဲ့သည်မှာ အမှတ်တရပင်တည်း။

အင်းလျားရေပြင်တစ်လျှောက် လေ့လျော်ရွက်တိုက်နေသည့် ရန်ကုန်တက္ကသိုလ်ရွက်တိုက်အသင်းနှင့် စိမ်းလန်းနေသည့် တောအုပ်အတွင်းမှ ဘွဲ့နှင်းသဘင် အဆောင်၊ သိပ္ပံခန်းမ၊ ဝိဇ္ဇာခန်းမ၊ အာရ်စီ ၊ စာကြည့်တိုက်၊ ဂျပ်ဆင် စသည့်အထင်ကရနေရာများသည် ခေတ်အဆက်ဆက်သာ ပြောင်းခဲ့ပြီး ရာသီအလီလီနှောင်းခဲ့သော်လည်း Landmark များအဖြစ် ပနံသင့်လျက်ရှိသည်။ အမိတက္ကသိုလ်ကြီး၏ ရာပြည့်ပွဲတော်ကို အခြေအနေအရ ခြိမ့်ခြိမ့်သဲ မလျှင်းပနိုင်သေးသော်လည်း ဂုဏ်ပြုဆောင်းပါးများဖြင့် အမှတ်တရ ရေးသားတင်ပြရင်း ဝမ်းသာဂုဏ်ယူမိပါသည်။ ကျောင်းသီချင်းတစ်ပုဒ်ဖြစ်သော သျှိုင်းအောင်၏ ကံ့ကော်အိပ်မက်ရှည် သီချင်းလေးက အဓိပတိလမ်းမှာ လွင့်ပျံ့နေဆဲ။ ကိုင်ဇာ၏ “တက္ကသိုလ်မြေနေဝင်မှာကို စိုးတယ်” သီချင်းလေးကိုနားဆင်ရင်း နေဝင်ပြီးရင် ရောင်နီသစ် ပေါ်ထွန်းလာမည့် အမိတက္ကသိုလ်ကြီးရဲ့ နေ့သစ်ကို ရောက်ရှိလာမည်ဟု မျှော်လင့်မိပါကြောင်း။ ။



### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ ဦးသက်လွင်တိုးဖြစ်သည်။
- ဦးမောင်မောင်တိုးနှင့် ဒေါ်မေမေခင်တို့မှ ၁၉၆၆ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။
- ၁၉၈၂ ခုနှစ်တွင် အထက (၁) သန်လျင်မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။
- ရန်ကုန်တက္ကသိုလ်(ပင်မ)မှ ၁၉၈၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့(ပထဝီဝင်) ရရှိခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် Stamford ITC ၌ Diploma in Business Administration ဘွဲ့လွန်ပညာသင်ကြားခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် Executive MBA ဘွဲ့ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ရရှိခဲ့သည်။ Lincon University Collage တွင် Strategic Management ဘာသာရပ်နှင့် Ph.D Candidate အဖြစ်သင်ယူရင်း ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစာတမ်းများ ပြုစုလျက်ရှိသည်။
- ၁၉၉၃ ခုနှစ်တွင် Bon Voyages International Travel ကုမ္ပဏီကို အစုစပ်ထူထောင်၍ GM တာဝန်ဖြင့် မြန်မာခရီးသည် ၅၀၀ ကျော်ခန့်အား အာရှနိုင်ငံများ၊ အနောက်ဥရောပနိုင်ငံများသို့ ဝန်ဆောင်မှုပေးခဲ့သည်။
- ၁၉၉၆ ခုနှစ်မှစ၍ Myanmar Voyages International Tourism Co.,Ltd တွင် အုပ်ချုပ်မှုဒါရိုက်တာအနေဖြင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည်။
- အနောက်ကမ္ဘာသို့ ခရီးသွားခြင်း(၂၀၁၅ သုတစွယ်စုံနိုင်ငံတကာရေးရာစာပေဆု)၊ အရှေ့ကမ္ဘာသို့ ခရီးသွားခြင်း၊ ယနေ့ခေတ်စားခရီးသွားစီးပွား (၂၀၁၈ ထွန်းဖောင်ဒေးရှင်းစာပေဆု)၊ မင်းမှုထမ်းလေး မောင်ရွှေတိုး စသည့်ဖြင့် လုံးချင်းစာအုပ်လေး အုပ်ထုတ်ဝေခဲ့ပြီး လစဉ်ခရီးသွားဆိုင်ရာ ဂျာနယ်များတွင် ဆောင်းပါးများရေးသားလျက်ရှိပါသည်။

## နိုင်ငံတော်အတွက် ပထမနေရာမှ “(၈) ထပ်ကွမ်း” ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော UMFCCI နာယက၊ ကမ္ဘောဇဘဏ် တည်ထောင်သူ နာယက ဦးအောင်ကိုဝင်း အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

### UMFCCI ၏ နာယကနှင့် ကမ္ဘောဇဘဏ်တည်ထောင်သူ နာယက ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်းသည်

- မြန်မာနိုင်ငံသမိုင်းတွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို ပထမ နေရာမှ (၈)ထပ်ကွမ်း ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း။
- ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလအထိ လူမှုရေး၊ ဘာသာရေး၊ နေရာဒေသရေး၊ နိုင်ငံတော်နှင့် ပြည်သူအတွက် စုစုပေါင်း ကျပ်ငွေ (၁၈၀) ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း။
- ၂၀၂၀-ဖေဖော်ဝါရီလမှ ယနေ့ထိ မြန်မာပြည်သူပြည်သားများအတွက် အင်းဟောအစ်တာအဝါအဝင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များသို့ ကျပ်ငွေ စုစုပေါင်း (၁၈.၂) ဘီလီယံကျော် လှူဒါန်းထားခြင်း။
- အာဆီယံအဖွဲ့အစည်းကြီး၏ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်ပေါင်း(၅၀)အတွင်း တစ်နိုင်ငံလျှင် တစ်ဦးသာ ရွေးချယ်ချီးမြှင့်သော အာဆီယံအမြင့်ဆုံးဆု ဖြစ်သည့် နိုင်ငံအလိုက် “ခေတ်အဆက်ဆက် အအောင်မြင်ဆုံးနှင့် ပြည်သူ့အကျိုးပြုဆုံး ထူးချွန်ထက်မြက်သော စီးပွားရေးလုပ်ငန်းရှင်ဆု (The Legacy Award)” ဆုကို ချီးမြှင့်ခံရသူဖြစ်ခြင်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ ၏ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀) ဖြင့် ကမ္ဘောဇဘဏ် တည်ထောင်သူ နာယက၊ ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်းအား အရပ်ဘက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဆုံးနှင့် အမြင့်ဆုံး ပေးအပ်ချီးမြှင့်သည့် “ပြည်ထောင်စုစည်သူသင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့” ဖြစ်သည့် “သရေစည်သူဘွဲ့” ကို နိုင်ငံတော်အစိုးရက ဂုဏ်ပြုပေးအပ် ချီးမြှင့်ခံရခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အကျိုးပြု ပြည်သူ့အကျိုးပြု ကဏ္ဍအသီးသီး၌လည်း ဆက်လက်ထမ်းရွက်၍ ထမ်းဆောင်နိုင်ပါစေကြောင်း၊ ကမ္ဘောဇဘဏ်သည် မြန်မာပြည်သူပြည်သားများ အကျိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် အစဉ်အမြဲရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် / အလုပ်အမှုဆောင်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)


KBZMS
General Insurance
COVID-19 အန္တရာယ်ကြောင့် ခက်ခဲသွားမည့် သင့်ရဲ့ဝင်ငွေတွေကို
COVID
INCOME PLUS
နှင့် အကာအကွယ်ယူလိုက်ပါ
Limited time only
အာမခံထားရှိသူ ရောဂါရှိ အမှန်တကယ် ဆေးရုံတက်ရသူ
ဆေးကုသမှုခံယူရသည့်ရက်များအတွက်
အကျိုးခံစားခွင့် ရရှိနိုင်ပါသည်
ငွေကျပ် ၄၀၀၀ ဖြင့်
Facility quarantine အတွက် တစ်ရက်လျှင် – ၁၀,၀၀၀ ကျပ်
နေ့စဉ်ဆေးရုံစရိတ် အတွက် တစ်ရက်လျှင် – ၂၀,၀၀၀ ကျပ်
ICU တွင်အထူးကြပ်မတ်ကုသမှု ခံယူခြင်း အတွက် တစ်ရက်လျှင် – ၀၀,၀၀၀ ကျပ်
09 95 007 7000


PREMIER COFFEE
ဧရာဝတီလင်းပိုင်တို့ရှာနိ
ပရီမီယာနှင့်အတူ ဖူးပေါင်းကာကွယ်မည်
ဧရာဝတီလင်းပိုင်ပုံပါ ပရီမီယာအထုပ်သေးတစ်ထုပ် ဝယ်ယူအားပေးတိုင်း
လင်းပိုင်လေးများအတွက် ငွေတစ်ကျပ်နှုန်းဖြင့်
ကုသိုလ်လည်းရ ဝမ်းလည်းဝ ပရီမီယာရဲ့ လှူမှုအကျိုးပြုအစီအစဉ်တွင် ပါဝင်လှူဒါန်းနိုင်ပြီ
Premier Coffee

ကြော်ငြာ

**နိုင်ငံ သာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့**

ရဟန်း ဒါယိကာမကြီး

## ဒေါ်လှကြည် (နတ္တလင်း)

### အသက်(၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ္တလင်းမြို့နယ်၊ သခွတ်ကုန်းကျေးရွာနေ (ဦးမြချစ်–ဒေါ်သိန်းတင်)တို့၏ သမီး၊ မှော်ဘီမြို့၊ (၄)ရပ်ကွက်၊ (၃)လမ်းနေ ဦးသိန်းထူး (ဦးစီးမှူး–ငြိမ်း၊ သမဝါယမဦးစီးဌာန)–ဒေါ်တင်သန်းတို့၏ မိခင်၊ မောင်မျိုးအောင်ကျော် (စ–နှစ်၊ EP, T.U၊ မှော်ဘီ)၏ ဘွားဘွားကြီး အမှတ်(၆၀)၊ မာလာမြိုင် (၁)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်လှကြည်သည် ၁၁–၁၂–၂၀၂၀ (သောကြာနေ့) နံနက် ၃ နာရီတွင် မှော်ဘီမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မှော်ဘီသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇–၁၂–၂၀၂၀ (ကြာသပတေးနေ့) တွင် မှော်ဘီနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ရွှေ(ခ)ငယ်ကြီး

### အသက်(၄၅)နှစ်

**B.Sc (Chemistry)**

ဒဂုံဆိပ်ကမ်းမြို့နယ်နေ (ဦးအောင်ဘ)–ဒေါ်မိမိဇင်တို့၏ သမီးလတ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၄)လမ်းနေ ဦးမောင်မြင့်–ဒေါ်နီလာတို့၏ သမီးချွေးမ၊ ဦးအေးမြင့်၏ ချစ်လှစွာသောဇနီး၊ မောင်အောင်ဘုန်းမြတ်၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်ခိုင်ခိုင်ဆွေ၏ ညီမ၊ ဒေါ်ခိုင်ခိုင်ရွှေ၊ ဦးမင်းအောင်၊ ဦးစံရှား၊ ဦးမင်းသိန်း–ဒေါ်ခိုင်တင်တင်၊ ဒေါ်ဝေဝေမြင့်၊ ဦးမြင့်မောင်မောင်–ဒေါ်ထွေးလေး၊ ဦးပြည့်စုံမြင့်–ဒေါ်လမင်းမိုမိုတို့၏ အစ်မ၊ တူ/တူမ လေးယောက်တို့၏ အဒေါ်သည် ၁၁–၁၂–၂၀၂၀ (သောကြာနေ့) နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုတပ်ကြပ် ကြည်သာ

လေ–၂၉၃၀၇

### အသက်(၃၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရေတွင်းဖြူရပ်ကွက်နေ ဦးလှသောင်း–ဒေါ်ထွေးတို့၏ သား၊ နွားထိုးကြီးမြို့နယ်နေ (ဦးတင်ဆောင်–ဒေါ်လှထွေး)တို့၏ သားသမက်၊ နေပြည်တော်နေ ဦးဇော်လင်းထွန်း–ဒေါ်စန်းလှအေး၊ ဦးကျော်လွင်–ဒေါ်ခင်စန်းလတ်၊ ဦးသောင်းအံ့ဇော်–ဒေါ်သိန်းသိန်းဌေးတို့၏ ညီ/မောင်၊ မဆုဝေထက်၏ မွေးသဖခင်ကျေးဇူးရှင်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ စ/၂၀၊ အခန်း(၄)နေ ဒေါ်အမာဝေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃–၁၂–၂၀၂၀ (တနင်္ဂနွေနေ့) ည ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၁၂–၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉–၁၂–၂၀၂၀ (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန့်ဇင် (စိန်ရုံ–ပွဲရုံ)

### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၃)နေ (ဦးဘရုံ–ဒေါ်ကျင်သိုက်)တို့၏ သား၊ (ဦးကြည်)–ဒေါ်ကျင်မြတို့၏ တူ/သား၊ (ဦးဆွေတင်)၊ ဦးကျော်မြင့်–ဒေါ်လှလှမြင့်၊ ဦးမျိုးချစ်–ဒေါ်ဆွေဆွေမြင့်တို့၏ ချစ်လှစွာသော ညီ/မောင်၊ ဒေါ်မြင့်သီတာယု၊ ဦးအေးမင်းထွန်း–ဒေါ်နီလာယု၊ မကျော့ခိုင်ဇင်၊ မောင်မှူးခန့်မျိုး မောင်အောင်ဘုန်းသစ်တို့၏ ဦးလေး၊ မအေးမြတ်နိုးခင် ၏ အဘိုး ဦးသန့်ဇင်သည် ၁၃–၁၂–၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅–၁၂–၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမြလှိုင်

### အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ဥပဒေရေးရာ လေ့လာသုံးသပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးမြလှိုင်သည် ၁၁–၁၂–၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြလှိုင် ကောင်းရာသုဂတိရောက်ပါစေ။**

ဥပဒေရေးရာလေ့လာသုံးသပ်ရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဝါဆို)၊ မြေကွက်အမှတ်(၄၄၉)၊ ဝါဆိုရပ်ကွက်၊ မဏ္ဍိုင်လမ်း၊ အမှတ်(၂၉)၊ မြေအိမ်အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အထက်ပါမြေနှင့်အိမ်ကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်တုန်လင်း[၁၂/လမတ(နိုင်)၀၀၀၄၉၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော်(လိုင်စင်–၄၀၃၅)**
**LL.B.,DBL.,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်–၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09–5017044**

## ဝမ်းနည်းကြေကွဲခြင်း

ရွှေမန်းတရားရိပ်သာနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့
(နာယကကြီး)

### ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) DSA–14

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးစီး (၃)ပညာရေး

အသက်(၇၀)

ဒေါ်မူမူနိုင်၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)(DSA–14)၊(ဒုတိယညွှန်ကြားရေးမှူးချုပ်– ငြိမ်း၊ ဦးစီး–၃၊ ပညာရေး)သည် ၁၁–၁၂–၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရွှေမန်းဆရာတော်နှင့်
ရွှေမန်းတရားရိပ်သာ အကျိုးတော်ဆောင်အဖွဲ့

## မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးဝင်း(ဘူမိ 74)

ညွှန်ကြားရေးမှူး(ငြိမ်း)သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

အသက်(၆၉)နှစ်

သူငယ်ချင်းဒေါ်ရီရီဝင်း၏ခင်ပွန်း၊ သူငယ်ချင်း ဦးစိုးဝင်း အသက်(၆၉)နှစ်သည် ၁၃–၁၂–၂၀၂၀(တနင်္ဂနွေ)နေ့ နံနက်(၅:၀၀)နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၄ ခုနှစ်၊ ရန်ကုန်ဘူမိဗေဒဘွဲ့ရနှင့်သူငယ်ချင်းများ

## အထူးကျေးဇူးတင်ရှိခြင်း

### ဦးပြည့်စုံအေး(ဦးစီးအရာရှိ) အသက်(၃၃)နှစ်

၁–၁၂–၂၀၂၀(အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ပြောင်းသွားသော ဦးပြည့်စုံအေး(ဦးစီးအရာရှိ)အား မကျန်းမာစဉ်ကာလကလည်းကောင်း၊ နာရေးကိစ္စအဝဝအတွက်လည်းကောင်း၊ အဘက်ဘက်မှမေတ္တာ၊ စေတနာရှေ့ထား၍ ကူညီပေးခဲ့ကြသည့် နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ၊ ကြေး/မြေအရာရှိသင်တန်းအမှတ်စဉ်(၄)မှ သူငယ်ချင်း အပေါင်းအသင်းများ၊ ရန်ကုန်မြို့တော်မှတ်ပုံတင်ရုံးမှ ဌာနမှူးနှင့်ဝန်ထမ်းများ၊ မြောက်ပိုင်းခရိုင်လယ်စီ/ အင်း ရုံးမှဝန်ထမ်းများ၊ တရားလွှတ်တော်ရှေ့နေများ၊ ကမ်းလက်များလှမ်းကြစို့ ပရဟိတအဖွဲ့ရှေ့နေများ၊ ရန်ကုန်ဆန်လှူအသင်းကြီးမှ အမှုဆောင်၊ အကျိုးဆောင်၊ ဝန်ထမ်းများ၊ Thousand Win Group၊ ရပ်နီး၊ ရပ်ဝေးမှ မိတ်ဆွေ၊ ဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## SHARPNESS ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော ကော်ပတ်များအတွက် သက်ဆိုင်သူများနှင့် အများသိစေရန်

Hubei Yuli Abrasive Belt Group Co.,Ltd စက်ရုံမှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မြန်မာနိုင်ငံ တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၄/၉၈၅၀/၂၀၁၃)ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်သည်–

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၁၈၆/၁၈၈)၊ အခန်းအမှတ်(၇–B)တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်ထားသော Shwe Le Three Star Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးသိန်းအောင်သည် ကြံ့တံဆိပ် (SHARPNESS) ကော်ပတ်အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၄/၉၅၈၁/ ၂၀၁၃)ဖြင့် မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ကြံ့တံဆိပ်(SHARPNESS)ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် တရုတ်နိုင်ငံထုတ်ကော်ပတ်အနု၊ အရင့်၊ အကြမ်း၊ ဆိုဒ်နံပါတ်မျိုးစုံကို တရားဝင်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် မှာယူတင်သွင်းဖြန့်ချိရောင်းချလျက်ရှိရာ အထူးနာမည်ကောင်း သတင်းကောင်းဖြင့် အောင်မြင်ကျော်ကြားလျက်ရှိသည်။

ယခုအခါ ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသား ကော်ပတ်များကို အချို့သောမသမာသူများက တရားမဝင် မှာယူတင်သွင်းမှုများပြုလုပ်နေသည်ကို အတိအကျအထောက်အထားများဖြင့် သတင်းရရှိပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါကုန်အမှတ်တံဆိပ် အမှတ်အသားကို အခြားသူတစ်ဦးဦးမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ဈေးကွက်အတွင်း တရားမဝင်နည်းလမ်းဖြင့် တင်သွင်းဖြန့်ချိခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက Shwe Le Three Star Co.,Ltd.၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်တို့အတွက် တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုဆိုင်ရာ ဥပဒေအရလည်းကောင်း၊ တရားမဥပဒေအရ လည်းကောင်း တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တားမြစ်သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော်(လိုင်စင်–၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်–၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09–5017044**

# လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယကာကြီး၊ ဒါယိကာမကြီး**
**ချစ်သောဖေဖေ ဦးဝင်းသန်း(၁၆–၁၀–၁၀၀၁)မှ (၁၆–၁၀–၂၀၂၀)အထိ (၁၉)နှစ်ပြည့်**
**ချစ်သောမေမေ ဒေါ်ညွန့်ညွန့်(ခ)ဒေါ်ညွန့်ကြည်(၁၃–၉–၂၀၂၀)မှ(၁၃–၁၂–၂၀၂၀)အထိ (၃)လပြည့်**
**ချစ်သောမမကြီး ဒေါ်မိမိခိုင်(၁၅–၁၁–၂၀၂၀)မှ (၁၅–၁၂–၂၀၂၀)အထိ (၁)လပြည့်**
**(ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်)**

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်ကြသော ဖခင်ကြီး၊ မိခင်ကြီးနှင့် အစ်မဖြစ်သူတို့အတွက် နေ့စဉ်နှင့်အမျှ ကုသိုလ်ကောင်းမှုပြုလုပ်လျက် အမျှပေးဝေလျက်ရှိပါသည်။ နေ့၊ ရက်၊ လ၊ နှစ်၊ ရာသီတွေပြောင်းသော်လည်း တစ်နေ့၊ တစ်ရက်မှ မေ့မရနိုင်ပါ။ လပတ်လည်၊ နှစ်ပတ်လည် အလှူဒါနများ ပြုလုပ်ပေးလျက်ရှိပါသည်။

သား၊ သမီး၊ မြေးတို့အပေါ် မေတ္တာ၊ ကရုဏာ ကြီးမားလှစွာသော ဖေဖေ၊ မေမေ၊ မမကြီးတို့ မြင့်မြတ်သော ဘုံဘဝမှ အေးချမ်းစွာ နိဗ္ဗာန်ရောက်ကြောင်း တရားကိုကျင့်ကြံနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ကျေးဇူးရှင် ဖေဖေ၊ မေမေ၊ မမတို့အား ရည်စူး၍ သား၊ သမီး၊ မြေး တစ်စု အပေါင်းမှ ပြုဆဲ၊ ပြုပြီး၊ ပြုလတ္တံ့၊ ကုသိုလ်အပေါင်းတို့ကို သာဓုအနုမောဒနာ ခေါ်ဆိုပါ––––

အမျှ အမျှ အမျှ၊ သာဓု...သာဓု...သာဓု

| | | |
|---|---|---|
| သမီး | – | ဗိုလ်မှူးကြီးတင်မောင်လတ်(ငြိမ်း)– ဒေါ်စန္ဒာခိုင် |
| သား | – | ဦးစိုးကျော်သူ–ဒေါ်တင်ဥမ္မာလွင် |
| မြေး | – | မစိုးရတနာဝင်း(တတိယနှစ်ဆေးတက္ကသိုလ်–၁) |
| | | မောင်ဝင်းဘုန်းထွဋ်မောင်(တက္ကသိုလ်ဝင်တန်း) |
| | | မဖူးမြတ်နေခြည်ကျော်ဝင်း(Grade–11)(အထက–၂ ကမာရွတ်)၊ |
| | | မမိုးပွင့်ဟေသီကျော်ဝင်း(Grade–4)(အထက–၂ ကမာရွတ်)၊ |
| | | မမြတ်မှူးဟေသီကျော်ဝင်း(Grade–4)(အထက–၂ ကမာရွတ်)၊ |
| | | မောင်မင်းရဲဘုန်းဝင်းမောင်(Grade–4)(အထက–၂ ကမာရွတ်) |

ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မိသားစု

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးဟုန်ခင် (ပုသိမ်)

## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်လှလှစိန်၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်သင်း၊ ဦးမြင့်ဌေး–ဒေါ်သန္တာ၊ ဒေါ်သင်းသင်း၊ ဒေါ်သဇင်အောင်၊ ဒေါ်နှင်းခင်ဖြိုး၊ ဒေါ်နှင်းချိုဇင်တို့၏ ချစ်လှစွာသောဖခင်၊ မဖူးသစ်နဒီ၏ ဘိုးဘိုးသည် ၁၃–၁၂–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

### မွန်ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဟောင်း

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ “ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသမဟာထေရ်”

## သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၄)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ ဆီဆုံရပ် ဝိသုဒ္ဓါရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ မွန်ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဟောင်း၊ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၊ သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၊ ဓမ္မဇာလယဓမ္မာစရိယသင်တန်းကျောင်း၊ ကျိုက္ကဖွန်ရွှေကြက်ယက်စေတီတော်၊ မဟာမြတ်မုနိစေတီတော်၊ ဦးခန္တီမဟာမြတ်မုနိစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၄)နှစ် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသမဟာထေရ်မြတ်ကြီးသည် (၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်) ၁၃–၁၂–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၃:၄၅ နာရီတွင် ဘဝနတ်ထံ ဝင်စံတော်မူသည်ဖြစ်၍ (နတ်တော်လဆန်း ၁ ရက်) ၁၅–၁၂–၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ပျံတော်ဝင်ဈာပနကွင်း၌ သတ်မှတ်စည်းကမ်းနှင့်အညီ အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာပွဲ ကျင်းပမည်ဖြစ်ကြောင်း တပည့် ဒါယကာ/ဒါယိကာမများအား အသိပေးအပ်ပါသည်။ ဈာပနပွဲကျင်းပရေးကော်မတီ

---

### ဦးကျော်ဝင်း (မုံရွေး၊ ကြေးမုံ)

### သမဦးစီးမှူး(ငြိမ်း)ရန်ကုန်

### အသက်(၇၈)နှစ်

မုံရွာမြို့၊ အလယ်ရပ်၊ မပေါက်လမ်းနေ (ဦးချစ်ဆွေ–ဒေါ်ကျင်ယုံ)တို့၏ သား၊ ဒေါ်ဦး၏မောင်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၇)နေ (ဦးသစ်လွင်–ဒေါ်တင်ကြည်)တို့၏ သားသမက်၊ ဦးဝိမလဓမ္မ (မိုးဆုတောင်းဘုရား၊ ပင်လည်ဘူးမြို့)၏ အစ်ကို၊ ဒေါ်လှလှနု (အထက–၃၊ တာမွေ–ငြိမ်း)၏ ခင်ပွန်း၊ ဦးအောင်မြင့်–ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးဇော်မိုးဝင်း၊ (ဦးဇော်လွင်မောင်မောင်)၊ ဦးလဝန်းမောင်မောင်–ဒေါ်မေသက်အေးတို့၏ဖခင်၊ ဦးသန်းနိုင်–ဒေါ်သိင်္ဂီမြင့်တို့၏ ဦးလေး၊ မောင်ရှိန်မင်းသာ–မသဲသဲအောင်၊ မမေပုလဲခင်ခင်၊ မမေသက်ထားခင်၊ မနွေးနုနုနိုင်၊ မောင်လွင်ကိုနိုင်၊ မရွှန်းလဲ့ဝင်းတို့၏ အဘိုးသည် ၁၃–၁၂–၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၁၂–၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉–၁၂–၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးကျော်ညွန့်

### အသက်(၇၄)နှစ်

အမှတ်(111/B)၊ နန္ဒဝန်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးညီ–ဒေါ်ခင်အေး)တို့၏ သားကြီး၊ ဦးလှိုင်မင်းဦး–ဒေါ်စန္ဒာကျော်၊ ဦးဇော်ဌေး–ဒေါ်သန္တာကျော်၊ (မောင်မျိုးထွန်းကျော်)၊ ဦးဝဏ္ဏကျော်–ဒေါ်စိုးယုမော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၃–၁၂–၂၀၂၀ ရက် ညနေ ၄ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅–၁၂–၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉–၁၂–၂၀၂၀ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးစောလွင် (Harold Latt)

### အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးခင်လတ်–ဒေါ်ညွန့်ညွန့်)တို့၏ သား၊ (ဦးသန်းမောင်–ဒေါ်မြင့်မြင့်အေး)တို့၏ သားသမက်၊ (ဒေါ်မြမြသန်း)၊ (ဒေါ်မြမြသိန်း)၊ ဒေါ်သန်းသန်းနွဲ့တို့၏ မောင်၊ (7/A/1)၊ အေးသာယာလမ်းနေ ဒေါ်ချိုပြုံးသန်း၏ခင်ပွန်း၊ မရတနာလွင်၏ ဖခင်ဦးစောလွင်သည် ၁၄–၁၂–၂၀၂၀ ရက် နံနက် ၆:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀–၁၂–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ (7/A/1)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

### ဟာဂျီမ ဒေါ်ခင်ချိုချို

### အသက်(၇၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၅၉)၊ မင်းရဲကျော်စွာလမ်းနေ (ဟာဂျီဦးသိန်းလှ–ဟာဂျီမဒေါ်မြရီ)တို့၏ သမီးကြီး၊ ဟာဂျီဦးမြသိန်း၏ ညီမ၊ ဟာဂျီဦးမြစိန်–ဟာဂျီမဒေါ်ကြူကြူချို၊ ဒေါ်ခင်မူမူ–ဦးကျော်မြင့်၊ ဟာဂျီမဒေါ်နီနီသိန်း–ဟာဂျီဦးစိုးမြင့်၊ ဦးမြဟန်တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ် ဟာဂျီမဒေါ်ခင်ချိုချိုသည် ၁၂–၁၂–၂၀၂၀ (စနေနေ့) နံနက် ၇ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဖိုဟိုရ်နမာဇ်အပြီး ရေဝေးကဗရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်စိန်စိန်ရွှေ

### အသက်(၇၀)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ အောင်ရတနာလမ်း၊ အမှတ်(၃/၆၉၈)နေ အရာခံဗိုလ်မြင့်ဦး(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးစိုင်းသီဟ–ဒေါ်ဖြူဖြူခိုင်ကျော်၊ ဗိုလ်ချုပ်ထင်လတ်ဦး–ဒေါ်ဥမ္မာကျော်၊ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦး–ဒေါ်ထက်ထက်အောင်၊ ရဲအုပ်ကျော်သီဟ–ဒေါ်ထိပ်တင်ဝင်းတို့၏ မွေးသမိခင်၊ ဦးကောင်းစံလင်း(လ/ထ စုံစမ်းရေးမှူး)၊ မငြိမ်းဆုဦး၊ ဗိုလ်လောင်းခန့်စစ်ဦး၊ မောင်ဘုန်းမင်းခန့်၊ မဆုလာဘ်ဝတီတို့၏အဘွား ဒေါ်စိန်စိန်ရွှေသည် ၁၄–၁၂–၂၀၂၀ ရက် နံနက် ၁၀:၄၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂:၃၀ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးလှမြင့်ဦး

### အသက်(၅၈)နှစ်

### AGTI (MP)(ချောက်) (1986)

### (ပြင်ဦးလွင်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်း၊ ရပ်ကွက်ကြီး (၁၇)၊ ဘူတာလမ်း၊ ပန်းအိမြိုင်စတိုးနေ ဦးညွန့်လှိုင်–(ဒေါ်သန်းတင့်)တို့၏ သားကြီး၊ မမြင့်မြင့်ရီ(မမော်)၊ ကိုမျိုးသန့်–မသန်းသန်းဌေး၊ ကိုသိန်းထွဋ်တင်–မအေးအေးခိုင်၊ မဆွေဆွေဝင်း၊ ကိုအောင်သူရ–မဌေးဌေးလှိုင်၊ ကိုကျော်ဇင်လတ်–မမိုးမိုးဦးတို့၏ အစ်ကိုကြီး၊ ကချင်ပြည်နယ်၊ နမ္မားမြို့နေ ဒေါ်ချောစုဝေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇေယျာဦး၏မွေးသဖခင် ဦးလှမြင့်ဦးသည် ၁၄–၁၂–၂၀၂၀ ရက် နံနက် ၂:၃၂ နာရီတွင် မြစ်ကြီးနားဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် နမ္မားမြို့၊ ရှုဒူစွတ်ကျေးရွာသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ချုပ်ထင်လတ်ဦး–ဒေါ်ဥမ္မာကျော်တို့၏ မွေးသမိခင် ဒေါ်စိန်စိန်ရွှေ အသက်(၇၀)သည် ၁၄–၁၂–၂၀၂၀ ရက် နံနက် ၁၀:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အန္တိမ ကောင်းရာဘုံဘဝရောက်ပါစေ–

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅)မှ သူငယ်ချင်းများ**

---

### မသီတာဌေး

### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အမှတ်(၃၈)၊ ပထမထပ်နေ (ဦးဖိုးခွေး–ဒေါ်ချစ်စော)တို့၏ မြေး၊ ဦးဌေးအောင်၊ (ဒေါ်ရီရီလှ)တို့၏သမီး မသီတာဌေးသည် ၁၄–၁၂–၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၁၂–၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်တင်ထွေး (ထွေးထွေး)

### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း(အောက်)၊ အမှတ်(၄)၊ ခြောက်လွှာ(A)နေ (ဦးအောင်သန်း)–ဒေါ်ထွေးလှတို့၏သမီး၊ (ဦးအောင်ညွန့်–ဒေါ်တင်ရွှေ)တို့၏ သမီးချွေးမ၊ [ဗိုလ်ကြီးမင်းမင်းအောင်(ငြိမ်း)]၏ဇနီး၊ ဒေါ်ခင်မမအောင်၏ အစ်မ၊ မောင်ဟိန်းမင်းဆက်–မထက်အိန္ဒြာလင်း၊ မောင်ဖွဲ့အောင်သူတို့၏ မိခင်၊ မောင်မင်းဘုန်းပြည့်သျှန်၏အဘွား ဒေါ်တင်တင်ထွေးသည် ၁၄–၁၂–၂၀၂၀ (တနင်္လာနေ့) ညနေ ၄:၂၀နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆–၁၂–၂၀၂၀ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဘုရား၊သိမ်၊ကျောင်း၊လမ်း ဒါယကာကြီး

### ဦးတင်ဇော်မိုး(စစ်တွေ)

### AGTI(M.P)

### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာ၊ ပန်းခြံစုလမ်း၊ အကွက် (၅)နေ (ဦးတင်ဖေ)–ဒေါ်မွေးရီတို့၏ သားကြီး၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ဦးဥတ္တမပန်းခြံဝင်း၊ စည်ပင်ဝန်ထမ်းအိမ်ရာနေ (ဦးလှချမ်းအောင်)–ဒေါ်သိန်းကျော် (ကျောက်ဖြူ)တို့၏သားသမက်၊ ဒေါ်နှင်းနှင်းရီ (လက်ထောက်ညွှန်ကြားရေးမှူး–နည်းပညာ၊ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့)၏ချစ်လှစွာသောခင်ပွန်း၊ မသက်မှူးသော် (5th year Civil၊ WYTU)၊ မောင်မင်းသီဟကျော် (1st year, Civil, Insein, GTI)တို့၏ ဖခင်၊ မထိုက်ထိုက်၊ မထက်ထက်၊မစုငယ်တို့၏အစ်ကိုကြီး၊ ဒေါ်နွယ်နွယ်အောင်(AE, ဆည်မြောင်း)၊ ဒေါ်မိုးမိုးရီ(ကုန်သည်)တို့၏ခဲအို ဦးတင်ဇော်မိုးသည် ၁၃–၁၂–၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀နာရီ တွင် မြောက်ဦးဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၁၂–၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့၊ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဒေါ်ဥတ္တရထေရ်ရီ

### သိက္ခာတော်(၁၈)ဝါ၊ သက်တော်(၄၄)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အလယ်ကျေးရွာ အောင်ဇေယျာမင်း ပရဟိတကျောင်းတိုက်ကြီး၏ဦးစီးပဓာန မဟာနာယကဆရာတော်ကြီး ဘဒ္ဒန္တဇေယျာနန္ဒ၏(တူမ) ယောသိတာရုံသီလရှင်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော သီလရှင်ဆရာကြီး ဒေါ်ဥတ္တရထေရ်ရီသည် ၁၃–၁၂–၂၀၂၀ ရက် နံနက် ၂:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများနှင့် တပည့်ဒါယကာ/ဒါယိကာများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ဆရာတော်နှင့်တပည့်များ

အောင်ဇေယျာမင်း ပရဟိတကျောင်း

အလယ်ရွာ လှိုင်သာယာမြို့နယ်

---

### ဦးတိုးမောင် (ဒလ)

### ကုန်သွယ်ရေး (ငြိမ်း)

### အသက် (၈၁) နှစ်

ဒလမြို့နေ (ဦးအောင်ထွန်း–ဒေါ်အုန်းရင်)တို့၏ သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅၁၈)၊ မဟာဗန္ဓုလလမ်းနေ (ဒေါ်အေးမြင့်)၏ခင်ပွန်း၊ ဒလမြို့နေ (ဦးဖေသိန်း)–ဒေါ်တင်တင်ဝင်းတို့၏ညီ၊ (ဦးကျော်သိန်း)–ဒေါ်ကြည်မြတို့၏ အစ်ကို၊ ကိုအေးကျော်၊ ကိုဝင်းကျော်၊ မအေးအေးသန်းတို့၏ဖခင် ဦးတိုးမောင်သည် ၁၁–၁၂–၂၀၂၀ (သောကြာနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### သင့်

### သွေး ဖြင့်

### အသက်ကယ်ပါ

---

### မစိုးစံဇေ (ပိုးပိုး)

### (အထက–၂၊ ဗဟန်းကျောင်းသူဟောင်း)

### အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးအောင်ကို–ဒေါ်ခင်ဖြူ)တို့၏ မြေး၊ ဒေါ်သင်းသင်းအောင်(ခ)ဇူးဇူး၏ သမီးကြီး၊ ဒေါ်ခင်မမ–(ဦးရန်အောင်)၊ ဒေါ်အေးအေးအောင် (Perth, Australia)–[ဦးသိန်းဒန် (Dennis)]၊ ဒေါ်နွယ်နီအောင် (တရားလွှတ်တော်ရှေ့နေ)–ဦးအောင်ကျော်စိ (တိုင်းလ/ထ ဦးစီးမှူး၊ ထွေအုပ်–ငြိမ်း)၊ ဒေါ်နှင်းနှင်းအောင်–ဦးခင်သိန်းတင် (Uniteam Marine)၊ ဒေါ်နွယ်မျိုးအောင်–ဦးကြည်မောင်ထွန်း(Fair way Maritime Service)တို့၏ တူမ၊ မဖြူဖြူရှင်းသန့်(ခ)စူးမေ (Kings int'l School)၏ ချစ်လှစွာသော အစ်မကြီး၊ ကိုဇင်ဇော်ညို(ခ)ဇင်မိုး (ခေတ္တ–Australia)၏ ချစ်ဇနီး၊ မောင်အိန္ဒကျော်ခေါင်(ခ)ရွှေကိုး၏ မွေးသမိခင်ကျေးဇူးရှင် မစိုးစံဇေ(ခ)ပိုးပိုးသည် ၁၁–၁၂–၂၀၂၀ (သောကြာနေ့) နံနက် ၂ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၃–၁၂–၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### မစိုးစံဇေ (ပိုးပိုး)

### (အထက–၂၊ ဗဟန်းကျောင်းသူဟောင်း)

### အသက်(၃၁)နှစ်

ရန်ကုန်မြို့နေ ဦးဘိုဘိုဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)–ဒေါ်ခင်မိုးအေး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ ဒေါ်သီတာချို–ဦးမိုးထိုက် (Top Choice ဗလာစာအုပ်)၊ ဒေါက်တာမိုမိုဦး–ဦးထွန်းထွန်းလေး၊ ကိုကိုဦး–မထက်ထက်၊ ကိုမင်းမင်းဦး (Tokyo, Japan)–Mrs.Hyroko၊ ကိုရည်မွန်လမင်း(Leo Clothing Collection)၊ မချောစန္ဒီဝင့် (အိပ့်) (Perth, Australia)၊ ကိုဇာနည် (Perth, Australia)တို့၏ ညီမ၊ မရတနာထူး(ခ)ဖွေးဖွေး၊ ကိုကျော်ပြည့် (Freelance MC)–မခြူးသန္တာကို(Chuu Closet)၊ မအေးသဥ္ဇာထူး–မောင်လွင်ကိုကိုကျော်(ရွှေစံပယ်ဖြူစတိုး)၊ မပိုင်းမြတ်နိုးမောင် (Sale Analyst, Yoma Land)၊ မခင်ကံ့ကော်ထူးတို့၏ ချစ်လှစွာသောအစ်မ မစိုးစံဇေ(ခ)ပိုးပိုးသည် ၁၁–၁၂–၂၀၂၀ (သောကြာနေ့) နံနက် ၂ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၃–၁၂–၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမောင်နှမများ

# ဒီဇင်ဘာ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁၇၀ တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၃-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၁၉,၁၁၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၁၇၀) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၄-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၂၈၆) ခု | (၂၀၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၁၂) ခု | (၆၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၄၉) ခု | (၄၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၂) ခု | (၁၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၀၉) ခု | - |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၅) ခု | (၄၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀၅) ဦး | (၄၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၅၈) ခု | (၂၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၂၃၅) ခု | (၄၇၈) ဦး |
| စုစုပေါင်း | (၁၉,၁၁၅) ဦး | (၁,၁၇၀) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍



# မုဒုံမြို့နယ်၌ ရွှေ့ပြောင်းလုပ်သားများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး

**မုဒုံ ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသည့် ရွှေ့ပြောင်းလုပ်သားများအား ယနေ့နံနက် ၁၀ နာရီက တံခွန်တိုင်ကျေးရွာရှိ ဆန်ကြာဆံအလုပ်ရုံနှင့် မြို့မ(၂)ရပ်ကွက် ကော့ပရံ လမ်းဟောင်းအုတ်ဖိုနေရာတို့၌ Rapid Test Kit ဖြင့် နှာခေါင်းနှင့် အာခေါင်တို့ဖတ် နမူနာရယူ၍ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မုဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာမြင့်သိန်းဦးနှင့်ကျန်းမာရေးဝန်ထမ်းများက မုဒုံမြို့နယ် တံခွန်တိုင်ကျေးရွာ၌ အလုပ်သမား ၂၂ ဦးကိုလည်းကောင်း၊ မုဒုံမြို့နယ် မြို့မ(၂)ရပ်ကွက်၌ အလုပ်သမား ၆၇ ဦးတို့ကိုလည်းကောင်း တတိယအသုတ်အဖြစ် နှာခေါင်းနှင့်အာခေါင်တို့ဖတ် နမူနာရယူပြီး ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ကြသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ရွှေဘိုမြို့၌ ကိုဗစ်-၁၉ လူနာ ၁၆ ဦး ဆေးရုံဆင်းခွင့် ရရှိ

**ရွှေဘို ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ယာယီဆေးရုံတွင် ကုသမှုခံယူနေသည့် ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၃ ဦးနှင့် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံကြီး သီးသန့်လူနာကုသဆောင်တွင် ကုသမှုခံယူနေသည့် ကိုဗစ်-၁၉ အတည်ပြုလူနာ သုံးဦး စုစုပေါင်း ၁၆ ဦးကို ယနေ့နံနက်ပိုင်းက ဆေးရုံဆင်းခွင့်ပေးလိုက်ကြောင်း ရွှေဘိုမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျှာအောင်က ပြောသည်။

ဆေးရုံဆင်းခွင့်ရသူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ နေအိမ်တွင် ခုနစ်ရက် အသွားအလာကန့်သတ်နေထိုင်ရမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးက ပြောသည်။ ရွှေဘိုမြို့နယ်တွင် ယနေ့နံနက်ပိုင်းအထိ အတည်ပြုလူနာ ၁၃၉ ဦးရှိပြီး ဆေးရုံဆင်းခွင့်ရရှိသူ ၆၀ ရှိကြောင်း သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**




# ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ၁၆ သင်းအဆင့် ပွဲစဉ်များ မဲခွဲ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ် လာဇီယိုနဲ့ ထိပ်တိုက်တွေ့ဆုံ



ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်များကို ယနေ့တွင် မဲခွဲလိုက်ပြီဖြစ်ပါတယ်။ အဲဒီလို မဲခွဲပြီးချိန်မှာ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းဟာ အီတလီစီးရီးအေကလပ် လာဇီယိုအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး လာဇီယိုအသင်းဟာ နှစ်ပေါင်း ၂၀ အတွင်းမှာ ပထမဆုံးအကြိမ် ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။

ပရီမီယာလိဂ်လက်ရှိချန်ပီယံ လီဗာပူး အသင်းကတော့ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ဇစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး လိုက်ဇစ်အသင်းနဲ့ လီဗာပူးအသင်းတို့ဟာ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီက ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်မှာ ထိပ်တိုက်တွေ့ခဲ့တဲ့ အသင်းတွေလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ မိုချန်ဂလာဘတ်ချ် အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မိုချန်ဂလာဘတ်ချ်ဟာ ၁၉၇၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွေ့ဆုံမှုတွေကတော့ ဘာစီလိုနာနဲ့ ပီအက်စ်ဂျီ၊ အက်သလက်တီကိုမက်ဒရစ်နဲ့ချယ်လ်ဆီး၊ ပေါ်တိုနဲ့ ဂျူဗင်တပ်၊ အတ္တလန္တာနဲ့ ရီးယဲလ်မက်ဒရစ်၊ ဆီဗီလာနဲ့ ဒေါ့မွန်အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ လီဗာပူး၊ မန်စီးတီးနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရဲ့ ပထမအကျော့မှာ အဝေးကွင်းသို့ အသီးသီး သွားရောက်ကစားရမှာလည်း ဖြစ်ပါတယ်။

ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရဲ့ ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၆၊ ၁၇၊ ၂၃ နဲ့ ၂၄ ရက်တို့မှာ ကျင်းပသွားမှာဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်တွေကိုတော့ မတ် ၉၊ ၁၀၊ ၁၆ နဲ့ ၁၇ ရက်တို့မှာ ကျင်းပသွားမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**


**ကြေးမုံ ယနေ့ ဖတ်စရာ**

စင်ကာပူနိုင်ငံက နိုင်ငံသားများနှင့် နိုင်ငံအတွင်း ကာလရှည်နေထိုင်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ ထောက်ပံ့ပေးမည်

စာမျက်နှာ » ၁၃

ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ၌ လုပ်အားပေးဆောင်ရွက်ရန် စေတနာ့ဝန်ထမ်းဆရာဝန်များ လိုအပ်လျက်ရှိ

စာမျက်နှာ » ၁၅